www.burmeseclassic.com

# ကောင်စီနှင်း

။ပုတီးကုန်း။

## သူငယ်ချင်းမရဲ့ ငယ်စာရင်းကချစ်သူ

BURMESE CLASSIC .com



minn myint khaing

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၇၄၁/၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၇၈၆/၂၀၀၄ (၇)

အကြိမ် ❋ ပထမအကြိမ်

ထုတ်ဝေသူ ❋ ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊
အမှတ်၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ❋ ဦးဇော်မင်း (W!zard)
အမှတ် (၁၉၈)၊ ၃၃ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် ❋ ဦးတိုးဝင်း(၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ ❋ မင်းမြင့်ခိုင်

ထုတ်ဝေသည့်လ ❋ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ၊

အုပ်ရေ ❋ ၁၀၀၀

စာအုပ်ချုပ် ❋ ပပစိုးနှင့်အဖွဲ့

တန်ဖိုး ❋ ၅၀ ကျပ်

BURMESE CLASSIC .com

# သူငယ်ချင်းမရဲ့ ယော်စာရင်းကချစ်သူ

မောင်စိန်ဝင်း (ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော

ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ

အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

"ရွှေ့အပတ်ထဲမှာ ဖိတ်စာတွေ ရတော့မှာ သဇင်၊ သဇင်ပြောခဲ့သလိုပဲ ဖိတ်စာတွေကို မောင်တို့ နှစ်ယောက်အတူတူ လိုက်ဝေကြတာပေါ့နော်"

သူမန်ဘေးမှာ ရှိနေသူက လူကြီးတွေ သဘောတူထားသလို သူမကိုယ်တိုင်က ချစ်ခဲ့သည် . . . ဟုအထင်ရှိခဲ့သော ဇေယျာပင်ဖြစ်၏။

ဇေယျာ့စကားတွေကို ကြားနေရပေမယ့် ကိုကို့အကြောင်းကိုသာ တွေးနေမိသည်။ ရင်ဆိုင်နေရသောအခက်အခဲများကို ကိုကို နှင့်သူမတို့ ဘယ်ပုံဘယ်နည်း ဖြေရှင်းရမှန်းမသိနိုင်အောင်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာ့ကို သူမကိုယ်တိုင် သဘောကျတွဲခဲ့ပြီး၊ လူကြီး
တွေ သဘောတူသည်အထိပင် ဖြစ်ခဲ့သည်ပဲ။ အဲဒီအခြေအနေ
တွေကတည်းက သူမအနီးအပါးမှာ ကိုကိုရှိနေခဲ့သည်။

"အခုတလော သဇင် ဘာဖြစ်နေလဲ၊ သဇင် မြင့်ဝေဆိုတဲ့ မိန်းကလေးတစ်ယောက်ကို တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နဲ့ အမြဲပဲ မောင် မြင်ခဲ့တွေ့ခဲ့ရတာ၊ ဘာလဲ မောင့်ကို လက်ထပ်လိုက်ရတဲ့အတွက် သဇင့်ရဲ့လွတ်လပ်မှုတွေ ဆုံးရှုံးသွားမှာကို စိုးရိမ်နေတာလား၊ မောင်ပြောခဲ့ပြီးပါပြီ . . . ဘယ်တော့ဖြစ်ဖြစ် သဇင့်ကို မောင် အလိုလိုက်မယ်ဆိုတာလေ"

"မဟုတ်ဘူးမောင် . . . မောင်ထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူး"

ဇေယျာကို မောင် . . . ဟု သူမကိုယ်တိုင်က မြတ်မြတ်
နိုးနိုးဖြင့် ခေါ်ခဲ့ခြင်းတော့ မဟုတ်ပေ။ ဇေယျာက တမော
တည်း မောင်စေချင်၍သာ သူမ ခေါ်ဖြစ်ခဲ့ခြင်းပေပဲ။

"ဒါဆို သဇင်နေမကောင်းလို့များလား၊ သဇင် မြင့်ဝေရဲ့ ဟန်ပန်တွေကို ဘာတွေက ဖုံးကွယ်ထားလိုက်လဲ၊ သဇင် နေမကောင်းနေတာ သေချာပါပြီ"



သူမဘဝ သူမဝန်းကျင်မှာတော့ ဇေယျာနှင့် အတည်
...ကျ မတွဲခင်ကတည်းက ယောက်ျားလေးအဖော်တွေ အတော်
...လေး များပြားခဲ့၏။ ဒီအထဲမှာမှ သူမအချစ်ကို ဇေယျာ ရအောင်
...ယူနိုင်ခဲ့၏။

"ဟုတ်မယ်ထင်တယ် . . . သဇင့်စိတ်ထဲမှာရော ရင်ထဲမှာရော ဝေဒနာတစ်ခုခု စွဲကပ်နေပြီလား မသိဘူး"

"ဒါဆို ဘယ်ဖြစ်မလဲ၊ အထူးကုတစ်ယောက်ယောက်နဲ့ ပြမှဖြစ်မယ်၊ ဘာဖြစ်လဲဆိုတာကို သေသေချာချာသိရမှာပေါ့ သဇင်"

"အဲဒီလောက်ကြီးအထိ မလိုပါဘူး၊ ဒီရက်ပိုင်းတွေမှာ သဇင်တစ်ယောက်တည်း အေးအေးဆေးဆေး နေခွင့်ရချင်တာပဲ"

သူမဝေဒနာကို ကုစားပေးနိုင်သူမှာ ကံကြမ္မာနှင့် ကိုကို
သာပင် ဖြစ်၏။

အခုအခြေအနေမှာတော့ ကိုကိုတစ်ယောက်လည်း
တွေဝေမှုများစွာဖြင့် ဆောက်တည်ရာမရဖြစ်နေမှာ သေချာ
သည်ပဲလေ။

ဒါဆိုလည်း အပြင်ထွက်မလည်ဘဲ အိမ်ထဲမှာ နားနား
နေ နေ နေလိုက်လေ၊ သဇင့်ကြည့်ရတာ အိပ်ရေးပျက်ထားများပြီး

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနွမ်းနယ်နေသလိုပဲ၊ တက်ကြွမှုလည်း မရှိသလို ပျော်ရွှင်မှုတွေလည်း ပျောက်ဆုံးနေတယ်”

ဇေယျာပြောလိုက်တာ သိပ်ဟုတ်တာပေါ့။ သူမ၏ ပျော်ရွှင်မှုတွေ၊ တက်ကြွမှုတွေကို လူတစ်ယောက်အပေါ် ချစ်မိခြင်းက သိမ်းပိုက်သွားခဲ့သည်ပဲ။ အဲဒီလူကတော့ ဇေယျာ . . . မဖြစ်နိုင် ဆိုတာကို သူမ အသိဆုံးပါပဲ။

BURMESE CLASSIC .com

❖

သူမနှင့်ဇေယျာတို့ စကားပြောနေကြတာ အထာမကျချင်။ ဇေယျာက တက်ကြွနေသလောက် သူမအဖို့မှာတော့ စိတ်ပျက်ငြီးငွေ့စရာတွေ ဖြစ်နေရသည်။

“သမီးရေ . . . တစ်မင်္ဂလာကနေ နှစ်မင်္ဂလာ တော့ ဖြစ်ကြတော့မှာပဲ”

သူမနှင့်ဇေယျာတို့ရှေ့သို့ စာလေးတစ်စောင်ကိုင်ပြီး ဒယ်ဒီ ရောက်လာခဲ့သည်။ ဒယ်ဒီစကားတွေကြောင့်ပင် ရင်တို့ အခုန်မြန်စေခဲ့၏။

သူမ၏တက်ကြွမှုတို့သည် စိုးရိမ်မှုကြောင့်ပင် အလျင်အမြန် ပေါ်ပေါက်လာခဲ့လေသလား။

“ဘယ်လိုပြောတယ် ဒယ်ဒီ၊ တစ်မင်္ဂလာကနေ နှစ်မင်္ဂလာ ဖြစ်ကြတော့မယ် ဟုတ်လား”



“ဟုတ်တယ် သမီး၊ ဒီစာကို သမီး ဖတ်ကြည့်လိုက်ရင် အဖြေရှင်းသွားလိမ့်မယ်”

ဒယ်ဒီလှမ်းပေးသောစာကို ရှေ့မှာပင် အမြန်ယူဖတ်လိုက်မိသည်။ ကံကြမ္မာကရော၊ ကိုကိုကပါ သူမကို အရူးကြီးဖြစ် ဖြစ်စေခဲ့ပြီလားလေ။

ဒယ်ဒီ . . .

သားကိုခွင့်လွှတ်ဖို့ ပထမဆုံး တောင်းပန်ချင်ပါတယ်။

ညီမလေးရဲ့မင်္ဂလာကိစ္စနဲ့ အလုပ်ရှုပ်နေတဲ့ အချိန်ကျမှ လက်လွှတ်စပယ် လုပ်သွားတယ်လို့ ထင်မှာစိုးလို့ပါ။ ညီမလေးရဲ့ မင်္ဂလာကိစ္စကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေတဲ့ ဒယ်ဒီ့ကို အလုပ်မပိုစေချင်လို့ပါ။ သားချစ်သူနဲ့သားတို့ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြပြီး ပျားရည်ဆမ်းခရီး ထွက်သွားပါပြီ ဒယ်ဒီ။ ညီမလေးရဲ့ မင်္ဂလာဆောင်ကိုတော့ သားတက်ဖြစ်အောင် တက်မှာပါ။

ဒယ်ဒီ့ကို ပထမဆုံး စိတ်ညစ်အောင် ပြုခဲ့မိတဲ့-

ကိုကိုလေး

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်စေရဘူး"

"ဘာဖြစ်တာလဲ သဇင် . . . ကိုကိုက တကယ်လက်ထပ်သွားပြီ၊ နောက်ကားကျော်တက်တာမခံနိုင်လို့ လုပ်သွားတာနေမှာပေါ့၊ စန္ဒာငြိမ်းနဲ့ကိုကိုတို့ တွဲနေကြတာကို သဇင်လည်း သိနေတာပဲဉစ္စာ"

"ဟုတ်တယ် သမီး၊ သားလက်ထပ်လိုက်တဲ့မိန်းကလေးအကြောင်း စာထဲမှာမပါပေမယ့်မောင်ဖေယျာပြောသလို စန္ဒာငြိမ်းပဲလို့ ဒယ်ဒီလည်း တွေးမိတယ်၊ ကိုကိုလုပ်သွားတာကိုဒယ်ဒီခွင့်လွှတ်ပါတယ်၊တစ်ခုပဲ စိတ်မကောင်းတာက သမီးလို တင့်တင့်တယ်တယ်လုပ်မပေးလိုက်ရတဲ့ အတွက်ပဲ၊ သူတို့ပြန်လာရင်ပွဲတစ်ပွဲလောက်တော့ လုပ်ပေးရလိမ့်မယ်သမီး"

သူမရင်ထဲမှာ မီးတွေလောင်မြိုက်နေကြောင်းကို ဒယ်ဒီရော၊ ဖေယျာပါ မသိကြပေ။

သူမကလည်း ဒီအကြောင်းတွေကို ပေးမသိချင်။

"မရဘူး ဖေဖေ . . . သူတို့နှစ်ယောက် လုံးဝလက်ထပ်လို့ မဖြစ်ဘူး၊ သူတို့နှစ်ယောက်ကို

BURMESE CLASSIC .com



တွေ့ အောင်ရှာပြီး ရအောင်ခွဲပစ်ရမယ်"

"သမီးလေး"

"သဇင်ပြောတာတွေကို မောင် နားမလည်တော့ဘူး၊ ဘာလဲ . . . စန္ဒာငြိမ်းနဲ့ကိုကို့ကိုသဇင်က သဘောမတူဖြစ်နေတာလား"

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ဒီဘဝမှာ ဘယ်လိုမှ မပေါင်းစေရဘူး"

သူမကို ချွေးသိပ်စကားတွေပြောပြီး ကိုကို ရှောင်ထွက်သွားတာ အရှုံးကို သေချာနေပြီ။

သူမ ဘာတွေဖြစ်ကျန်ခဲ့မည်ကို ကိုကို တွေးသင့်သည်ပဲ။ မငဲ့ညှာမထောက်ထားဘဲ စန္ဒာငြိမ်းနှင့် အဝေးသို့ ထွက်သွားခဲ့သည်။

သူမနှင့်စိတ်ချင်းမရင်းနှီးခင်ကတည်းက သူမအနီးအနားမှာ ကိုကို ရှိနေခဲ့သည်ပဲ။

သူမကသာ ဂရုမစိုက်ဖြစ်ဘဲ မေ့မေ့လျော့လျော့ထားခဲ့သည်လေ။ လွမ်းသည့်စိတ်၊ ဆုံးရှုံးရသည့်စိတ်၊ မခံချင်စိတ်တို့ကြောင့်ပင် နှလုံးသားသည် ကျွမ်းမြေ့ကြေကွဲရပြီးပဲ။

ရင်ထဲမှာ ဘလောင်ဆူပြီလေ . . .။

❖

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

၁။

သဇင်မြင့်ဝေ၏ ကြီးကျယ်ခမ်းနားမှုကို ဒီလောကမှာ ဘယ်သူမှ မရနိုင်စေကောင်း . . . ဟု ထင်မိသည်။

သူမ၏မာမီ ဒေါ်သဇင်ဖြူ ဆုံးပါးပြီးကတည်းက ဒယ်ဒီ မြင့်ဝေက အရိပ်တကြည့်ကြည့်ဖြင့် ချစ်မြတ်နိုးခဲ့သည်။ လူမမယ် အရွယ်ကတည်းကပင် အမိမဲ့သမီးလေးကို အစွမ်းကုန် အလိုလိုက်ပြီး မြှူစုပျိုးထောင်ပေးခဲ့၏။

"ဒယ်ဒီက အခုချိန်ထိ ပြန်မရောက်သေးဘူးလား ကြီးမေ၊ ဒီနေ့ သမီးရဲ့ ခုနစ်နှစ်ပြည့်မွေးနေ့ဆိုတာ သိရဲ့သားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူမ အိပ်ရာထတော့ နေအတော်မြင့်နေပြီ။ ထုံးစံအတိုင်း ခြံထဲမှာတော့ ညချမ်းမှာ ဆင်ယင်ကျင်းပမည့် မွေးနေ့ပွဲအတွက် ပြင်နေဆင်နေကြတာကို မြင်တွေ့ရ၏။

“စောစောကလေးတင် ဖုန်းဆက်တယ်သမီး၊ မွေးနေ့ပွဲအမီ ပြန်ရောက်လာမှာပါ၊ လမ်းမှာ အရေးပေါ်ကိစ္စတစ်ခုနဲ့ ကြုံရလို့ ခရီးဖင့်နေတာ ပါသမီး”

“ကြီးမေရယ် . . . ဒီနှစ်တော့ ဒယ်ဒီ့ဆီကဘာ လက်ဆောင်မှ မပူဆာရတော့ဘူး”

“ဒီအတွက် ပူမနေနဲ့သမီး၊ အလုပ်ကိစ္စနဲ့ မဖြစ်မနေ ခရီးထွက်သွားရတယ်ဆိုပေမယ့် မွေးနေ့ပွဲအမီ ပြန်ရောက်လာတဲ့အခါ သမီးအတွက် လက်ဆောင်တစ်ခုခုပါလာမှာသေချာပါတယ်”

ကြီးမေကတော့ အာမခံချက်တွေ ပေးနေ၏။

သူမ မျက်နှာသစ်အဝတ်အစားလဲပြီးသည်နှင့် သူငယ်ချင်း တွေဆီမှ ဖုန်းတွေ အဆက်မပြတ် ဝင်လာတော့၏။

“Happy Birthday သဇင်”

“နင့်မွေးနေ့ကို ငါတို့တွေ စုပြီးလာမှာ၊ အိမ်ကမိသားစုတွေပါ ခေါ်လာမှာနော်”

“သဇင်ရေ . . . နင် အသက်တစ်နှစ် ကြီးလာ



လေ အဖော်အပေါင်းတွေ နင့်ရဲ့ဆိုးတဲ့ဒဏ်ကို ပိုခံရလေနေမှာပဲ”

သူငယ်ချင်းတွေ၏ မွေးနေ့နှုတ်ခွန်းဆက်စကားတွေကို ပြေကြားရသည်နှင့် အတော်လေး ပင်ပန်းနွမ်းနယ်သွားရသည်။

တကယ်တော့ ဒီသူငယ်ချင်းတွေက သူမကို ခင်လည်း ခင်သလို ရွံ့ကြောက်ကြီးလည်း ဖြစ်နေကြသည်။

ထစ်ခနဲဆို သူမက စိတ်မထင်သည့်အခါတိုင်း နှုတ်စကား ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ ဗိုလ်ကျတာချည်းပင်။

တစ်ဦးတည်းသော သမီး။ ပြီးတော့ မိတဆိုးသမီးမို့ အားလုံးနှင့်ပေါင်းသလို ဘယ်တော့မှ သင့်မြတ်မှုလည်း မရှိခဲ့ပေ။

❖

“သမီးရေ . . . မွေးနေ့ကိတ် ရောက်လာပြီ၊ လာ ကြည့်စမ်းပါဦး၊ သမီးဒယ်ဒီမှာထားတဲ့ ကိတ်က အရမ်းလှတာပဲ”

ကြီးမေနှင့်အတူတူ အိမ်မှလူတွေအားလုံးက မွေးနေ့ကိတ်ကို ဝိုင်းဝန်းငေးမောနေကြသည်။

မွေးနေ့ပွဲအတွက် လိုလေသေးမရှိ ပြင်ဆင်ထားပြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နေ့မွန်းတိမ်းချိန်အထိ ဒယ်ဒီမရောက်လာခဲ့ပေ။

"မွေးနေ့ကိတ်ရောက်ပြီး ဒယ်ဒီက အခုချိန်အထိ ရောက်မလာသေးတော့ ဘာလုပ်လို့ရမှာလဲ၊ လေးနာရီကျော်ကျော်လောက်ဆို သူငယ်ချင်းတွေ ရောက်လာကြတော့မှာ၊ ခြောက်နာရီမှာ မွေးနေ့ပွဲ စမယ်ဆိုတာကို ဒယ်ဒီ သိရဲ့သားနဲ့"

"ရောက်လာမှာပါ သဇင်လေးရယ်၊ ခြောက်နာရီမထိုးခင်ကို သဇင့်ဒယ်ဒီ ရောက်လာမှာပါ။ အရေးပေါ်ကိစ္စနဲ့ . . ."

"လာမြန်ပြီလား ဒီအရေးပေါ်ကိစ္စ၊ သမီးမွေးနေ့ နဲ့ အဲဒီအရေးပေါ်ကိစ္စက ဘယ်ဟာအရေးကြီးလဲ ကြီးမေ"

မွေးနေ့ပွဲမှာဝတ်ဖို့ အဝတ်အစားတွေကို ကြီးမေတို့အသင့်ပြင်ထားပြီး ဖြစ်နေ၏။ ကြီးမေတို့ကတော့ သူမ စိတ်ကျေနပ်စေရန် အတွက် အစွမ်းကုန်ချော့မော့ကြပေသည်။

"ကဲပါ သဇင်ရယ် . . . ဒီဝတ်စုံလေးကို ရေမိုးချိုးပြီးတာနဲ့ အသင့်ဝတ်ထား၊ တော်ကြာ . . . သူငယ်ချင်းတွေ ရောက်လာရင် အသင့်မဖြစ်ဘဲ နေမယ်၊ သဇင်မြင့်ဝေက ရယ်နေပြုံး



နေမှ လှတာလို့ လူတွေပြောကြတာ မဟုတ်လား၊ ရယ်ရယ်ပြုံးပြုံးလေးပဲ နေစမ်းပါ"

ဟုတ်တော့လည်း ဟုတ်သည်။ ရယ်ရယ်ပြုံးပြုံးနေမှ ဖြစ်တော့မည်။ ဒယ်ဒီက မွေးနေ့ပွဲအမီ ပြန်ရောက်လာမှာ သေချာနေသည်ပဲ။ သူမ စိတ်ထဲမှာတော့ ဒယ်ဒီ အပြန်နောက်ကျခြင်းထက် မွေးနေ့ပွဲဆီသို့သာ အာရုံရောက်သွားရပြန်၏။

❖

"မွေးနေ့ကိတ်မုန့်ကို ငါတို့ စားချင်လှပြီဟာ"

"ဟုတ်တယ် သဇင် . . . နင် ဘယ်သူ့ကို စောင့်နေတာလဲ"

သူငယ်ချင်းတွေကတော့ မွေးနေ့ကိတ်ကို မျက်စောင်းတခဲခဲ လုပ်နေကြသည်။

ညနေငါးနာရီ ထိုးလာပြီမို့ သူငယ်ချင်းတွေမှ မဟုတ်ဘဲ သူမကိုယ်တိုင်ပင် စိတ်မရှည်ချင် ဖြစ်လာသည်။

"သဇင်ရေ . . . သမီးဒယ်ဒီ ရောက်လာပြီ"

ပျော်ရွှင်စွာဖြင့် မွေးနေ့ကိတ်ကို လှီးချလိုက်မိသည်။

လက်ခုပ်သံများနှင့်အတူ သူမရှေ့သို့ ဒယ်ဒီရောက်လာသည်။ ဒယ်ဒီတစ်ယောက်တည်းမဟုတ်။ သူ့အားကမားရုပ်

www.burmeseclassic.com

www.burmeseclassic.com



အဆင်းရှိသော သက်တူရွယ်တူကောင်လေးတစ်ယောက်ပါ အတူပါလာ၏။

"သဇင် . . . သမီးလေး"

"ဒယ်ဒီက မကောင်းဘူး၊ အချိန်နီးမှ ကပ်ရောက်လာတော့ မွေးနေ့လက်ဆောင် မပူဆာရတော့ဘူး"

"ဒါလား သမီး . . . သမီးအတွက် ဒီနှစ်တော့ တကယ့်ကို ထူးထူးခြားခြား မွေးနေ့လက်ဆောင် ယူလာပေးခဲ့တာ"

"ဘာလဲဟင်၊ ဘာပစ္စည်းမို့လဲ၊ ဘယ်မှာလဲ ဟင်"

"ဒီမှာလေ သမီး . . . သမီးအတွက် မွေးနေ့လက်ဆောင်ပဲ၊ သမီးရဲ့ကိုကို၊ သူ့နာမည်က ကိုကိုထွေးတဲ့၊ ကိုကိုထွေးကို မွေးနေ့လက်ဆောင်အဖြစ် ဒယ်ဒီပေးမယ်"

"သမီးရဲ့ကိုကို"

"ဟုတ်တယ် သမီး၊ ကိုကိုထွေး . . . သဇင့်ကို ညီမလေးလို့ ခေါ်လိုက်လေ"

ဒယ်ဒီကိုယ်တိုင် သူမ၏ကိုကိုဟု သုံးစွဲခေါ်ဝေါ်နေမှတော့ သူငယ်ချင်းတွေအားလုံးက ကိုကိုထွေးကို ဂရုတစိုက်ရှိနေကြ၏။



"ညီမလေး"

"နင်က ငါ့ကိုကိုလား"

ဒယ်ဒီပေးသော မွေးနေ့လက်ဆောင်ကတော့ သက်ရှိလူသားတစ်ဦးပင်။ သူငယ်ချင်းတွေကတော့ ကိုကိုထွေးကို မြင်မြင်ချင်းမှာ ခင်ခင်မင်မင် ဖြစ်သွားကြ၏။ သူငယ်ချင်းတွေနှင့်အတူ ကိုကိုထွေးတစ်ယောက်လည်း ပျော်ရွှင်နေလေသည်။

❖

ကိုကိုထွေးက သူမ၏မွေးနေ့လက်ဆောင်တစ်ခု ဖြစ်သည်။ အရင့်အရင်မွေးနေ့တွေတုန်းကတော့ လက်ဝတ်ရတနာ ဖြစ်စေ၊ သူမအတွက် ဆော့စရာအရုပ်လှလှတွေဖြစ်စေ ဒယ်ဒီ ပေးနေကျ ဖြစ်၏။

ခြောက်နှစ်ပြည့်မွေးနေ့လက်ဆောင်ကတော့ ထူးထူးခြားခြားလူသားတစ်ဦး ဖြစ်နေ၏။

"ငါ့ကိုကိုဆိုတဲ့ မွေးနေ့လက်ဆောင်ကိုတော့ ပျော်စရာ ရွှင်စရာအဖြစ် တစ်ခုခုခိုင်းမှ ဖြစ်မယ်"

သူမစကားကြောင့်ပင် သူငယ်ချင်းတွေကပါ စိတ်ဝင်စားသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထွေးကတော့ သူမကိုကြည့်ရင်း မျက်စိသူငယ် နားသူငယ် ဖြစ်နေရှာ၏။

"သူ့ကို ဘာလုပ်ခိုင်းမှာလဲ သဇင်၊ နင်က ထူး ထူးဆန်းဆန်း ခိုင်းတတ်တာဆိုတော့ ငါတို့ ကြည့်ချင်တယ်"

ကိုကိုထွေးကို အရှုပ်လေးပမာ သဘောထားပြီး ခိုင်းစေ ဦးမည်။

"ဖေဖေက နင့်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးမှတော့ ငါ့အပိုင်ဖြစ်ပြီနော်၊ ဖေဖေက ပြောသွားသေးတယ် . . . နင်က ငါ့ကိုကိုတဲ့ . . . ဟုတ်လား"

"ဟုတ်တယ် ညီမလေး"

"ဒါဆိုရင် ငါ့မွေးနေ့လက်ဆောင်အဖြစ်ရော ငါ့ကိုကို ဖြစ်တဲ့အတွက်ပါ ငါခိုင်းတာကို နင် လုပ်ပြနိုင်ရမယ်၊ ဒါမှ နင့်ကို ငါ အသိအမှတ် ပြုနိုင်မယ်"

"ညီမလေး ဘာခိုင်းမှာလဲ"

"ဒီမြက်ခင်းပေါ်မှာ ဒီအစပ်ကနေ ဟိုဘက် အစပ်ထိ ရောက်အောင် ရိုးရိုးမသွားရဘူး၊ ကျွမ်းထိုးပြီး သွားပြရမယ်၊ ဟိုဘက်အစပ်



ရောက်ရင် ကင်းမြီးကောက်ထောင်ပြနိုင် ရမယ်"

သူမ၏ခိုင်းစေမှုကို သူငယ်ချင်းတွေက ရင်သပ်ရှုမော ဖြစ်နေကြပေမယ့် ကိုကိုထွေးကတော့ မငြင်းဆန်ခဲ့ပေ။

တကယ်ပင် သူမ ပြောသည့်အတိုင်း မြက်ခင်းပြင်ပေါ် မှာ ကိုကိုထွေး ကျွမ်းထိုးလေတော့၏။ ကိုကိုထွေး ကျွမ်းထိုးသည် မှာ ကြည့်လို့ပင် ကောင်းနေသေး၏။ မြက်ခင်းစပ်ရောက်တော့ ကင်းမြီးကောက် ထောင်ပြလိုက်သေးသည်။ သူငယ်ချင်းတွေ နှင့်အတူ သူမပါ ရောယောင်ပြီး လက်ခုပ်လက်ဝါးတီးကာ ဂုဏ်ပြုမိပြန်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## ၂။

မွေးနေ့ပွဲလေးကတော့ ပျော်စရာရွှင်စရာတွေနှင့်ပင် အပြီးသတ်သွားခဲ့သည်။ မွေးနေ့ပွဲမှာ ညနက်သောကြောင့်ပင် နေမြင့်မှ အိပ်ရာထဖြစ်သည်။ ကြီးမေကတော့ စားစရာသောက်စရာတွေကို အသင့်ပြင်ပေးထား၏။

"ကြီးမေ"

"ဘာလဲ သဇင်"

"ဒယ်ဒီရော"

"သမီးဒယ်ဒီ စာကြည့်ခန်းထဲမှာ ထင်တယ်"

"ဟိုတစ်ယောက်ရော"

"ဘာလဲ ကိုကို့ကို ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထွေးကို ကြီးမေတို့ကလည်း ခင်သွားသည်လား မသိ။

"ဟုတ်တယ်"

"ပန်းပင်တွေ ရေလောင်းဦးမယ်ဆိုပြီး ထွက်သွားတာပဲ၊ ကိုကို့ကို သမီးဒယ်ဒီ မွေးစားရကျိုးနပ်ပါတယ်၊ ကိုကို အရမ်းသိတတ်တာ၊ ဖင်လည်းပေါ့တယ်၊ အရမ်းလိမ္မာတယ်"

"ချီးမွမ်းနေလိုက်တာ၊ သမီးကိုတော့ တစ်ခါမှ အဲဒီလိုမျိုး ကြီးမေ မချီးမွမ်းဘူး"

စားလက်စအတိုင်းကြီး ထားပစ်ခဲ့ပြီး ဆူဆောင့်ကာ ထွက်လာဖြစ်သည်။ ကြီးမေကတော့ သူမအပြုအမူကိုကြည့်ပြီး ရယ်နေသေး၏။

ကိုကိုထွေးကို ဒယ်ဒီက ဘာလို့မွေးစားမှန်း အကျိုးအကြောင်း မသိရသေး။

ကိုကိုထွေးကို ဝေးဝေးလံလံ မရှာလိုက်ရပေ။ ပန်းပင်တွေကို ဖွဲ့ကောင်းကောင်းနှင့် ရေလောင်းနေသည်ကို တွေ့ရသည်။

"ညီမလေး ဘာခိုင်းစရာရှိလို့လဲ"

ခြေသံမကြားအောင် ဖွဖွလေးနင်းခါမှ ကိုကိုထွေး သိနေသေးသည်။



"ငါလာတာကို လှည့်မကြည့်ဘဲနဲ့ ဘာလို့ သိရတာတုန်း"

"လေထဲကတစ်ဆင့်သိတာ၊ ညီမလေးကိုယ်က အမွှေးနံ့သာတွေက ညီမလေး လှမ်းလာနေတယ်ဆိုတာကို ရှေ့ပြေးအနေနဲ့ ပြောပြလို့သိတာ"

ကြီးကျယ်လိုက်တာ . . . ဟု စိတ်ထဲမှာ မကျေနပ်ချင်။ မေးစရာရှိသည်များကို မေးချင်သည်ကြောင့်သာ စိတ်ရှည်ရပြန်သည်။

"အဲဒီရေလောင်းတာတွေကို ခဏ အသာထားဦး၊ နင့်ကို မေးစရာရှိလို့ တမင်လာခဲ့တာ"

အမိန့်ပေးလိုက်တော့မှပင် ရေပိုက်တွေကို ပိတ်ပြီး သူမရှေ့မှာ ခပ်ရို့ရို့လေး ရယ်နေသည်။

"ဘာသိချင်လို့လဲ ညီမလေး"

"ဒီအိမ်ကြီးပေါ်မှာပဲ နင်အိပ်တာလား"

"မဟုတ်ဘူး ကားဂိုဒေါင်ရဲ့ ထပ်ခိုးအခန်းလေးမှာ အိပ်တာ"

"ဒါတော့ ဟုတ်ပြီ၊ နေပါဦး . . . ဒယ်ဒီနဲ့နင်က ဘယ်လိုလုပ်တွေ့ပြီး နင့်ကို ဒယ်ဒီက မွေးစားရတာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က အဖြစ်အပျက်တွေကြောင့်ပဲ ဆိုပါတော့၊ ညီမလေး မသိသေးဘူးဆိုရင် ကိုကို ပြောပြပါ့မယ်"

ကိုကိုထွေး၏ဟန်ပန်လေးက တကယ့်ကရုဏာဖြစ်ချင်စရာကောင်းမှန်း သိသော်လည်း စိတ်ကို တင်းတင်းထားပြီး အပေါ်စီးက ဆက်ဆံမိသည်။

❖

"မနေ့ကတော့ ကိုကို့ဘဝဟာ ကံဆိုးမိုးမှောင်ရုတ်တရက် ကျသွားသလိုပဲ၊ ဒါပေမဲ့ ဒယ်ဒီ့လိုသူတော်ကောင်းတစ်ယောက်နဲ့ တွေ့ရလို့ အဲဒီ ကံဆိုးမှုတွေက လျော့သွားသလိုပဲ"

"ပြောမှာသာ ပြောစမ်းပါဟာ၊ နင်က စကားကြော သိပ်ရှည်လွန်းတယ်ကိုကို၊ ဒယ်ဒီက နင့်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့တာနော်၊ ဒယ်ဒီမွေးစားတာတွေ မမွေးစားတာတွေ အသာထား၊ နင့်ကိုတော့ ငါပိုင်တာ သိထားဦး"



ကိုကိုထွေးကိုတော့ သက်မဲ့အရုပ်လေးတစ်ရုပ်လို သဘောထားဖြစ်သည်။ သူမ ပတ်ဝန်းကျင်မှာ ပိုလ်ကျစိုးမိုးခွင့်ရသော်လည်း အတိုင်းတာတစ်ခုအထိသာ။ ကိုကိုထွေးကိုတော့ အစွမ်းကုန်ပိုလ်ကျလို့ရမည်ဆိုတာကို သိနေ၏။

"ကိုကို သိပါတယ်၊ ညီမလေးဆိုးသမျှကို သည်းခံဖို့ ဒယ်ဒီပြောပြီးသားပါ"

"ကဲ ပြော . . . မနေ့က နင် ဘယ်လောက်ထိ ကံဆိုးပြီး ဒယ်ဒီက မွေးစားဖို့ ခေါ်လာရတာတုန်း၊ နင့်မှာ မိဘတွေ မရှိကြဘူးလား"

"မနေ့က ဒယ်ဒီနဲ့ မတွေ့ရခင် အချိန်လေးမှာပဲ ကံဆိုးမိုးမှောင်ကျခဲ့တာ၊ ကိုကိုတို့က ဆင်းရဲပါတယ်၊ ဖေဖေမေမေတို့နဲ့အတူတူ သူများဆီမှာ လယ်စာရင်းငှား လုပ်ရတာပါ၊ အဲဒီမနက် နွားတွေ မိုးလင်းတဲ့အထိ ကျနေတယ်၊ လယ်ကွင်းတွေဆီ သွားဖို့ အဝေးပြေးလမ်းမကို ကိုကိုတို့ သုံးယောက်ဖြတ်ကြတယ်၊ တကယ်တော့ ကိုကို အသုံးမကျတာ၊ အိပ်ငိုက်ငိုက်နဲ့ လမ်းကိုဖြတ်ကူး လိုက်တာ နွားတွေက ပိတ်အောင်ကျနေတော့ မောင်းလာတဲ့ကားကလည်း ရုတ်တရက်ကြီး ဖြစ်သွားတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မှာဘင် ကိုကို့ကို တိုက်မှာစိုးလို့ ဖေဖေနဲ့မေမေက အတင်းပြေးဝင်ပြီး ကိုကို့ကို တွန်းထုတ်လိုက်ကြတယ်၊ ကိုကိုကတော့ ဘာမှမဖြစ်ဘဲ လွတ်သွားပေမယ့် ဖေဖေတို့နှစ်ယောက်ကိုတော့ သွေးတွေနဲ့ တွေ့လိုက်ရတာပဲ၊ တိုက်တဲ့ကားကလည်း နှင်းတောထဲမှာ ရပ်မပေးဘဲ မောင်းပြေးသွားတယ် ညီမလေး"

ကိုကိုထွေးတစ်ယောက် နောက်ကြောင်းပြန်ပြောပြရင်းကပင် မျက်ရည့်တွေဝဲနေတာကို သတိထားဖြစ်သည်။

"အဲဒီကိစ္စမှာ ဒယ်ဒီက ဘယ်ကနေဘယ်လို ပတ်သက်ခဲ့တာလဲ"

"အဲဒီအချိန်မှာ ဒယ်ဒီ့ကားလေး ရောက်လာတယ်၊ အဖေနဲ့အမေကို ဆေးရုံပို့ပေးတယ်၊ အဖေကတော့ နေရာမှာပဲ ဆုံးသွားတာ၊ အမေကတော့ ဆေးရုံအထိ အသက်ပါသေးတယ်၊ ဒယ်ဒီက ကိုကို့ကို ခေါ်လာခဲ့တာလေ၊ အဖြစ်အပျက်ကတော့ ဒါပါပဲ ညီမလေး"

"ဒယ်ဒီ အပြန်နောက်ကျရတာ အဲဒီကိစ္စတွေကြောင့်ပေါ့ ဟုတ်လား"



"ဟုတ်တယ် ညီမလေး...၊ အဖေနဲ့အမေကို သင်္ဂြိုဟ်ဖို့ကိစ္စရော၊ ကိုကို့ကိုခေါ်သွားဖို့ကိစ္စကိုပါ လုပ်နေရတာနဲ့ ဒယ်ဒီ အလုပ်ရှုပ်သွားတာ၊ ဒယ်ဒီနဲ့ စတွေ့တုန်းက ကိုကိုက တကယ့်စုတ်စုတ်ပြတ်ပြတ်လေးပါ၊ ရန်ကုန်အဝင်မှာပဲ ဆံပင်ညှပ်၊ အဝတ်အစားတွေ လဲခိုင်းပြီး ညီမလေးရဲ့ မွေးနေ့ပွဲကို ဒယ်ဒီခေါ်လာခဲ့တာ"

"အင်းလေ၊ ဒယ်ဒီက လူတွေကို သနားတတ်တဲ့ အကျင့်ရှိတယ်၊ ဒယ်ဒီခေါ်လာတာ မခေါ်လာတာထက် ကိုကိုထွေးဆိုတဲ့ ကောင်လေးဟာ သဇင်မြင့်ဝေရဲ့ မွေးနေ့လက်ဆောင်ပဲ၊ အဲဒီတော့ ကိုကိုထွေးကို သဇင်မြင့်ဝေက ပိုင်တယ်၊ ဒါကိုတော့ နင်သိထားနော်"

သူမနှင့်ကိုကိုထွေးတို့ စကားပြောနေသည့်နေရာသို့ ဒယ်ဒီ ရောက်လာသည်။

"ဒီမောင်နှမနှစ်ယောက် ပန်းခြံထဲမှာ ကစားနေကြတာလား"

"ဘာခိုင်းစရာရှိလို့များလဲ ဒယ်ဒီ"

"ခိုင်းစရာမရှိပါဘူး ကိုကို၊ ဒယ်ဒီစကား ပြောချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီပြောမည့်စကားကို နားမထောင်သေးဘဲ အလျင်စလို မေးလိုက်မိသည်။

"ဒယ်ဒီ. . . ကိုကိုက ကျောင်းတွေဘာတွေ ရော နေရဲ့လားဟင်"

"အဲဒီကျောင်းကိစ္စကိုပဲ ပြောမလို့ သမီး၊ ဒီနှစ်ကျောင်းပြန်ဖွင့်တော့ သမီးနဲ့ကိုကိုတို့ အတူတူကျောင်းတက်ရမှာ၊ ကိုကိုက သမီးလေးနဲ့ အတန်းအတူတူပဲလေ"

"ကိုကို . . . နှင့်အသက်က ဘယ်လောက်လဲ"

"ရှစ်နှစ်"

"ငါ့ထက်တောင်မှ တစ်နှစ်ကြီးပြီး အတန်းကျတော့ လာတူရလား"

"ကဲ . . . သမီးတို့မောင်နှမနှစ်ယောက် ခြံထဲမှာ ကစားကြဦး၊ ဒယ်ဒီ အလုပ်သွားလိုက်ဦးမယ်"

ဒယ်ဒီကတော့ သူမတို့နှစ်ယောက်၏အခြေအနေကို အကဲမခတ်ခဲ့။

"ကိုကို"

"ဘာလဲ ညီမလေး"

"မနေ့ညက ဒိုက်ထိုးတာ အရမ်းကြည့်ကောင်း



တာပဲ၊ ဟိုလေ . . . အခုပျံနေတဲ့ ပုစဉ်းကောင်လေးတွေကို လိုက်ဖမ်းပေးပါလား"

သူမ ဘယ်လောက်ဆိုးမှန်းကို, ကိုကို မသိသေးတာတော့ သေချာသည်။ ပုစဉ်းလေးတွေကို လိုချင်သောကြောင့် ကိုကို့အား ပူဆာမိသည်။ ဖမ်းပေးမည် ပြင်ပြီးမှ တစ်ခုခုကို သတိရသွားပြီး ကိုကို လက်တွန့်နေလိုက်၏။

"လိုက်ဖမ်းလေ ကိုကို၊ ဘာဖြစ်သွားတာတုန်း"

"မဖမ်းချင်ဘူး ညီမလေး၊ ကိုကို့ဘဝက မိတကွဲ ဖတကွဲဖြစ်နေတော့ ဒီလိုမလုပ်ချင်တော့ဘူး"

"မရဘူး . . . ပုစဉ်းတွေကို လိုက်ဖမ်းပေး"

အမိန့်သံနှင့်အတူ ခြေဆောင့်ပြလိုက်တော့ ကိုကိုထွေး မနေသာတော့ပေ။

ပုစဉ်းကောင်လေးတွေကို ဒိုင်ဗင်ပစ်ပြီး လိုက်ဖမ်းပေးပြန်သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

၃။

တစ်ဦးတည်းသောသမီး သဇင်မြင့်ဝေ။ ပတ်ဝန်းကျင်မှာရော၊ သူငယ်ချင်းတွေကြားမှာပါ အကောင်းဘက်မှာရော၊ ဆိုးသွမ်း သည့်နေရာမှာပါ နာမည်ကြီးထင်ရှားသူတစ်ယောက်ဖြစ်၏။

သဇင်မြင့်ဝေကို တုပပြီး မီနိုင်မည့်သူမရှိ . . . ဟု အမြဲမော်ကြွားပြီးနေဖြစ်သည်။ အခုတော့ သဇင်မြင့်ဝေကို ပခုံးချင်းယှဉ်လာမည့်သူ ပေါ်လာ၏။

ဒီလူကတော့ တခြားလူ မဟုတ်ပြန်။

အရုပ်လေးတစ်ရုပ်ပမာသဘောထားပြီး လုပ်ချင်တိုင်းလုပ်လို့ရနေသော ကိုကိုထွေးပင် ဖြစ်လေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



"နင်ကြားပြီးပြီလား သဇင်"

"ဘာများလဲ"

"တခြားမဟုတ်ဘူး၊ ပညာရည်ချွန်စစ်မှတ်တမ်းတွေမှာ အမှတ်သွင်းပြီးပြီတဲ့"

"ဘာများလဲလို့ . . . ဘာသာရပ်တွေမှာ အမှတ်အများနဲ့ ပထမနေရာကို ငါပဲရမှာမဟုတ်လား၊ ဒီကိစ္စက အတန်းတိုင်းမှာ လစဉ်နှစ်စဉ်ဖြစ်နေတဲ့ဟာပဲ၊ ဘာများအထူးအဆန်းဖြစ်ရမှာလဲ"

သူငယ်ချင်းနီလာကို့စကားကို ခပ်ပေါ့ပေါ့ပင် သဘောထားပြီး ပြန်ပြောလိုက်မိသည်။ နီလာကိုကတော့ ပြောစရာစကားတွေ ကျန်သေးသည်မို့ ဆက်ပြော၏။ နီလာကို ပြောလိုက်သော အခါမှ ရင်ထဲမှာ တစ်မျိုးဖြစ်သွားရသေး၏။

"မဟုတ်ဘူး သဇင်၊ အခုကြားနေရတဲ့သတင်းက အတော်လေးထူးတယ်၊ အမှတ်အများဆုံးရတာရော၊ ပထမရတာရော နင်မဟုတ်ဘူးတဲ့ သဇင်"

"ငါမဟုတ်လို့ ဘယ်သူရှိဦးမှာလဲ၊ ငါ့ကို ဘယ်သူ ပြိုင်နိုင်မှာလဲ၊ မယုံရင် နင်စောင့်ကြည့် နီလာကို"



"ဘယ်သူဘယ်ဝါဆိုတာကို ငါလည်း မသိဘူး သဇင်၊ ဒီသတင်းပြန့်နေတာတော့ အရမ်းကို သေချာတယ်၊ ဒီနေ့ အတန်းပိုင်ဆရာမက ကြေငြာမယ် ပြောတာပဲ"

"တကယ်ဟုတ်ရင်တော့ နင်ပြောသလို စိတ်ဝင်စားဖို့ကောင်းတဲ့ကိစ္စပဲ နီလာကို၊ ငါ့အထင်တော့ ငါ့ကို ကျော်တက်ပြီး ပထမနေရာကို ယူနိုင်မယ့်သူ မရှိဘူး ထင်တာပဲ"

"ဘယ်ဟုတ်မလဲ၊ နင်သာ မသိတာနေမှာပေါ့၊ နင့်ကို ကျိတ်ပြိုင်တဲ့သူရှိလို့ ဖြစ်ရမယ်၊ ဒီနေ့ အဖြေပေါ်မှာပဲ အားလုံးကလည်း ဒီသတင်းကို စိတ်ဝင်စားနေကြတာ သဇင်၊ တကယ်ဟုတ်ရိုးမှန်ရင်တော့ အဲဒီလူက နင့်ထက်တော့ နာမည်ကြီးသွားမှာအမှန်ပဲ သဇင်"

အစဉ်လာမပျက် ပထမနေရာမှာ အမှတ်တွေပြတ်ပြီး ယူလေ့ရှိသော အလေ့အထကို ဘယ်သူကများ တုပ၍ ဖျက်စီးနိုင်မည်နည်း။

"ညီမလေး"

သူမနေရာကို လုယူဝင်ရောက်လာမည့်သူကို ပြောနေဆဲ နေမှာပင် ကိုကိုထွေးက အနားရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ ကိုကို”

“တခြားမဟုတ်ဘူး၊ ကိုကို ဗိုက်ဆာလို့၊ ကိုကို့မှာ ပိုက်ဆံပါမလာခဲ့ဘူး၊ ညီမလေး ကိုကို့ကို မုန့်ဝယ်ကျွေးပါလား”

“ဘာများအရေးကြီးလဲလို့ နားထောင်နေတာ၊ ရော့ နင်ဝယ်စားချင်တာ ဝယ်စား၊ ပိုတဲ့ပိုက်ဆံလည်း ပြန်မပေးနဲ့၊ တစ်ခုတော့ ပြောထားရဦးမယ်နော်၊ အကျင့်မကောင်းတဲ့ နှစ်ကျတွေနဲ့လည်း သိပ်အရောမဝင်နဲ့၊ အဲဒီအကောင်တွေက အကျင့်ပေါင်းစုံ၊ အတတ်ပေါင်းစုံတတ်ကြတာ”

“စိတ်ချပါ ညီမလေးရာ၊ ကိုကို့မှာ ရင်းရင်းနှီးနှီး ပေါင်းတာဆိုလို့ ညီမလေးပဲရှိတာ၊ ကျန်တဲ့ လူတွေကတော့ တာဝန်အရ မေးထူးခေါ်ပြော အဆင့်မှာပဲ ထားတာပါ”

ကိုကိုထွေးကတော့ သူမစွန့်ကြဲလိုက်သော ပိုက်ဆံကို ကျစ် ကျစ်ပါအောင်ဆုပ်ပြီး မုန့်ဆိုင်များရှိရာသို့ ထွက်သွားသည်။

“သဇင့်ကိုကိုက သနားဖို့ ကောင်းတယ်နော်၊ နင့် အနွံတာကို တော်ရုံလူ ခံနိုင်တာ မဟုတ်ဘူး၊ အင်းလေ . . . သူ့ဘဝကလည်း မိမရှိ



ဖမရှိဆိုတော့ နင် ဘယ်လောက် သူ့အပေါ် ဆိုးဆိုး သည်းခံရမှာပေါ့၊ ကျောင်းကလူတွေ အားလုံးကတော့ ကိုကိုထွေးရဲ့ဘဝကို သိထားကြတော့ သနားကြတယ်”

“ငါ့ကို မတတ်သာလို့ ပေါင်းသင်းနေကြတာကို ငါသိတယ် နီလာကို၊ ငါ့ကွယ်ရာမှာတော့ ငါ့အကြောင်းကို ဘယ်သူမှ အကောင်းပြောကြမှာ မဟုတ်ဘူး၊ ကိုကို့ကိုတော့ လူတွေက တော်တော်ခင်ကြမင့်ကြတာပဲနော်”

“နင့်ကိုကိုက မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဆိုတဲ့ ဆုတောင်းများ ပြည့်ခဲ့သလားမှ မသိတာပဲ”

ကိုကိုထွေးအကြောင်းကို ပြောကြဆိုကြရင်း အတန်းထဲသို့ နီလာကိုနှင့် အတူတူဝင်လိုက်ကြသည်။

❖

“ကဲ . . . ဒီနေ့တော့ ထူးထူးခြားခြားဖြစ်ရတဲ့ အကြောင်းကို ဆရာမ အားလုံးသိအောင် ပြောပြမယ်၊ အားလုံးရဲ့ မှတ်တမ်းတွေကို ဆရာမ ဓေဓေးမယ်”

www.burmeseclassic.com

www.burmeseclassic.com



အတန်းပိုင်ဆရာမက ဝမ်းသာအားရမျက်နှာဖြင့် စကားတွေ ဖောင်ဖွဲ့နေပြ၏။

ပထမရမည့်သူကို အားလုံးက စိတ်ဝင်စားနေကြ၏။

သူမ၏မှတ်တမ်းကို ကြည့်လိုက်မိတော့ ဒုတိယသာရသည်ကို တွေ့လိုက်ရသည်။

သူမနှင့်အတူ ထိုင်နေကြသူများက သူမမှတ်တမ်းကို အလုအယက် ယူကြည့်ကြသည်။

"ဟယ် . . . သဇင်က ဒုတိယပဲရတယ်"

"ဒါဆို . . . ပထမရတဲ့လူက ဘယ်သူများလဲ မသိဘူးနော်"

သူမစိတ်ထဲမှာ နည်းနည်းတော့ ခံစားရလိုက်သည်။ သူမ အမြဲတမ်း နေရာယူဖြစ်သော ပထမနေရာကို ဘယ်လိုလူစားမျိုးက လုငင်ယူလိုက်ပါလိမ့်။ အားလုံးနှင့်နည်းတူ ပထမရသောသူကို အရမ်းသိချင်သွားသည်။

"အားလုံးလက်ထဲမှာ မှတ်တမ်းတွေ ရောက်နေကြပြီ၊ ကိုယ့်အားနည်းချက် အားသာချက်တွေကိုလည်း သိနေကြပြီ၊ ထူးထူးခြားခြားပါပဲ၊ အမြဲတမ်း ပထမရနေတဲ့ သဇင်မြင့်ဝေကတော့ ဒုတိယနေရာကို ရောက်သွားရတယ်၊ ပထမနေရာကို ရယူလိုက်တဲ့သူကတော့ ကိုကိုထွေးပါပဲ"



လက်ခုပ်သံတွေ အကြည့်တွေကြားမှာပင် သူမ ငိုချင်စိတ်ပေါက်သွားမိသည်။ အားလုံးက ကိုကိုထွေးကို ဝိုင်းဝန်းချီးကျူးနေ၏။

သူမ၏ပထမနေရာကို ကိုကိုထွေးတစ်ယောက် တရားနည်းလမ်းကျစွာဖြင့် လွဲပြောင်းယူလိုက်ပြီပဲလေ။

❖

"ညီမလေး"

ကျောင်းဆင်းတော့ အိမ်ကကားပေါ်မှာ ကိုကိုထွေးနှင့်ဆုံဖြစ်သည်။

"ဘာလဲ"

"တခြားမဟုတ်ပါဘူး၊ ကိုကို ပထမရသွားလို့ ညီမလေး စိတ်မကောင်းဖြစ်နေတာ မဟုတ်လား"

တခြားတစ်ယောက်ယောက်ဆိုရင်တော့ ကိုကိုထွေးပြောသလို စိတ်မကောင်းဖြစ်မှာ သေချာ၏။ အခုကိစ္စက လုံးဝမထင်ထားသောကိစ္စ။ ကိုကိုထွေးသည် သူမ ပြိုင်ရမည့် လူစားမျိုးထဲမှာ မပါဝင်ပေ။

"စိတ်မကောင်းဖြစ်နေတာ မဟုတ်ဘူးနော်၊ ငါဒေါသဖြစ်နေရတာ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကိုပဲပေါ့ ဟုတ်လား"

"မဟုတ်ဘူးဟော့၊ နင့်ကို ပထမနေရာ လွှဲပေးလိုက်တဲ့ ကံကြမ္မာကိုပဲ"

"ညီမလေးရယ် ပြန်ပြောင်းယူလို့ရရင် ကိုကိုလွှဲပေးချင်ပါတယ်၊ နောက်တစ်ခါ စာမေးပွဲတွေကျရင် ကိုကို လျှော့ဖြေပေးပါ့မယ် ညီမလေး"

ဒီစကားမျိုးပဲ ပြောမည်ဆိုတာကို ကြိုသိနေသည်။ ဒီလိုအဖြစ်မျိုးတော့ ဘယ်တော့မှ အရောက်မခံနိုင်ပေ။ ဒီလိုနည်းလမ်းမျိုးဖြင့် ပထမနေရာမှာ မနေချင်။

"လျှော့ပေးဖို့ မလိုဘူး ကိုကို၊ နင့်နေရာမှာ တခြားတစ်ယောက်ယောက်ဆိုရင် ငါပိုပြီးဒုက္ခရောက်မှာပေါ့၊ နင်လျှော့မပေးနဲ့ ကြားလား၊ ငါ့ ဘာသာ ပြန်ကြိုးစားမယ်၊ တော်ကြာအခြား တစ်ယောက်ယောက်က အဲဒီနေရာကိုဝင်ယူသွားရင် ငါရောနင်ရော ပိုပြီးအရှက်ကွဲကုန်မှာပေါ့"

"အင်း ညီမလေး ပြောတာလည်း ဟုတ်နေတာပဲ"

"ဒါဆိုရင် နင်လုပ်တာ ကြိုးစားတာကို ဒီ



အတိုင်းပဲ ဆက်လုပ်နေ၊ နင် တကယ်တော်လို့ပထမ နေရာကို ပေးလိုက်ရတာပဲလို့ မှတ်ယူလိုက်မယ်"

ပြောသာပြောလိုက်ရပေမယ့် ရင်ထဲမှာ မကျေနပ်ချင်။ တခြားနေရာမှာ ကိုကိုထွေးကို အနိုင်ကျင့်ချင်ပေမယ့် ဒီလိုမျိုးမှာတော့ ခွင့်လွှတ်မှု ဖြစ်ပေလိမ့်မည်။

သူမအတွက်တော့ သင်ခန်းစာတစ်ခုကောင်းကောင်းကြီး ရလိုက်တာပဲ . . . ဟု မှတ်ယူလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

၄။

ဟိုတုန်းကတော့ သဇင်မြင့်ဝေက ပတ်ဝန်းကျင်မှာ ထင်ရှားသောသူ။ ကိုကိုထွေးရောက်လာပြီးသည့် နောက်ပိုင်းနှစ်များမှာတော့ သဇင်မြင့်ဝေနှင့်အတူ ကိုကိုထွေးကိုပါ သူမ ပတ်ဝန်းကျင်က အတူရောပြီး သတိထား အသိမှတ်ပြုလာခဲ့သည်။

ကိုကိုထွေးကို အရုပ်လေးတစ်ရုပ်လို သဘောထားခဲ့သည်။ နိုင်ထက်စီးနင်းငယ်နိုင်သဘောမျိုးဖြင့် ပြုမူနေထိုင်ခဲ့သည်။

သူမရော ကိုကိုထွေးပါ တစ်နှစ်ထက်တစ်နှစ် လူပျိုအပျို ဖော်ဝင်လာရုံမက အတန်းတွေလည်း ကြီးလာခဲ့၏။

မှတ်မှတ်ရရ ပြောရပါလျှင် . . . ရှစ်တန်းနှစ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ပတ်ဝန်းကျင်က သူမကိုရော ကိုကိုထွေးကိုပါ သိသိသာသာကြီး အသိမှတ်ပြုလာခဲ့၏။

❖

"နီလာကို . . . နင် ဘာငေးနေတာလဲ"

ဆရာမ မလာသေးသည်မို့ အတန်းထဲရှိ ကျောင်းသူကျောင်းသားများ စကားတွတ်ထိုးနေကြ၏။ သူမနံဘေးမှ နီလာကိုက ယော်ကျားလေးတွေဘက်ကို ငေးမောနေသည်။

"ဟဲ . . . ဟဲ . . ."

"ဘာမလုံမလဲဖြစ်ပြီး ရယ်ရတာလဲ နီလာကို"

နီလာကို မျက်စိရောက်ခဲ့သောနေရာကို လှမ်းကြည့်ဖြစ်သည်။ တခြားလူကို မတွေ့ရဘဲ ကိုကိုထွေးကိုသာ မြင်မိသည်။

"နင့်ကိုကိုကို လှမ်းငေးနေမိတာ၊ အဲဒါကြောင့် ရယ်တာပေါ့၊ သူခိုးလူမိဖြစ်သွားလို့လေ သဇင်"

နီလာကို့စကားက နည်းနည်းတော့ အထူးအဆန်းဖြစ်နေသည်ဟု ထင်မိသည်။ ကိုကိုထွေးကို ငေးနေတာရယ် ရယ်တာရယ်ပြီးတော့ နီလာကို ပြောလိုက်သောစကားများကို ဆက်စပ်ကြည့်ရင်းက ခေါင်းရှုပ်သွားရသည်။

"ရှင်းရှင်းပြောစမ်း နီလာကို . . . နင် ရှုတ်ရှုတ်



လုပ်မယ် မကြံနဲ့နော်၊ ငါ့အကြောင်းလည်း သိရဲ့သားနဲ့"

"နင့်ကို မလိမ်ပါဘူးဟာ၊ အခု ခဏလေး အတွင်းမှာ ဖြစ်ပျက်သွားတဲ့ကိစ္စကို ငါပြောပြမှာပါ။ ရယ်စရာလည်းကောင်းသလို ငါ့စိတ်ထဲမှာလည်း ရှက်သလိုလို ကြောက်သလိုလို ဖြစ်နေမိတယ်"

နီလာကို့စကားတွေကို နားထောင်နေရင်းကပင် နားလည်ရခက်နေပြန်၏။ စိတ်မရှည်ချင်တော့သည်မို့ . . .

"ဘာလဲ နင်က ဘာတွေငေးပြီး ဘာတွေ မလုံမလဲဖြစ်ရတာလဲ နီလာကို"

"ငါ ဘာဖြစ်သွားလဲ မသိတာ အမှန်ပဲ၊ ဒီနေ့မှ နင့်ကိုကိုကို သေချာကြည့်မိတာ၊ နင့်ကိုကိုက တကယ်ချောတာပဲ၊ပြီးတော့ ယောကျ်ားပီသတဲ့ပုံပဲ"

"ကြည့်စမ်း၊ ဒီအရွယ်ဒီအတန်းနဲ့ ဒီစကားမျိုး ပြောရသလား နီလာကို"

"ငါတို့အရွယ်က မငယ်တော့ဘူးဟာ၊ ဒီအရွယ်က စိတ်ကစားတတ်တယ်၊ အပြောင်းအလဲ ဖြစ်တတ်တယ်လို့ ကြားဖူးနားဝရှိတယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နှင့်ကိုကိုကို ပေးမိပြီး ငါ မလုံမလဲဖြစ်မိတာ၊ နှင်ရော ဘာထူးသေးလဲ သဇင်၊ နှင်အပျိုဖြစ်လာလို့ နှင့်ကို ပိုးချင်ကြည့်ချင်ကြတဲ့ သူတွေအများကြီးပဲ မဟုတ်လား"

"ငါက ငါပဲ၊ ကိုကိုက ကိုကိုပဲ ဘာဆိုင်တာမှတ်လို့"

"ဆိုင်တာပေါ့၊ နှင်ရော ငါတို့ရော အတူတူ အရွယ်ရောက်လာကြတာပဲဥစ္စာ၊ နှင်ရော ကိုကို့ကိုကြည့်ပြီး ငါ ချီးမွမ်းသလို မချီးမွမ်းဘူးလား"

"ငါကတော့ သူ့ကို မြင်နေတွေ့နေကျမို့လား မသိဘူး၊ ဘာမှမဖြစ်ဘူး၊ ငါ့မျက်စိထဲမှာတော့ ကိုကိုက သိပ်ထူးထူးခြားခြား ဖြစ်မနေဘူး နီလာကို"

လူတစ်ယောက်နှင့်တစ်ယောက် အကြိုက်မတူနိုင်သလို ကြည့်ပုံမြင်ပုံချင်းကလည်း ကွဲပြားတာ သဘာဝပဲဖြစ်သည်။

"နှင်တို့တွေက မောင်နှမအရင်း မဟုတ်ကြဘူးနော်"

"အဲဒါ ဘာဖြစ်လဲ နီလာကို"

"အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုး



ချင်းငြိဆိုတဲ့စကားပုံက ရှိတယ်မဟုတ်လား"

"အေး . . . စကားပုံက စကားပုံပဲ နီလာကို၊ ငါ နှင့်လို စိတ်ကူးယဉ်ဖြစ်ခဲ့ရင်တောင်မှ ကိုကို့လို လူစားမျိုးကို အိပ်မက်မက်တောင် ခေါင်းထလျှော်ပစ်လိုက်မှာ"

"နှင်က ပြောအားရှိမှာပေါ့၊ ရုပ်ချောဥစ္စာပေါ တစ်ဦးတည်းသော သူဌေးသမီးပဲဥစ္စာ"

"အေး . . . ဘာဖြစ်သေးတုန်း"

နီလာကို မခံချင်အောင် ပက်ခနဲပြောနေမိသည်။ နီလာကိုကတော့ အပြုံးအရယ်မပျက်ဘဲ ကိုကိုထွေးနှင့် ပတ်သက်သည်များကို ဆက်ပြောသည်။

"အေးပါ နှင် အခြေကြီးမှန်းကို သိပါတယ်၊ ဒါ ထားပါတော့ နှင်သာ ဂရုမစိုက်တာ၊ ကိုကိုထွေးကိုတော့ နှင်နဲ့အပြိုင်ပဲ လူတွေက နေရာပေး ဂရုစိုက်လာကြတာ၊ တစစ တစ်နှစ်နှစ်နဲ့ နှင့် နေရာ တော်တော်များများကို သူက ဖွဲ့ဖွဲ့ယူသွားတာနော်၊ ပညာရေး လူမှုရေးတွေမှာ လေ"

နီလာကိုပြောမှပင် မသိမသာ ဖြစ်ပျက်ခဲ့သောကိစ္စများက အတွေးထဲမှာ ထင်ထင်ရှားရှားဖြစ်လို့လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမပတ်ဝန်းကျင်မှာ ကိုကိုထွေး စရောက်လာကတည်းက တစ်နေ့ထက်တစ်နေ့ သူမ ဖွဲ့ပေးလိုက်ရခြင်းတွေက နည်းနည်းနောနောတော့ မဟုတ်ပေ။

“နင် ဒီစကားမျိုး ပြောလာမှ ငါတွေးမိတာ နီလာကို၊ ငါ သူ့ကို မသိမသာနဲ့ ဖွဲ့ဖွဲ့ပေးလိုက်ရတာတွေက တော်တော်များနေပြီပဲ”

“အဲဒါပြောတာပေါ့ သဇင်၊ ငါတို့အမျိုးတွေထဲမှာ အဲဒီလို အရှုပ်အရှင်းတွေ ရှိတယ်၊ အမွေပေါ့ဟာ၊ အခု ဘာမှမဖြစ်ကြပေမယ့် နောင်တစ်ချိန်ကျရင် နင့်ကိုကိုက နင်တို့ပိုင်တဲ့ ဥစ္စာတွေကို ဖွဲ့ယူမယ့်လူ ဖြစ်နေမှာနော်”

“ဘာလဲ ငါရမယ့်ပစ္စည်းတွေကို သူကပါဝေစုခွဲချင်တဲ့သဘောလား နီလာကို၊ အဲဒါတော့ မဖြစ်နိုင်ဘူး ထင်တာပဲ၊ သူက လိုချင်တယ်ဆိုတာတောင် ဘယ်လိုမှ ရနိုင်မှာမဟုတ်ဘူး”

“ဘာဖြစ်လို့လဲ သဇင်”

“သူပေါ်လာလို့ မဟုတ်ဘူး . . . ဒယ်ဒီနောက်အိမ်ထောင်တွေ ဘာတွေပြုဖြစ်မှာစိုးလို့ဆိုပြီး ဒယ်ဒီကိုယ်တိုင် မာမီဆုံးပြီး မကြာခင်မှာပဲ



ငါတို့ပိုင်တဲ့ပစ္စည်းတွေကိုရော၊ လုပ်ငန်းတွေအားလုံးကိုပါ ရှေ့နေတွေနဲ့ တိုင်ပင်ပြီး ငါ့ကိုလွှဲပေးထားခဲ့တာ၊ သူရရင်တောင် ကျန်တဲ့ပစ္စည်း နည်းနည်းပါးပါးကိုပဲရမှာ”

နီလာကိုသိအောင် ပြောပြရင်းကပင် ကိုကိုထွေးနှင့်ပတ်သက်ပြီး သူမရင်မှာ သောကစိတ်တွေ စတင်သန္ဓေတည်ခဲ့သည်လေ။

❖

“ကြီးမေရေ . . . ထမင်းစားတော့မယ်”

မီးဖိုချောင်မှာ အလုပ်ရှုပ်နေသော ကြီးမေကို ပြေးဖက်ရင်းကပင် ပြောလိုက်မိသည်။ ကြီးမေကလည်း လုပ်လက်စအလုပ်များကို ခဏပစ်ထားခဲ့ပြီး သူမကို ခူးခပ်ကျွေး၏။

“စားကောင်းရဲ့လား သဇင်”

“ကောင်းတာပေါ့ ကြီးမေ၊ ကြီးမေလက်ရာက ကောင်းပြီးသားဆိုတော့ ဘာဟင်းချက်ချက် စားကောင်းနေတာပဲ”

ကြီးမေ အပင်ပန်းခံသမျှကို မြိန်ရည်ရှက်ရည် စားသောက်ပြလျှင် ကျေနပ်သူဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စားရင်းသောက်ရင်းကပင် စားပွဲပေါ်မှာ သတ်သတ်ခွဲခပ်ထားသော ဟင်းပန်းကန်ကို သွားတွေ့သည်။

"ဒီပန်းကန်ထဲက ဘာဟင်းတွေလဲ ကြီးမေ"

"သမီးစားနေတဲ့ ကြက်အသည်းအမြစ်ရယ်၊ ပြီးတော့ ငါးဖယ်သုတ်ရယ်လေ"

"ဘယ်သူ့အတွက် ခွဲခပ်ထားတာလဲ၊ ဒယ်ဒီက မနက်စာမှ မစားဘဲဥစ္စာ"

မေးလိုက်တုန်းက ကိုကိုထွေးအတွက်ဖြစ်မည် . . . ဟု မထင်ထားခဲ့ပေ။

"ကိုကို့အတွက်လေ သဇင်"

"ဟင်"

ကြီးမေပြောလိုက်မှ စိတ်ထဲမှာ အချဉ်ဖောက်သွားမိသည်။ ကြီးမေကတောင် ကိုကိုထွေးကို အရေးပေးပြီး ဟင်းတွေဘာတွေ ခွဲခပ်ထားနေပြီ။

"ဘာလုပ်တာလဲ သဇင်၊ ဒီမှာဟင်းတွေ ရှိရဲ့သားနဲ့ကွယ်၊ သူ့ခမျာ ရေပိုက်ပျက်လို့ တခြားသူသွားမခေါ်ဘဲ သူကိုယ်တိုင် အပင်ပန်းခံပြီး ပြင်နေတာ"

"မရဘူး ကြီးမေ၊ သဇင့်အတွက် ဟင်းတွေရော၊ သူ့အတွက် ဟင်းတွေကိုပါ အကုန်ထိုင်



စားပစ်မှာပဲ၊ ပြီးမှ အစာကြေဆေး သောက်တော့မယ်"

"သဇင်ကတော့ကွယ် အရမ်းဆိုးတာပဲ"

"ဘာလဲ . . . ကြီးမေက ကိုကို့ကို အရေးပေးချင်တဲ့သဘောလား"

"ဒီလို မဟုတ်ပါဘူး"

"မရဘူး ကြီးမေ၊ သဇင် ကြည့်နေတာကြာပြီ၊ အရင်ထက်စာရင် အားလုံးက သဇင့်အပေါ် ဂရုစိုက်ကြတာ လျော့သွားတာ သေချာတယ်"

လုပ်ချင်ရာလျှောက်လုပ်တတ်သောအကျင့်ကို သိနေသောကြောင့် ကြီးမေတစ်ယောက် ဒီအတိုင်း လက်ပိုက်ပြီး ကြည့်နေရတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

၇။

ကိုကိုထွေးတစ်ယောက် ရောက်မလာခင်တုန်းကတော့ ပတ်ဝန်းကျင်ရှိ လူအားလုံးက သူမကို ပထမဦးစားပေး ဆက်ဆံကြသည်။ ကိုကိုထွေးကတော့ သူမ၏ဩဇာသက်ရောက်မှုများကို မသိမသာနေရင်းကပင် ဖွဲ့ဖွဲ့ယူသွားလေ၏။ ကိုကိုထွေးက သူမ၏ပြိုင်ဘက်တော့ မဟုတ်ပေ။

အချိန်မရွေးဆိုသလို ကိုကိုထွေးကို သူမ အနိုင်ရနေသောကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရုံမှတစ်ပါး ဒီအတိုင်းကြည့်နေခဲ့ရ၏။

"ညီမလေး"

"ဘာလဲ"

"ရွှေနှစ်ဆိုရင် ကိုကိုတို့က ဆယ်တန်းရောက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာနော်"

"အဲဒါဘာဖြစ်သလဲ ကိုကို၊ ဘာလဲ နင်က ငါ့ကို ပြိုင်ချင်တဲ့သဘောလား"

"မပြိုင်ပါဘူး ညီမလေးရာ၊ ကိုကိုဖြင့် ဒယ်ဒီတို့ ညီမလေးတို့ရဲ့ ကျေးဇူးကြောင့် ဒီအခြေအနေထိ ရောက်လာခဲ့ရတဲ့သူပါ"

"ကိုယ့်ဘဝကိုယ် သိရင်လည်း ပြီးတာပါပဲ၊ ဘဝင်မြင့်ပြီး ပခုံးချင်းယှဉ်နိုင်တဲ့တစ်နေ့မှာ သဇင်မြင့်ဝေကိုများ မော်ကြည့်မလားလို့ပါ"

"ညီမလေးရာ ကိုကို့ဘဝမှာ ညီမလေးနဲ့ ဒယ်ဒီတို့ပဲ ရှိတာပါ၊ ညီမလေးက ကိုကို့အပေါ် ဘယ်လောက်ပဲဆိုးဆိုး ကိုကို အပြစ်မယူဘူး ညီမလေး"

ကိုကိုထွေးကို ကြည့်နေရင်းကပင် တစ်ခုခု ခိုင်းချင်စိတ် ဖြစ်သွားမိသည်။ ကိုကိုထွေးစိတ်ကို စမ်းသည့်အနေဖြင့် တမင်ရွေးခိုင်းလိုက်မိသည်။

"ငါ့ကို တစ်ခုကူညီပါလား ကိုကို၊ ငါ့ရဲ့ဖိနပ်စင်မှာ မစီးဖြစ်လို့ မှိုတက်နေတဲ့ဖိနပ်တွေ ရှိနေတယ်၊ အဲဒီဖိနပ်တွေကို ရေ သေသေချာချာဆေးပြီး နေပူလှန်းပေးပါလား"



တမင်တင်စီးမှန်းသိအောင် လေသံကို မြှင့်ပြော၏။

ကိုကိုထွေးငြင်းလည်း ကိစ္စမရှိ။ သူမ၏ စမ်းသပ်မှုက အရှုံး မရှိတာ သေချာနေ၏။

"ရပါတယ် ညီမလေး၊ ကိုကို အခုပဲ သွားလုပ်ပေးပါ့မယ်"

"လုပ်တာကိစ္စ မရှိဘူး၊ လူကြီးတွေ တွေ့သွားရင် နင် ဘယ်လိုပြောမှာလဲ၊ ငါလုပ်ခိုင်းတာလို့ ပြောမှာ မဟုတ်လား ကိုကို၊ အဲဒီလိုပြောမှာဆိုရင်တော့ အဲဒီဖိနပ်တွေကို နင် သွားမထိနဲ့"

"ညီမလေးခိုင်းတာလို့ ကိုကို မပြောပါဘူး၊ သွားလုပ်လိုက်ပါ့မယ် ညီမလေး"

ခိုင်းမိပြီးမှ သနားချင်စိတ်ဖြစ်သွားမိသေးသည်။

ဒီလိုပညာမပေးထားရင် တစ်နေ့ ရောင့်တက်မှာစိုးရသည်ဟူသော အတွေးကြောင့်ပင် မတားဘဲ လွှတ်ပေးထားလိုက်၏။

ကိုကိုထွေးကို ဖိနပ်တွေ ဆေးကြောသုတ်သင်ခိုင်းပြီး သူမ ကတော့ ကက်ဆက်ဖွင့်ကာ ငြိမ့်နေမိသည်။

သူမ၏စည်းစိမ်ခံစားမှုသည် ကြာရှည်မခံလိုက်ပေ။

"ဘယ်လိုဖြစ်တာတုန်း . . . ကက်ဆက်ဖွင့်ပြီး နားမညည်းလွှန်းဘူးလား သဇင်"

www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံကို လွှမ်းအောင်အော်ပြောရင်းကပင် ကက်ဆက်ခလုတ်ကို ကြီးမေ ပိတ်လိုက်သည်။

"ကြီးမေကလည်း ဒီမှာ ဖီလင်အောက်သွားပြီ"

"ဖီလင်အောက်တာတွေ ဘာတွေလုပ်မနေနဲ့ သဇင်၊ နင့်ကိုကိုက ဖိနပ်တွေ ဆေးကြောသုတ်သင်နေပါလား"

"အဲဒါများ ဘာများအရေးကြီးလဲလို့"

"အရေးကြီးတယ် သဇင်၊ အဲဒါ ညည်း တာမင်ခိုင်းတာ မဟုတ်လား"

ကိုကိုထွေးကတော့ အပြောနှင့်အလုပ် တလွဲတွေလုပ်ပြန်ပြီထင်၏။ ဒီပုံစံအတိုင်းဆိုရင်တော့ ပြဿနာက သူမခေါင်းပေါ်သို့ ပုံကျတော့မှာ သေချာသည်။

"နေပါဦး ကြီးမေ၊ အဲဒီလိုစကားမျိုး ကိုကိုပြောလို့လား"

"မပြောဘူး၊ ညည်းလက်ချက် မကင်းဘူးဆိုတာ ငါသိနေလို့ပဲ သဇင်"

"ကြီးမေရယ် သူ့ဘာသာသူ မနေတတ် မထိုင်တတ်လို့ အလုပ်မရှိ အလုပ်ရှာပြီး သမီးဖိနပ်တွေကို သန့်ရှင်းပေးနေတာပဲ၊ အနေသာကြီးပဲ ကြီးမေရာ"



"ညည်းနေသာပေမယ့် ငါမနေသာဘူး၊ ညည်းရဲ့ကြီးမှာပေါ့၊ ကိုကိုက ညည်းထက် အသက်ကြီးတယ်"

"ကြီးမေ ကိုကိုထွေးက ဒီအိမ်မှာကပ်နေတဲ့သူ သူ့စိမ်းပဲ၊ သမီးက ကြီးမေရဲ့တူမအရင်းနော်"

ကြီးမေတစ်ယောက် သက်ပြင်းတွေချပြီး သူမအနားမှ ထွက်သွားလေ၏။ ကက်ဆက်ခလုတ်ကို ပြန်ဖွင့်ပြီး အသံကို မြှင့် ထားလိုက်သည်။

❖

တစ်ဦးတည်းသောသမီး သဇင်မြင့်ဝေတစ်ယောက် တော်တော်များများကို လုပ်ခွင့်ရှိသော်လည်း သူမ အလုပ်ချင်ဆုံးတစ်ခုကိုတော့ ဒယ်ဒီက ခွင့်မပေးခဲ့ပေ။ သူမတို့အိမ်မှာရော ကုမ္ပဏီမှာပါ ကားတွေ အများကြီးရှိသလို ဒယ်ဒီကိုယ်တိုင်ကပင် သူမအတွက် ကားတစ်စီး ဝယ်ပေးနိုင်သည့် အနေအထားတွင် ရှိနေ၏။

သို့ပေမယ့် ဒယ်ဒီက သူမကို ကားမောင်းခွင့် မပေးသလို ကားတစ်စီးလည်း ဝယ်မပေးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေ . . . ကိုကိုတစ်ယောက် မမြင်ပါ
လား၊ ဒယ်ဒီရော အပြင်သွားပြီလား"

ကျောင်းပိတ်ရက်မို့ နေမြင့်မှ အိပ်ရာထပြီး အရှက်ပြေ
လျှောက်မေးဖြစ်သည်။

"လုပ်မနေနဲ့ သဇင်၊ စားစရာရှိတာကိုသာ စား၊
ကိုကိုက ညည်းဒယ်ဒီကို ကားမောင်းပို့ပေး
တယ်၊ ဒရိုင်ဘာ ဒီနေ့နားတယ်လေ"

ကြီးမေပြောလိုက်သော စကားကြောင့်ပင် သောက်
လက်စ ကော်ဖီတစ်ငုံက နင်မလို ဖြစ်သွားခဲ့သည်။

ဘယ်ကနေ ဘယ်လိုမျှား ကိုကိုထွေးတစ်ယောက် ကား
မောင်းတတ်သွားသည် မသိပေ။

သူမအတွက်တော့ ကိုကိုထွေး ကားမောင်းတတ်တာ
ရော ဒယ်ဒီကို လိုက်မောင်းပို့တာကိုပါ အထူးဆန်းလို ဖြစ်နေ
၏။

"နေပါဦး ကြီးမေ၊ ကိုကိုက ဘယ်ကနေ
ဘယ်လို ကားမောင်းတတ်သွားရတာလဲ၊
ဒယ်ဒီကရောဘာဖြစ်လို့ ကိုကို့ကို ကားမောင်း
ခွင့်ပြုရတာတုန်း"

"ဟဲ့ ကိုကိုက ယောက်ျားလေးပဲ၊ ကားမောင်း
တတ်တာ ဆန်းသလား၊ သူက အငြိမ်နေတဲ့သူ



မဟုတ်ဘူး၊ မောင်းတတ်တာ ဘာဖြစ်လဲ"

"မဟုတ်ဘူးလေ၊ သမီး ကားမောင်းချင်တာ
ရော ကားမောင်းသင်တန်းတက်မယ်ဆိုတာ
ကျတော့ ဒယ်ဒီက ဒီနေ့အထိ ပိတ်ပင်ထား
တာလေ၊ ကိုကို့ကျတော့ ဘာလို့ခွင့်ပြုရတာ
တုန်း"

"ညည်းဒယ်ဒီ ပိတ်ပင်တာလည်း မပြောနဲ့၊
ညည်းသာ ကားမောင်းတတ်ရင် အိမ်ကပ်မှာ
မဟုတ်ဘူး၊ တိုက်မိခိုက်မိတဲ့အတွက် လျော်ဖို့
ပိုက်ဆံက အသင့်ဆောင်ထားရမှာ၊ ညည်းကို
စိတ်မချလို့ ပိတ်ပင်တာပေါ့"

"လုံးဝ မတရားဘူး၊ သမီးအရင်းကျတော့
ဒီတိုင်းနေရပြီး ဘာမဟုတ်တဲ့ လမ်းဘေးက
ကောက်ခေါ်လာတဲ့လူကိုကျတော့ မဟာ
အခွင့်အရေးတွေပေးတယ်၊ ဒယ်ဒီပြန်လာရင်
တော့ ဒီကိစ္စကို ရှင်းမှဖြစ်မယ်"

သူမတစ်ယောက်တည်း အကြီးအကျယ် ဒေါသ ဖြစ်နေ
မိသည်။ ကြီးမေကတော့ သူမ ကြိမ်းမောင်းနေပုံကို မျက်နှာရှုံ့မဲ့
ပြီး ကောင်းချီးပေးသွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲမှာတော့ ကိုကိုထွေး ကားမောင်းတတ်တာရော၊ ကားမောင်းခွင့်ရတာကိုပါ အစာမကြေ ဖြစ်နေမိသည်။

❖

"ဒယ်ဒီ"

"ဘာလဲ သမီးလေး"

"သဇင်ကျတော့ စိတ်မချဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ကားမမောင်းခိုင်းဘူး၊ ကိုကိုကျတော့ ဘာဖြစ်လို့ ကားမောင်းခွင့်ပြုရတာလဲ ဒယ်ဒီ"

"ဒီအတွက် သမီးလေး ဘဝင်မကျဖြစ်နေတာလား၊ ဒါကတော့ ကိုကိုနဲ့သမီးလေးက အများကြီးကွာတယ်၊ ကိုကိုက စိတ်ချရတယ်၊ ပြီးတော့ ယောကျ်ားလေး၊ သမီးလို စိတ်ထင်ရာ ခွတ်လုပ်တတ်တဲ့စရိုက် မရှိဘူးလေ"

"ကောင်းပြီ...ဒယ်ဒီ၊ဒီလိုသာ စိတ်မချဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ တစ်သက်လုံး သမီးကားမမောင်းရတော့ဘူးပေါ့၊ မွေးစားသားမောင်းတဲ့ကားကိုပဲ အောက်ကျို့ခံ၊ မျက်နှာငယ်လေးနဲ့ လိုက်စီးရမှာလား ဒယ်ဒီ"



"သမီးလေး ဘယ်လိုပြောလိုက်တာလဲ၊ ကိုကိုက သမီးအနှံတာကိုခံတဲ့သူ၊ ပြီးတော့ ဒယ်ဒီတို့မိသားစုအတွက် အားကိုးအားထားပြုလို့ရတဲ့သူပဲ၊ သမီးမှာ အစ်ကိုအရင်းရှိခဲ့တယ်ဆိုရင်တောင် ကိုကိုလောက် အနှံတာခံလိမ့်မှာမဟုတ်ဘူး၊ ဒီလိုစိတ်ဝမ်းကွဲတဲ့စကား သွေးကွဲစေမယ့်စကားမျိုးကို ဒယ်ဒီကြားတာ ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေသမီး၊ ဘာပဲပြောပြော ကိုကိုထွေးဟာ သမီးရဲ့ အစ်ကိုရင်းတစ်ယောက်လို့ပဲ သမီးသဘော ထားရမယ်"

ဒယ်ဒီကို စကားနာထိုးပြီး စိတ်ဆိုးပြပေမယ့် အရာမထင်ခဲ့ပေ။ ကိုကိုထွေးကတော့ လူတွေ၏ချစ်ခင်ကြင်နာမှုအောက်မှာပင် သူမကို စိတ်ဒုက္ခကောင်းကောင်းကြီး ပေးနေမှာသေချာနေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



၆။

ဝင်းမြင့်ထွေးကတော့ သူမတို့ ဆယ်တန်းမှာရော၊ သူမတို့ လူငယ်ကြားမှာပါ နာမည်ကြီးသူတစ်ယောက်ဖြစ်သည်။ ဝင်းမြင့်ထွေးကတော့ နီလာကိုနှင့် မောင်နှမတစ်ဝမ်းကွဲတော်သည်။

နီလာကိုကတော့ ဒီပြင်မိန်းကလေးသူငယ်ချင်းတွေထက် သည်းခံနေတတ်တော့ သူမနှင့် အနေနီးသူဖြစ်ခဲ့သည်။

အခုလည်း ဝင်းမြင့်ထွေး၏မွေးနေ့ပွဲမှာ တမင်ဖိတ်ကြားခြင်းခံရသောကြောင့် ကိုကိုထွေးကို ကားမောင်းပို့ခိုင်းရသည်။ ကိုကိုထွေးကိုပါ ဖိတ်သည့်ပုံစံဖြင့် ဒယ်ဒီကို ပြောသောကြောင့် လိုလိုချင်ချင်လွှတ်ခဲ့သည်။

"မွေးနေ့ပွဲက ဒီဆိုင်မှာလား ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



တိုမှာ နီလာကိုနဲ့ဝင်းမြင့်ထွေးတို့

ကြပြီ၊ နင်ကတော့ ဆိုင်ထဲ ဝင်လိုက်

နဲ့ ဝင်းမြင့်ထွေးက ငါတစ်ယောက်တည်း

ကိုပဲ ရွေးဖိတ်တာ"

"နေပါဦး ညီမလေး၊ ညီမလေး . . . ဒယ်ဒီကို

ပြောခဲ့တုန်းက နီလာကိုရဲ့မွေးနေ့ဆို၊ မီးတော့

အိမ်မှာပဲဆို၊ ဘာလဲ မွေးနေ့ပွဲမှ ဟုတ်ရဲ့လား"

"စကားရှည်မနေနဲ့ ကိုကို၊ ကားပေါ်မှာ

နေခဲ့ဆို နေကျန်ခဲ့"

ကိုကိုထွေးကတော့ အောင့်သီးအောင့်သက်ဖြစ်ကာ

ကျန်ရစ်ခဲ့သည်။

သူမ တစ်ပတ်ရိုက်ပြီး ထွက်လာခဲ့တာအတွက် နောင်တ

ရနေမှာ သေချာ၏။

"သဇင်တစ်ယောက်တည်းပဲ လာမယ်ထင်

တာ၊ ဘာလဲ ကိုယ့်ကို စိတ်မချလို့ အဖော်ခေါ်

လာရတာလား"

"မဟုတ်ပါဘူး၊ အိမ်က မိုးချုပ်ကြီး မလွှတ်လို့

လေ၊ တမင်လာချင်လွန်းလို့ အကွက်ဆင်ပြီး

ထွက်ခဲ့ရတာ၊ သူက ကားပေါ်မှာနေခဲ့တာပဲ၊

ပြဿနာ မရှိပါဘူး"



ဝင်းမြင့်ထွေးယူထားသော အခန်းက လေးယောက်စာ

လောက်သာ ပြင်ဆင်ထား၏။

နီလာကိုက ခဏလေးနေပြီး အခန်းအပြင်သို့ ပြန်ထွက်

သွားသည်။

"ဒို့ပြင်သူငယ်ချင်းတွေရော မလာကြဘူးလား

မောင်"

"သဇင့်ကိုပဲ တကူးတက ဖိတ်ပြီး ကျွေးတာ

လေ၊ သဇင်နဲ့လည်း အေးအေးဆေးဆေး

စကားပြောချင်တာလည်း ပါတာပေါ့"

"ပြောလေ . . . ဘာပြောမှာလဲ"

"ကိုယ် ပထမတွက်တာက ဒီမှာ စားကြ

သောက်ကြပြီး တစ်နေရာရာကို အေးအေး

ဆေးဆေး သွားမယ်လို့ မှန်းထားတာ၊ အဖော်

ပါလာတော့ ကိုယ်တွက်သလို မဖြစ်ဘူး"

"ဒီမှာပဲ ပြောစရာရှိတာပြော၊ စားစရာရှိတာ

စားကြတာပေါ့၊ နောက် မတွေ့ကြတော့မယ့်

သူတွေ ကျနေတာပဲ"

"ကိုကိုထွေးနဲ့သဇင်က မောင်နှမအရင်းတွေ

မဟုတ်ကြဘူးနော်"

"ဟုတ်တယ် ဒယ်ဒီက သူ့ကို သနားလို့ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတာ၊ သူ့ဘဝက သနားစရာကောင်းပါတယ်"

"ကိုယ်တော့ သူ့ကို သနားတဲ့အထဲမှာ မပါဘူး သဇင်၊ ဘာဖြစ်လို့လဲဆိုတော့ သဇင့်အနားမှာ သူ နီးနီးကပ်ကပ်ရှိနေလို့ပဲ"

"မဆိုင်တာ၊ သူ့ကို သဇင်က ဆေးဖက်ကြောဖက် လုပ်တာမှမဟုတ်ဘဲ၊ မောင်နှမလို့လည်း မသတ်မှတ်ဘူး"

"သဇင်သာ မသိလို့ပါ၊ ပတ်ဝန်းကျင်ကတော့ အမျိုးမျိုးပြောကြတယ် သဇင်၊ ဘာပဲပြောပြော သဇင်က အရွယ်ရောက်လာရုံမကဘူး အရမ်းလည်း လှလှလာတယ်၊ ကိုကိုထွေးကို သဇင့်အိမ်ပေါ်မှာ ရှိမနေစေချင်တာ အမှန်ပဲ၊ မသင့်တော်ဘူး သဇင်၊ သဇင့်ဒယ်ဒီကို နားလည်အောင် ပြောပြပါလား၊ ကိုကိုထွေးလည်း ဆယ်တန်းရောက်နေပြီပဲ၊ ဘော်ဒါတွေဘာတွေမှာ သတ်သတ်နေဖို့ အဲဒီလို အကြံမျိုး သဇင့်ဒယ်ဒီကို မေးကြည့်ပါလား"

ဝင်းမြင့်ထွေးကတော့ တော်တော်လေး စကားပြောကောင်းသူဖြစ်၏။



သူမကို စိတ်ဝင်စားသည့်အကြောင်းကိုပြောရင်း ကိုကိုထွေးကိစ္စကိုပါ ထည့်ပြောသွားသေးသည်။

"ဟုတ်တယ်၊ ဒီအကြံ မဆိုးဘူး၊ ဒယ်ဒီကို ပြောကြည့်ရဦးမယ်"

"ကိုယ် ဘာကြောင့်စိုးရိမ်တယ်ဆိုတာကို သဇင် သိမှာပါနော်"

"မသိဘူး၊ နီလာကိုက ဘယ်သွားနေလဲ မသိပါဘူး"

စကားလမ်းကြောင်းလွှဲလိုက်ရပေမယ့် ရင်ထဲမှာတော့ ကျေနပ်မိသည်။

"ကိုယ်ခေပေးပါ့မယ်၊ စားပြီးသောက်ပြီးရင် ပြန်ကြတာပေါ့ သဇင်၊ ကိုယ့်ရဲ့ဖိတ်ခေါ်မှုကို အသိအမှတ်ပြုပြီး တကူးတကလာဖော်ရတဲ့အတွက် ကျေးဇူးတင်တယ်၊ နောက်အကြိမ်ပေါင်းများစွာ ကိုယ်တို့ တွေ့ကြတာပေါ့နော် သဇင်"

ရင်ထဲမှာ ကျေနပ်ပြီး အပြုံးစွက်ကာ ခေါင်းညိတ်မိသည်။

စားပြီးသောက်ပြီးကြသည်နှင့် ကားဆီသို့ ပြန်ခဲ့ပေးသည်။ သူမ ကားပေါ်ရောက်သည်နှင့် ကိုကိုထွေးက မောင်းထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းမြင့်ထွေးရဲ့မွေးနေ့ဆိုရင် ကိုကိုလိုက်ပို့မှာ မဟုတ်ဘူး၊ ပြီးတော့ ဝင်းမြင့်ထွေးနဲ့ ဒီလိုနေ့တာထိုင်တာ သွားတာလာတာကို လုံးဝ သဘောမကျဘူး ညီမလေး"

"ဒါပဲနော်၊ ဒီညကိစ္စ ဖေဖေ့နား ရောက်သွားရင်တော့ မလွယ်ဘူးသာမှတ်"

သူမ၏ရာဇသံကြောင့်ပင် ကိုကိုထွေး သက်ပြင်းမောတွေချနေလေ၏။

ကိုကိုထွေး၏စကားသံတွေ၊ အပြုအမူတွေကို ကြည့်ရင်းကပင် ဝင်းမြင့်ထွေးပြောခဲ့သောစကားများကို ကြားယောင်နေမိပြန်သည်။

❖

"ဒယ်ဒီနဲ့နှစ်ယောက်တည်း အေးအေးဆေးဆေး တိုင်ပင်ချင်လို့ စောင့်နေခဲ့တာ ကြာပြီ"

သူမပြောလိုက်သောစကားနှင့် မျက်နှာရိပ်မျက်နှာကဲကြောင့်ပင် ဒယ်ဒီ့မျက်နှာမှာ အံ့သြမှုတွေ ဖြစ်သွားသည်။

"အထူးအဆန်းပါလား သမီး၊ ဘာတွေများ သမီးလေးက တိုင်ပင်စရာ ရှိနေလို့လဲ"



"သမီးကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တယ်၊ သမီးအတွက် အရေးကြီးသလို ဒယ်ဒီ့အတွက်လည်း အရေးကြီးတဲ့ကိစ္စမျိုးပဲ ဒယ်ဒီ"

ဝင်းမြင့်ထွေးပြောပြီးကတည်းက ကိုကိုထွေးအကြောင်းက ခေါင်းထဲမှာ နေရာယူခဲ့တာ ကြာပြီပဲ။

"ပြောပါဦး သမီး . . . ဘယ်လောက်အရေးကြီးတဲ့ ကိစ္စမို့လဲ"

"ကိုကိုနဲ့ပတ်သက်တဲ့ကိစ္စပါ"

"ကိုကိုနဲ့ပတ်သက်တာ"

သူမကို ဒယ်ဒီက သေချာကြည့်သည်။ အမြဲတမ်းလိုလို ကိုကိုထွေးဘက်မှာ ရှိနေခဲ့သော ဒယ်ဒီ၊ ဒီတစ်ခါတော့ သူမစကားများကို နားဝင်မှာပဲဟု အကြွင်းမဲ့ ယုံကြည်ထားမိသည်။

"ဟုတ်ပါတယ် ဒယ်ဒီ၊ ကိုကို့ကို ဒီအိမ်မှာ ပေးမနေသင့်တော့ဘူး ဒယ်ဒီ"

"ဘာကြောင့်လဲ သမီး"

"သမီးက အရွယ်ရောက်နေပြီ၊ ကိုကိုက သမီးနဲ့ သွေးသားတော်တာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်ကလည်း အမျိုးမျိုး ပြောကြမှာပဲ၊ ကိုကိုကိုယ်တိုင်က စိတ်ဖောက်လွဲဖောက်ပြန် ဖြစ်လာရင်ဖြစ်လာမှာ ဒယ်ဒီ၊ ဒီလိုလုပ်ပါလား

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီရာ၊ သူ့ကို ဘော်ဒါပို့လိုက်ပါလား၊ အဲဒီ ကပဲ စာမေးပွဲဖြေခိုင်းပေါ့”

သူမစကားတွေကို အသေအချာနားထောင်နေ၏။ ဒယ်ဒီ ကတော့ ဒီလိုစိုးရိမ်မှုမျိုး မဖြစ်ခဲ့တာ သေချာနေသည်။ သူမ ရှင်းပြသောအခါမှ ဒယ်ဒီသဘောပေါက်မည်လား . . . ဟု မျှော်လင့်မိသည်။

“ဒီစကားကို သမီးကိုယ်တိုင်က မပြောဘဲ ကြီးမေက ပြောလာရင်တော့ ဒယ်ဒီစဉ်းစား ကောင်း စဉ်းစားလိမ့်မယ်၊ ဒီလိုစကားမျိုးဟာ သမီးကိုယ်တိုင် ဒယ်ဒီကို ပြောရမှာ မဟုတ် ဘူး၊ ပြီးတော့ ကိုကိုကလည်း ငယ်ငယ် ကတည်းက အတူတူ နေလာခဲ့တာ၊ ကိုကိုဟာ ဒီလိုစိတ်မျိုးမွေးမှာ မဟုတ်ဘူးဆိုတာကို ဒယ်ဒီ ယုံကြည်တယ်”

မျှော်လင့်ချက်တွေကတော့ ဒယ်ဒီ့စကားတွေကြောင့် ပြိုပျက်သွားရပြန်၏။

“ဒယ်ဒီ . . သမီးအတွက် ဒယ်ဒီ နည်းနည်း လေးတောင် မစိုးရိမ်တော့ဘူးလားဟင်၊ ပတ်ဝန်းကျင်က လူတွေကတောင် စိုးရိမ်တတ် ကြသေးတာပဲ”



“သမီးပြောတဲ့ ပတ်ဝန်းကျင်ကလူတွေဆိုတာ ဘယ်နှစ်ယောက်လဲ၊ ဘယ်သူလဲ သမီး၊ ဒယ်ဒီ တို့ မိသားစုလေးကို သွေးကွဲအောင်လုပ်တာ၊ သမီးနဲ့ ကိုကိုတို့ကြားကို သပ်လျှိုလိုက်တာပဲ၊ သူများပြောတဲ့အကြံနဲ့တော့ ဒယ်ဒီ့ကို လာ မပြောနဲ့ သမီး၊ ကိုကို့ကို ဒီအိမ်မှာပဲ ဆက်ထားမယ်၊ ကိုကိုဟာ သမီးကိုကို အရင်း ပမာပဲလို့ ဒယ်ဒီပြောခဲ့တာ အခုမှ မဟုတ်ဘူး”

“တော်ပြီ ဒယ်ဒီ၊ ဒယ်ဒီ စိတ်ချမ်းသာသလိုသာ လုပ်ပါတော့၊ ဖြစ်လာတဲ့ကိစ္စတွေကို သမီး ကုသိုလ်ပဲလို့ မှတ်လိုက်ပါ့မယ်”

“မဟုတ်သေးဘူး”

ဒယ်ဒီ့ကို ပြောမရ၊ စည်းရုံး၍မရသောကြောင့် အဲတော် လေး ဝမ်းနည်းသွားသည်။

ဒယ်ဒီ့ရှေ့မှာပင် ပြေးထွက်လာမိသည်။ လမ်းခုလတ်မှာ ကိုကိုထွေးနှင့် ဆုံရပြန်သည်။ ကိုကိုထွေးကတော့ တကယ့်ကို အောင်နိုင်သူကြီးတစ်ယောက် ဖြစ်လို့နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်တန်းစာမေးပွဲဖြေပြီးတော့ သူမအဖို့ နားနားနေနေ ဖြစ်နေ၏။ ကိုကိုထွေးကတော့ ဒယ်ဒီ့ကုမ္ပဏီကိစ္စ၊ အလုပ်ကိစ္စများနှင့် နပမ်းလုံးနေသည်။ ဒယ်ဒီကတော့ ကိုကိုထွေးကို သွေးသားရင်းထက်ပိုပြီး ယုံကြည်အားကိုးနေ၏။

နီလာကိုကတော့ သူမတို့အိမ်မှာ အဝင်အထွက်များလာသည်။ ကိုကိုထွေးက မကြိုက်ချင်ဟန်ပြသော်လည်း သူမကို ရှိန်နေ၍ မပြောဘဲနေခဲ့သည်။

ဝင်းမြင့်ထွေးနှင့်သူမတို့ အခြေအနေကလည်း ချစ်သူရည်းစားအဆင့်သို့ ရောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ နင့်ကိုကိုရော နင့်ဒယ်ဒီရော မရှိကြဘူးလား"

"မရှိကြဘူးလေ၊ ဒယ်ဒီကတော့ ကိုကို့ကို စီးပွားရေးသမားဖြစ်အောင် လက်ထပ်သင်ပေးနေတာ၊ ငါ့ကို ရှိနေတယ်လို့တောင် မထင်ကြတော့ဘူး"

"သူတို့မရှိတုန်း နင့်ကို ပြောရဦးမယ် သဇင်"

"ဘာလဲ နင့်အစ်ကိုက တွေ့ချင်ပြန်ပြီတဲ့လား၊ အိမ်က ထွက်ရဖို့ရတာ မလွယ်ဘူး၊ အချိန်အကြာကြီးထွက်ဖို့ဆိုရင် ကိုကိုပါမှ ဒယ်ဒီလွှတ်မှာ၊ ငါနဲ့ ဝင်းမြင့်ထွေးကိစ္စကို, ကိုကိုသိလို့ မဖြစ်ဘူး နီလာကို"

"နင့်ကို တွေ့ချင်တာ အခြားမဟုတ်ဘူး သဇင်၊ နင့်ကိုကိုကြောင့်ပဲ၊ နင့်ကိုကိုက ဝင်းမြင့်ထွေးကိုတောင် လာတွေ့ပြီးသွားပြီ"

နီလာကိုပြောသောသတင်းကတော့ သူမ, မသိရသေးသော နောက်ဆုံးသတင်းဖြစ်ဟန်တူသည်။

ကိုကိုထွေးတစ်ယောက် ဘယ်လိုများ သတင်းအစအန ရသွားပါလိမ့် . . . ဟု စဉ်းစားဖြစ်မိသည်။



"ကိုကိုက ဝင်းမြင့်ထွေးကို လာတွေ့တယ်"

"ဟုတ်တယ် သဇင်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဝင်းမြင့်ထွေး အရမ်းဒေါသဖြစ်နေတယ်"

"ကိုကိုက ဘာတွေပြောသွားလို့တုန်း"

"စုံနေတာပဲ သဇင်၊ နင့်ကို အဆက်အသွယ်မလုပ်ဖို့ရော၊ ရှေ့ဆက်မတိုးဖို့ပါ ခြိမ်းခြောက်သွားတယ်"

"သူနဲ့ဘာဆိုင်လို့တုန်း၊ ဒီကိစ္စက ငါ့ကိုယ်ရေးကိုယ်တာပဲ သူ ဝင်ပါစရာ မလိုဘူး၊ ပြန်လာမှ ငါနဲ့ ကောင်းကောင်းတွေ့မယ်"

"နင်နဲ့ နင့်ကိုကို စာရင်းရှင်းတာက နောက်မှ၊ အခုလောလောဆယ် ဝင်းမြင့်ထွေးကို နင်သွားတွေ့ပြီး ချော့မှကောင်းမယ်၊ စိတ်မကောင်းဖြစ်ပြီး ဒေါသတွေကြီးနေတယ် သဇင်"

"သူရှိတဲ့နေရာကို နင်သိလား နီလာကို"

"သိတာပေါ့၊ နင့်ကို အရမ်းတွေ့ချင်နေတာ၊ အခု ချက်ချင်း နင်အိမ်ကထွက်လို့ ဖြစ်ပါ့မလား သဇင်"

အိမ်မှာ ကြီးမေသာ ရှိနေ၏။ နီလာကိုအား ပြန်လိုက်ပို့သလိုနှင့် အလစ်ထွက်ရင် ရနိုင်ကောင်း၏ . . . ဟု တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို လိုက်ပို့ရင်းနဲ့ ငါ အရဲစွန့်ပြီး သူ့ကို လိုက်တွေ့မယ် နီလာကို"

"ကောင်းတယ်"

နီလာကိုနှင့် သူမတို့အခြေအနေကို ကြီးမေက မလှမ်းမကမ်းမှနေပြီး အကဲခတ်ကြည့်နေ၏။

"ကြီးမေရေ . . . ခြံဝအထိ နီလာကိုကို ပြန်လိုက်ပို့ပေးလိုက်ဦးမယ်"

အိမ်နေရင်းအဝတ်အစားနှင့်မို့ အပြင်ထွက်လိမ့်မည် . . . ဟု ကြီးမေ မထင်ပေ။ သူမလက်ထဲမှာလည်း ပိုက်ဆံအိတ်ပင် မပါခဲ့ပေ။

❖

"သဇင် တကယ်လိုက်လာတယ် ဟုတ်လား"

"လိုက်ခဲ့ရမှာပေါ့၊ ကိုကိုပြောခဲ့ဆိုခဲ့တာတွေအပေါ် အရမ်းဖိလင်ဖြစ်နေမှာ စိုးလို့လေ၊ ဒီကအပြန်မှာ ကိုကိုနဲ့ စာရင်းရှင်းမှာ သိလား"

နီလာကိုခေါ် သွားသော ခြံထဲရောက်တော့ ဝင်းမြင့်ထွေးနှင့် သူငယ်ချင်းတွေ လေးငါးယောက်ကို တွေ့ရ၏။

ဝင်းမြင့်ထွေး မျက်ရိပ်ပြလိုက်သည်နှင့် နီလာကိုနှင့်



တကွ အားလုံးသောသူများ ရှောင်ထွက်သွားကြ၏။

"ဂရုစိုက်တာတော့ မဟုတ်ဘူး သဇင်၊ သဇင့်ဒယ်ဒီ သိသွားပြီး ကိုယ်တို့ချစ်ခြင်းကို ခွဲမှာပဲ စိုးရိမ်တာပါ"

"ဒယ်ဒီသိတဲ့အခြေအနေထိ မရောက်ပါဘူးကွာ၊ ကိုကို့ကို ငယ်နိုင်ပါ၊ သဇင့်ကို သူ မကျော်နိုင်ပါ ဘူး"

ချစ်သူရည်စားဖြစ်ကြပေမယ့် ဒီလိုမျိုး တစ်ခါမှ လွတ်လွတ်လပ်လပ် မတွေ့ဖူးခဲ့ပေ။ ဝင်းမြင့်ထွေးက နှစ်ယောက်ချင်းတွေ့ချင်သည် . . . ဟု နားပူနားဆာလုပ်လွန်းသော်လည်း အခြေအနေ မပေး၍ လွတ်လွတ်လပ်လပ် မတွေ့ဖြစ်ပေ။

စကားပြောရင်းကပင် သူမကိုယ်လေးကို ဝင်းမြင့်ထွေး သိမ်းကြုံးဖက်ထားလိုက်၏။ ရုတ်တရက်ဆိုတော့ နည်းနည်းကြောက်သွားမိသည်။

"ဘာလို့ဖက်ရတာလဲ၊ တော်ကြာ ဒီပြင်လူတွေ ချောင်းကြည့်နေမှဖြင့် ရှက်စရာ"

"ဘယ်သူမှ ကြည့်ကြမှာ မဟုတ်ပါဘူး သဇင်၊ ကိုယ်တော့လေ သဇင့်ကိုကို လာပြီး ပွဲကြမ်းတာကိုတောင် ကျေးဇူးတင်ရမလိုဖြစ်နေပြီ သိလား"

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှာ ထည့်ထားပြီး သူမကို စိတ်တိုင်းကျပြုမူ တော့၏။

"တော်ပြီကွာ၊ အချိန်သိပ်ရတာ မဟုတ်ဘူး၊ သူ အားငယ်နေမှာစိုးလို့ အရဲစွန့်ပြီး လိုက် လာခဲ့တာ၊ သဇင်ပြန်တော့မယ်နော်"

ဝင်းမြင့်ထွေးကျေနပ်အောင် ပြောလိုက်ရပေမယ့် ပြန် ချင်စိတ်တော့ မရှိသေးပေ။

လိုအပ်သည်ထက် ပိုကြာနေရင်လည်း မလိုအပ်ဘဲ ပြဿနာတစ်ခု ထပ်တက်ဦးမည်ဖြစ်၏။

"မပြန်နဲ့တော့ သဇင်၊ ကိုယ်တို့ မခွဲမခွာနေရဖို့ ဒီတစ်နည်းပဲရှိတော့တယ်၊ သဇင်ပြန်ချင် လည်း ကိုယ်ပြန်ပို့ပေးမှာ မဟုတ်ဘူး"

"မနောက်နဲ့ကွာ"

"ကိုယ် တကယ်ပြောနေတာ၊ သဇင် ကိုယ့်ကို ချစ်တယ် မဟုတ်လား"

အတည်ပေါက် ပြောနေသလို ဝင်းမြင့်ထွေး အပြုအမူတွေကလည်း တစ်စထက်တစ်စ ပိုပိုကဲလာ၏။

သူမစိတ်ထဲမှာ စိုးရိမ်စိတ်လေး ဖြစ်လာမိသည်။

"ချစ်တော့ချစ်တယ် သူပြောသလိုမျိုး အခြေ အနေအထိတော့ မရောက်ချင်သေးဘူး၊သဇင်



တို့က ငယ်သေးတာပဲဥစ္စာ"

"မရဘူးသဇင်၊ ကိုယ့်မှာရွေးချယ်စရာ ဒီတစ် လမ်းပဲ ရှိတော့တယ်၊ သဇင့်ကို ချစ်တယ်ကွာ"

ဝင်းမြင့်ထွေး၏ အပြုအမူမှန်သမျှကို ကြောက်လန့်ပြီး ငြင်းကန်နေမိသည်။ ဝင်းမြင့်ထွေးကိုချော့ရင်း ရှောင်ရှားရင် အချိန်မှာပင် အိမ်ရှေ့မှ အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်လာတော့၏။

❖

"ဘာဖြစ်ကြတာလဲ"

"ကိုကိုထွေး လိုက်လာလို့ ထိုးကြကြိတ်ကြတာ လေ"

နီလာကိုက ပျာပျာသလဲ ဝင်လာ၏။

"ကိုကိုထွေး လိုက်လာတယ်"

"အေး. . . ဒီကောင့်ကို ကောင်းကောင်းဝိုင်း ပြီး ဆုံးမလိုက်၊ ပြီးရင် ဒီအတိုင်း ဒီကောင့်ကို ထားခဲ့ပြီး ငါတို့ အမြန်လစ်တော့မယ်"

ပြဿနာဖြစ်ပြီဆိုတာ နားလည်လိုက်သည်။ ဝင်းမြင့် ထွေး ခေါ်ရာနောက်ကို လိုက်ရင်းကပင် ထိုးနှက်ကြသော

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းကို တွေ့လိုက်ရ၏။

"ညီမလေး"

သူမ ရှိရာသို့ ပြေးအလာမှာပင် ဝင်းမြင့်ထွေး၏လူများ ဝိုင်းရိုက်မှုကြောင့် မြေကြီးပေါ်သို့ ကိုကိုထွေး ပုံကျသွား၏။

"ကိုကို"

သွေးသံရဲရဲဖြစ်နေသော ကိုကိုထွေးကို မြင်လိုက်ရခြင်းကြောင့် သူမ ခြေလှမ်းတို့ တုံ့ဆိုင်းသွားရသည်။

"ဘယ်သွားမှာလဲ သဇင်၊ သူ့ကို ဒီအတိုင်း ထားခဲ့မှဖြစ်မှာ၊ ဟော့ကောင်တွေ လုံးဝမထနိုင် အောင် ထပ်ဆုံးမခဲ့ဦး"

"မလုပ်ပါနဲ့၊ မရိုက်ကြပါနဲ့တော့"

ဝင်းမြင့်ထွေးလက်မှ အတင်းရုန်းထွက်ပြီး ကိုကိုထွေး ရှိရာသို့ ပြေးသွားမိသည်။ သူမ အချိန်မီရောက်သွားခြင်း ကြောင့်သာ ဝင်းမြင့်ထွေး၏လူများ လက်ဦးမှု မရသွားခြင်း ဖြစ်၏။

"ညီမလေး"

"သဇင် . . . ကိုယ်နောက်ကို မလိုက်တော့ဘူး လား"

"မလိုက်ဘူး၊ ကိုကို့ကို ဒီအခြေအနေအတိုင်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ ပြီးတော့ အဲဒီလိုမျိုး



တော့ သဇင် မလုပ်နိုင်ဘူး"

သွေးသံရဲရဲဖြင့် သူမလက်ကို ကိုကိုထွေး ဆုပ်ကိုင်ထား ၏။ ဒဏ်ရာများကို ဂရုမစိုက်ဘဲ ကိုကိုထွေး ပြောလိုက်သေး သည်။

"ငါ အသက်ရှင်နေသရွေ့ ငါ့ညီမလေးကို မင်း ခေါ်သွားလို့ မရဘူး ဝင်းမြင့်ထွေး"

ဝင်းမြင့်ထွေးတို့အုပ်စုက အတင်းဆွဲဖို့ ကြိုးစားဆဲမှာပင် ခြံရှေ့မှာ ကားနှစ်စီးထိုးရပ်လာ၏။

ခြံထဲသို့ လူကြီးများနှင့်အတူ ဒယ်ဒီရောက်လာခြင်း ကြောင့် ဝင်းမြင့်ထွေးတို့အုပ်စု လှုပ်ရှားချိန်မရလိုက်ဘဲ ဖြစ်သွား သည်။

■

www.burmeseclassic.com

www.burmeseclassic.com

၈။

ထိုးနှက်ခံထားသော ဒဏ်ရာဒဏ်ချက်များ၊ အရိုက်ခံထားရသော ဒဏ်ရာများကြောင့် ကိုကိုထွေးကို ဆေးရုံတင်လိုက်ရသည်။

ဝင်းမြင့်ထွေးတို့အုပ်စုကတော့ ရဲစခန်းမှာ အချုပ်ခံရပြီး ခံဝန်ဖြင့် ပြန်လွှတ်လိုက်သည် . . . ဟု ကြားရသည်။

"မလန့်သာမထိတ်သာ သဇင်ရယ်၊ ဒီနီလာကို
ဆိုတဲ့ ဆတ်စလူးမလေး လာလာနေတာကို
ကြီးမေ သဘောမကျတာ ကြာနေပြီ၊ ကိုကို
သာ အချိန်မီ မရောက်ခဲ့ရင်တော့ ငါ့သမီး
လေး ရေတိမ်နစ်ရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခြေအနေထိ ဖြစ်လိမ့်မယ်လို့ သမီးလည်း ဘယ်ထင်ပါ့မလဲ ကြီးမေရယ်၊ ဝင်းမြင့်ထွေး ဒီအကျင့်ကြံ့မျိုး ရှိလိမ့်မယ်လို့ ထင်ကို မထင်ထားခဲ့တာ"

"အခုတော့သိပြီမဟုတ်လား သဇင်၊ ဝင်းမြင့်ထွေးဆိုတဲ့ ကောင်လေးက ရဲစခန်းမှာ အမှုပေါင်းသောင်းခြောက်ထောင်နဲ့၊ မိဘက ပိုက်ဆံရှိတိုင်း ဆိုးသွမ်းနေတဲ့ကလေး၊ ပြီးတော့ မိန်းကလေးတော်တော်များများကိုလည်း အကြောကြံ့တတ်တဲ့သူငယ်တဲ့၊ ကံကောင်းလို့ ငါ့သမီးလေး ကိုယ်ကျိုးမနည်းရတာ"

ကြီးမေကတော့ ရင်တမမနှင့် မမောနိုင်မပန်းနိုင် ပြောနေပြန်၏။

ဆေးရုံတင်ထားရသော ကိုကိုထွေးအခြေအနေက ဘာမှန်းညာမှန်းမသိရသေးပေ။

ဒယ်ဒီပြန်ရောက်လာမှ အကျိုးအကြောင်းသိရမည်မို့ ဒယ်ဒီအပြန်ကို မျှော်နေမိသည်။

"ဒယ်ဒီကလည်း ပြန်လာခဲ့လိုက်တာ၊ ကိုကို့အခြေအနေက ဘာမှန်းညာမှန်း မသိရသေး



ဘူးနော် ကြီးမေ"

"ဒီစကားမျိုး မပြောရင်လည်း ညည်းကို ကြီးမေ နားနားထုမှာသိလား၊ ကိုကိုကတော့ သူ့ညီမလေးကို ချစ်လိုက်ရတာ တုန်နေတာပဲ၊ ညည်းကသာ သူစိမ်းဆန်ဆန် တစ်လျှောက်လုံး နိုင်ထက်စီးနင်း ဆက်ဆံခဲ့တာ"

"သူ့ကို စိုးရိမ်တယ်ဆိုတာကလည်း ဒဏ်ရာတွေရနေလို့ပါ၊ သူကောင်းသွားရင် အရင်အတိုင်းပဲ သမီးက ဆက်ဆံမှာပဲ"

"ဒီကလေးမပြောလေကဲလေပဲ၊ ဘေးတွေ့တာတောင် အမှတ်မရှိဘူး"

ကြီးမေက လိုက်ရိုက်သည်ကို လွတ်အောင်ရှောင်ပြီး အခန်းထဲ ဝင်ပြေးမိ၏။

တစ်ယောက်တည်း ရှိနေချိန်မှ ပြန်တွေးဖြစ်သည်။ အကယ့်ကို စိတ်လှုပ်ရှားဖို့ကောင်းသောဖြစ်ရပ်နှင့် မှတ်မထင် ကြုံလိုက်ရခြင်းပဲလေ။

❖

www.burmeseclassic.com

www.burmeseclassic.com



"နင်နာသေးလား ကိုကို"

"အင်း"

"အဖျားတော့ မရှိတော့ပါဘူး၊ ဒီဒဏ်ရာတွေ ပျောက်သွားရင် အမာရွတ်တော့ ကျန်ခဲ့မှာပေါ့ နော်"

ကိုကိုထွေး၏ဒဏ်ရာများကို ကြည့်ရင်း သနားနေမိပြန်၏။

"အမာရွတ်ကျန်တာက ကိစ္စမရှိပါဘူး၊ ညီမလေး နောက်တစ်ခါဒီလိုမဆိုးဖို့ပဲ အရေးကြီးပါတယ်"

"အဲဒီလောက်ကြီးအထိ ဖြစ်မယ်လို့မှ မတွေးမိခဲ့တာပဲ"

"ကိုကို ပြောနေ၊ တားနေ၊ သတိပေးနေတာကို ညီမလေးမှ နားမဝင်ဘဲ"

ကိုယ့်အပြစ်နှင့်ကိုယ်မို့သာ ငြိမ်နေရ၏။ စိတ်ထဲမှာတော့ ကိုကိုထွေး ပြောတာဆိုတာကို မခံချင်ပေ။

"နေရာတကာ ဆရာလုပ်လွန်းလို့ တမင်ရွဲ့တာလည်းပါတယ်၊ ကိုကို့ကို ရွဲ့ချင်တာနဲ့ ဝင်းမြင့်ထွေးနဲ့ တွဲလိုက်မိတာ"

"ဘာဆိုင်လို့လဲ ညီမလေးရာ"



"ဆိုင်တာပေါ့၊ အခုဆိုရင် ကြီးမေရော၊ ဒယ်ဒီရော ပတ်ဝန်းကျင်က လူတွေအားလုံးက သဇင့်ကို နေရာမပေးချင်ကြတော့ဘူး၊ ကိုကိုမှ ကိုကို ဖြစ်နေကြတာ"

သူမနှင့်ကိုကိုထွေးတို့ ပြောနေဆိုနေကြစဉ်မှာပင် အခန်းအတွင်းသို့ ဒယ်ဒီနှင့်ကြီးမေ ဝင်လာ၏။

"အဲဒါပေါ့ သမီး . . . သမီးကို အားလုံးက အလိုလိုက်ထားတော့ သမီးက တမင်ဆိုးချင်နေတာ၊ သမီးကို ဒယ်ဒီတို့က ပထမနေရာမှာ ပေးထားပြီးသားပါကွယ်"

"ဟုတ်တယ် သဇင်၊ နောက်ဆိုရင် ဘာကိစ္စပဲလုပ်လုပ် ကိုကို့ကိုတော့ သဇင် တိုင်ပင်ရမယ်၊ ဒါမှမဟုတ် ကြီးမေကို ပြောပြရမယ် ဟုတ်လား"

ဒယ်ဒီရော ကြီးမေကပါ သူမကို ဖက်ထားကြ၏။ ဒယ်ဒီတို့ ဘယ်လောက်ချစ်ပြီး ဘယ်လောက်အလိုလိုက်ထားမှန်းကို သူမ အသိဆုံးပဲဖြစ်၏။

"ဒယ်ဒီ"

"ပြောလေ သမီး"

"ဒယ်ဒီမသိဘဲ သမီးလုပ်ခဲ့တာကို ခွင့်လွှတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



နော်၊ နောက်ဆိုရင် ဒီလိုကိစ္စမျိုးကို လုံးဝမဖြစ်စေရပါဘူး"

ဝင်းမြင့်ထွေးနှင့် ပတ်သက်ခဲ့သည့်ကိစ္စကို ရည်ရွယ်ပြီး သူမ တောင်းပန်လိုက်၏။

"သမီးလေး ကတိပေးရင် ပြီးတာပါပဲ၊ လက်စနဲ့ပဲ သမီးရော ကိုကိုရော သိအောင် ဒယ်ဒီပြောရဦးမယ်"

"ဘာများလဲ ဒယ်ဒီ"

"တခြား မဟုတ်ပါဘူး၊ အခုကိစ္စမဖြစ်ခင်ကတည်းက ဒယ်ဒီစီစဉ်ခဲ့တာပါ၊ ဒီကိစ္စဖြစ်လာတော့ ဒယ်ဒီစီစဉ်တာက ပိုလို့တောင် အဓိပ္ပာယ် ရှိသွားတယ်၊ တခြားတော့ မဟုတ်ပါဘူး ကိုကို့ကို အမွေစားအမွေခံအဖြစ်နဲ့ တရားဝင်မွေးစားဖို့ပါပဲ သမီး၊ ကိုကိုဟာ သမီးရဲ့ ကိုကိုအရင်းလို့ စိတ်ထဲက အမြဲအမှတ်ရနေပါ"

ကိုကိုထွေးကို အမွေစားအမွေခံအဖြစ် မွေးစားပြီဆိုတော့ တော်တော်များများကိစ္စတွေမှာ သူမနှင့်တန်းတူ အခွင့်ရေးတွေ ရလာတော့မည်။



ကိုကိုထွေးကတော့ ကံကောင်းပြီးရင်း ကံကောင်းနေခဲ့ ဒယ်ဒီ့စကားအရဆိုရင်တော့ သူမ, ပိုင်ဆိုင်ပြီးသားတွေကို ာင် ကိုကိုထွေးအား ပြန်မျှပေးရဖို့ သေချာသလောက်ရှိ ပြန်၏။

ကိုယ့်မှာ အပြစ်ရှိနေ၍သာ ဘာတစ်ခွန်းမှ ပြန်မပြော ခဲ့ပေ။

စောစောကဖြစ်ခဲ့ရသော ကရုဏာတရားတို့ကလည်း ယ်ဒီ့ စကားကြောင့်ပင် ရင်ထဲမှာ ပျောက်ဆုံးသွားရပြန်၏။

ကိုကိုထွေးကတော့ သူမရင်ထဲမှာ ဖြစ်ပျက်နေတာ ာွကို မမြင်နိုင်ဘဲ ငေးကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ဆိုတာ အပြောရခက်သားပါလေ။
အနှစ်နှစ်ကာလများစွာ အနားမှာ ရှိနေပါ
လျက် တွယ်ငြိမှန်း မသိ . . . ရင်ကို အမိအရ
သိမ်းပိုက်နိုင်စွမ်း ရှိခြင်းပါလား။

ကိုယ့်အချစ်၊ ကိုယ့်သံယောဇဉ်တွေထက်ပင်
သူ့အချစ်၊ သူ့သံယောဇဉ်များက ထုထည်
ကြီးမားခဲ့ပြီ ထင်ရဲ့။

မာနတရား၊ ဂုဏ်ရှိစိုက်မှု ကင်းခြင်းများက သူ့
ချစ်ခြင်းကြောင့် ပြားပြားဝပ်စေခဲ့ပြီပဲ။

သူမနှင့် သူတို့ကြားမှာတော့ ဘာအတား
အဆီးများ မရှိပါဘဲနှင့် သူစိမ်းတွေထက် စိမ်းခဲ့
ကြဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဖြစ်ဖို့ဝေးစွ . . . သူ့အရိပ်သူ့အယောင်တို့သည်ပင် ကိုယ့်အတွက် အနှောင့်အယှက်ဖြစ်စရာဟု ထင်မှတ်ခဲ့ဖူးသည်။

သူ့သံယောဇဉ်များ ကြောက်၍သာ မာနဖြင့်တိမ်းရှောင်ဖယ်ခဲ့ခြင်းလား . . . ဟု နောင်တရမိ ပြန်သည်။

တကယ်တမ်း ရင်ဖွင့်ထွက်ကြတော့ နှစ်ဦးစလုံး ဟန်မဆောင်နိုင်ခဲ့ကြပြန်။

အခါလွန်မှ ရွာသောမိုးသည် အနည်းနှင့်အများဆိုသလို ဒုက္ခကိုရောက်စေတာ မမှတာပါပဲလေ။

ချစ်ခြင်းကို သိကြသော်လည်း သူရော ကိုယ့်မှာပါ ဆိုင်သူတွေက ရှိနေကြပြန်၏။

မဖြစ်နိုင်ဘူး . . . ဟု ထင်မှတ်ထားခြင်းများက တကယ့်လက်တွေ့ဖြစ်လာပြန်တော့ အငိုနှင့် ဇာတ်သိမ်းမှာကို တွေးကြောက်မိသည်။

ချစ်ခြင်းကို ချစ်ခြင်းအားဖြင့်သာ အဆုံးသတ်လိုသည်။

မာနတွေ၊ မလိုမှုတွေကို အားလုံးဖျက်ဆီးပစ်ချင်သည်။



ဘဝချင်း ဆုံနိုင်ပါလျက် . . . ရင်းနှီးနီးနေပါလျက် မျက်ရည်များကျရမည့်အဖြစ်ပေပဲ . . .။

ကံကြမ္မာ၏ အလှည့်အပြောင်းမှာ သူ့နှလုံးသားကို အနာတရ မဖြစ်စေလို။ ကိုယ့်နှလုံးသားသည်လည်း သူ့အတွက် မငိုကြွေးချင်ပါလေ. .။

စ,မိသောဇာတ်လမ်းကို ဇာတ်သိမ်းမကောင်းစွာဖြင့် နိဂုံးချုပ်ရမည်လား . . .။

ချစ်မိသည့်အဖြစ်၊ နှောင်တွယ်တတ်သည့်စိတ်တို့ ကြောင့်သာ သူနှင့်အတူတကွ အိပ်မက်ရှည်ချင် ပါသည်လေ . . .။

■

www.burmeseclassic.com

www.burmeseclassic.com

သဇင်မြင့်ဝေနှင့်ဇေယျာတို့ ချစ်သူတွေဟု ခေါ်စေလောက်အောင် အဖြစ်အပျက်များစွာထဲမှာ အဓိကအကျဆုံးသူဖြစ်၏။

တက္ကသိုလ်ဝန်းကျင်မှာရော၊ တခြားပတ်ဝန်းကျင်မှာပါ သူမနံဘေး၌ ယောကျ်ားလေးသူငယ်ချင်းတွေ အများကြီး ရှိခဲ့ဖူးသည်။

ထိုအထဲတွင် ဇေယျာက သူများနှင့်တာန်းတူ အခွင့်အရေးမလိုချင်ဘဲ သူမအချစ်ကို ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့သည်။

ဇေယျာ့စာစ်ယောက်တည်းကြောင့် မဟုတ်ပါဘဲ တိုက်ဆွေး ပါဝင်ပတ်သက်လာ၍သာ ဇေယျာနှင့်ချစ်သူတွေ ဖြစ်ရုံ

www.burmeseclassic.com

www.burmeseclassic.com



မက လူကြီးချင်းပါ သဘောတူကြသည့်အဆင့်ကို ရောက်ကုန်ကြ တော့သည်။

"ကိုယ့်ချစ်သူတစ်ယောက်လုံးကို အနားမှာ ထားပြီး ဘယ်သူ့အကြောင်းများ တွေးနေတာ လဲ သဇင်"

ဇေယျာနှင့်ဆုံဖြစ်သည်က ဒုတိယနှစ်သင်တန်းမှာ။ အ ဆိုရင် သူမရော ဇေယျာတို့ပါ နောက်ဆုံးနှစ်သင်တန်းစာမေးပွဲ ဖြေဆိုပြီးနေကြပြီ ဖြစ်၏။

"ဘာရယ်မဟုတ်ပါဘူး၊ သဇင်နဲ့မောင်တို့ ချစ်သူဖြစ်ခဲ့ကြတဲ့အကြောင်းကို ပြန်တွေးနေ မိတာ၊ ရယ်စရာလည်း ကောင်းသလို ကိုကို့ကို လည်း ဒေါသဖြစ်မိတာ အမှန်ပဲ"

"ကိုကိုက မောင်နဲ့သဇင်တို့ရဲ့ မြားနတ်မောင် စစ်စစ်ကြီးနော်၊ သွေးမတော်တဲ့ ယောက်ဖကြီး လည်း ဖြစ်တယ်၊ ကိုကို့ကိုတော့ မပစ်မှားပါနဲ့ သဇင်ရာ"

"ကိုကို ဝင်ပါလို့ လူကြီးတွေသိပြီး ပိုရင်းနှီးခဲ့ ကြတာဆိုပေမယ့် သဇင်က ဇေယျာ့ကို စိတ် မဝင်စားဘူးဆိုရင် ဒီအခြေအနေထိ လုံးဝ မဖြစ်လာဘူး၊ ကိုကိုက ကာယကံရှင်မှ မဟုတ်



ဘဲ၊ သဇင်က ကာယကံရှင်ပဲ မဟုတ်လား မောင်"

သူမပတ်ဝန်းကျင်မှ လူများကတော့ ကိုကို့အပြုအမူ တွေ အားလုံးကို သူမလို အကောင်းမမြင်ခဲ့ကြပေ။ ဒီအတွက် ကြောင့်ပင် သူမအတွက် အမြဲလိုလို စိတ်အနှောင့်အယှက် ဖြစ်ခဲ့ ရ၏။

အခုရော သူမကို ချစ်တဲ့သူ၊ မြတ်နိုးလွန်းသူ . . . ဟု ဘဖွဖွပြောနေသော မောင်ကပင် ကိုကိုထွေးဘက်မှာ ရှိနေပြန် ၏။

"ဟုတ်ပါတယ် သဇင်ရယ် . . . ကိုကိုက သူ တော်ကောင်းတစ်ယောက်မို့ အမျက်မထားဖို့ ပြောတာပါ၊ ကိုကို့ဘဝ ကိုကို့အနေအထားကို သဇင်က ပိုအသိဆုံးဖြစ်မှာပါ၊ သဇင့်အနားမှာ ငယ်ငယ်လေးကတည်းက အနှံ့တာခံပြီး စောင့်ရှောက်လာခဲ့တာ မဟုတ်လား၊ သွေး မတော်သားမစပ် အစ်ကိုအရင်း မဟုတ်ပေ မယ့် သဇင့်ကို အရိပ်တကြည့်ကြည့်နေခဲ့တာ၊ သဇင်ပြော သမျှကို ခေါင်းငုံ့ခံတယ်၊ သဇင့် အနိုင်ကျင့်မှုတွေကို ဒီနေ့အထိ ကိုကိုတစ် ယောက် ငြင်းခဲ့တာမျိုးများ ရှိခဲ့လို့လား သဇင်"

www.burmeseclassic.com

www.burmeseclassic.com



"တော်ကွာ၊ သူ့အကြောင်း တရားလာဟော မနေနဲ့၊ တခြားသူတွေကို သူ စည်းရုံးလို့ ရ ကောင်းရလိမ့်မယ် မောင်၊ သဇင်မြင့်ဝေက တော့ သူ့ကို တစ်တန်းတည်းထားပြီး မဆက် ဆံနိုင်တော့တာ အမှန်ပဲ"

သူမနှင့် ကိုကိုထွေးတို့သည် အိပ်ရာဝင်ချိန်မှာရော အိပ်ရာထချိန်မှာပါ တစ်ယောက်မျက်နှာတစ်ယောက် မြင်နေ တွေ့နေကြတာ နှစ်ကာလ အတော်ကြာခဲ့ပြီဖြစ်၏။

ဘယ်ဘဝဆုတောင်းကြောင့်များ ကိုကိုထွေးကို မျက်မုန်းကျိုးနေမှန်း သူမကိုယ်တိုင် စဉ်းစားမရခဲ့ပေ။

"နေပါဦး သဇင်၊ သဇင့်စိတ်တွေ မာကြောခက် ထန်လောက်အောင် ကိုကိုက ဘာတွေများ လုပ်မိခဲ့လို့လဲ၊ မောင်တို့ သိသလောက် ကတော့ ကိုကိုကောင်းခဲ့တာချည်းပဲနော်"

တခြားသူတစ်ယောက်ယောက်ဆိုရင်တော့ ကိုကိုထွေ အကြောင်းကို စိတ်ရှည်လက်ရှည်ရှင်းပြနေမှာ မဟုတ်ပေ။ အခု တော့ ဇေယျာက သူမ၏ချစ်သူ။ ပြီးတော့ လူကြီးချင်းတွေ ကလည်း သူမတို့နှစ်ယောက်ကို တစ်ဘဝလုံး လက်တွဲဖို့ ရည်ရွ ထားပြီးသား ဖြစ်နေသောကြောင့် အခက်တွေ့နေ၏။



"ဟုတ်တယ် မောင်၊ အများအမြင်မှာတော့ ကိုကို လုပ်သမျှတွေ၊ ကံကြမ္မာက မျက်နှာသာ ပေးမှုတွေက အားလုံး အမှန်တွေချည်းပဲဖြစ် နေခဲ့တာ၊ ဒါပေမဲ့ သဇင်မြင့်ဝေအတွက်တော့ စိတ်အနှောင့်အယှက်ဖြစ်စရာ၊ မခံချင်စရာ တွေချည်းပဲ၊ ကိုကို စရောက်ကတည်းက တစ်နေ့တခြား သဇင်မြင့်ဝေရဲ့ အခွင့်အရေးတွေ ကို တစစဖဲ့ယူသွားနေတာ ဒီနေ့အထိပဲမောင်"

"မောင် ကြားဖူးတာနော် သဇင်၊ တစ်ဦးတည်း သော သားသမီးအများစုဟာ တစ်ကိုယ် ကောင်းဆန်ချင်ကြတယ်၊ အရာရာမှာ သူတို့ ချည်း အနိုင်လိုချင်ကြတယ်၊ သူတို့နဲ့အပြိုင် အခွင့်အရေး ရလာတဲ့သူ မှန်သမျှကိုလည်း ဘယ်တော့မှ အကောင်းမမြင်တတ်ကြဘူးတဲ့ သဇင်၊ ကိုကိုနဲ့ ပတ်သက်ပြီးတော့ သဇင်ဖြစ် နေတာလည်း ဒီအတိုင်းပဲဖြစ်နေတာ၊ သဇင့် အသက်က မငယ်တော့ဘူး၊ လူဆိုတာ အသက်ကြီးလာတာနဲ့ သူ့ စိတ်နဲ့သူ အတွေး အခေါ်ပါ အလိုလိုကြီးမြင့်လာမှ ဆက်ဆံရတဲ့ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ် တော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှမဟုတ်ရင် မကောင်းဘူး သဇင်"

မောင်ပြောဆိုဆုံးမနေသော စကားတွေက ဖြစ်သင့်ဖြစ်ထိုက်တာတွေဆိုတာကို သူမ သိနေပြန်သည်။

ကိုကိုထွေးနှင့်ပတ်သက်လာရင်တော့ ကလေးတစ်ယောက်လို အတွေးခေါ်မျိုးပဲရှိသည် . . . ဟုဆိုဆို သူမအပြောခံနေ လိုက်ဦးမည် ဖြစ်၏။

"ဒီပြင်လူတွေအတွက် သဇင်မြင့်ဝေရဲ့ အတွေးအခေါ်ပြောင်းချင်ပြောင်းလိမ့်မယ်၊ ကိုကိုနဲ့ ပတ်သက်ပြီးတော့ တစ်သက်လုံး မပြောင်းနိုင်ဘူး မောင်၊ ဒါကို မောင် မကြိုက်ဘူးဆိုရင်တော့ ချစ်သူအဖြစ်ကပါ မဟုတ်ဘူး၊ လူကြီးတွေ ရည်ရွယ်ထားတာကိုပါ မောင် ပြန်စဉ်းစားနိုင်တယ်"

စကားနိုင်သဘောမျိုး မဟုတ်ပါဘဲ ရင်ထဲမှ လေးလေးနက်နက်ပင် မောင့်အား ပြောပစ်လိုက်မိသည်။

"မဟုတ်တာဘဲသဇင်ရယ်၊ မောင်ပြောတာက"

"ဒါဆိုရင် ကိုကိုနဲ့ပတ်သက်ပြီး သဇင်မြင့်ဝေကို တရားလာမဟောနဲ့၊ သဇင်မြင့်ဝေကတော့ ဒီလိုပဲ ကိုကို့ကို ခပ်ကြောကြော ဆက်ဆံရမှာပဲ မောင်"



မောင်တစ်ယောက် သက်ပြင်းတွေချပြီး ခေါင်းတွင်တွင်ယမ်းလေ၏။

တကယ်တွေးကြည့်ကြကြေးဆိုရင်တော့ ကိုကိုထွေးက သူမအပေါ် အရမ်းကောင်းခဲ့သည်။ ထိုကောင်းကွက်တွေကြောင့်ပင် ကိုကိုထွေးအား မျက်မုန်းကျိုးဖြစ်ခဲ့ခြင်း . . . ဟု ပြောရမလိုပင်။

❖

"မောင့်ကို, ကိုကိုနဲ့ပတ်သက်ပြီး အဖြစ်အပျက်တစ်ခု ပြောပြချင်တယ်၊ တကယ်တော့ သဇင်မြင့်ဝေဆိုတဲ့ မိန်းမတစ်ယောက်ကို, အန္တတာသည်းခံပြနေတာအားလုံးဟာ သဇင်မြင့်ဝေကို နည်းတစ်နည်းနဲ့ အနိုင်ယူပြနေတာပဲ ဖေယျာ"

ဒီအဖြစ်အပျက်ကိုတော့ သူမဘဝမှာ မေ့မရဆုံးသောတိစ္စပင် ဖြစ်၏။

"မောင် နားထောင်ပေးပါ့မယ်"

"ကိုကိုထွေး အိမ်ပေါ်ရောက်မလာခင်က သဇင်မြင့်ဝေဟာ အတန်းတိုင်းမှာ ပထမ ရခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာချည်းပဲ၊ လူတွေကလည်း ချီးမွမ်းကြတယ်၊ ဒါကို သူကသိတော့ သဇင်မြင့်ဝေရဲ့ ပထမ နေရာကိုရအောင် ယူပြခဲ့တယ်၊ လူတွေက သနားစရာကောင်းတဲ့သူကို ပိုပြီးအားရှိစိုက်ခဲ့ကြတယ်၊ အဆိုးဆုံးအဖြစ်ကတော့ ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့မှာပဲ မောင် . . . သူရော သဇင်ပါ ဆယ်တန်းအတူတူ အောင်ကြတယ်၊ သူက ဂုဏ်ထူးလေးခုပါပြီး သဇင်ကတော့ တစ်ခုပဲ ပါခဲ့တယ်မောင်"

ပြောနေရင်းကပင် အတိတ်က အဖြစ်အပျက်တို့ကို မျက်စိထဲမှာ မြင်ယောင်မိသည်။ သူမ စကားဖြတ်ထားလိုက်စဉ်မှာပင် မောင်က ဝင်ပြော၏။

"ဆယ်တန်းမှာ ဂုဏ်ထူးလေးခုတောင်ပါတယ်ဆိုပြီး ကိုကိုက ဘာလို့ အဝေးသင်နဲ့ ဘွဲ့ရတာလဲ သဇင်"

"အဲဒီအကြောင်းပဲ မောင်၊ မောင်ပဲ စဉ်းစားကြည့်ပါ၊ သူပါတဲ့ဂုဏ်ထူး သူရတဲ့အမှတ်နဲ့ဆိုရင် ဆေးတို့စက်မှုတို့ကို ကောင်းကောင်းတက်နိုင်တာပဲ၊ ဒယ်ဒီကလည်း တက်လိမ့်မယ်လို့ ထင်ခဲ့တာ၊ ဒါပေမဲ့ သူ မတက်ဘူး မောင်၊



စီးပွားရေး ဘွဲ့ကို အဝေးသင်တက်ရင်း ယူဖို့ ဒယ်ဒီ့ဆီမှာခွင့်တောင်းတယ်၊ ဒယ်ဒီ့စီးပွားရေး လုပ်ငန်းတွေကို ဖောက်ချပြီး ကူညီလုပ်ကိုင်ဖို့ပဲ တောင်းဆိုခဲ့တာ၊ အဲဒီကိစ္စမှာ သဇင်ရဲ့ ပယောဂ ဘာမှမပါဘူး၊ ဒယ်ဒီတို့ ကြီးမေတို့ ဝတ်ဝန်းကျင်က လူတွေက သဇင်ကြောင့်ဆိုပြီး အပြစ်ပြောတယ်၊ တကယ်တော့ ကိုကို ထွေးဆိုတဲ့သူဟာ သဇင့်ကို အနစ်နာခံသလိုလို၊ ဦးစားပေးသလိုလိုနဲ့ သူ့ အခွင့်အရေးတွေကို သူ အသုံးချသွားခဲ့တာပဲ မောင်"

"အင်း . . . ကိုယ့်ခံစားချက်နဲ့ကိုယ်ဆိုတော့ မောင်တော့ ဘယ်သူ့ဘက်မှ မလိုက်ချင်ဘူး၊ သဇင်စွပ်စွဲသလိုကြီးတော့ ဟုတ်မယ်မထင်ဘူး၊ တကယ်ပဲ ကိုကိုကိုယ်တိုင်က သဇင့် ဒယ်ဒီနဲ့ စီးပွားရေးလုပ်ငန်းတွေကို အားသန်ခဲ့လို့ ပညာရေးဘက်ကို မလိုက်ခဲ့တာနေမှာပါ သဇင်"

"အဲဒါပြောတာပေါ့ မောင်၊ မောင်ကိုယ်တိုင်ကတောင် သဇင့်စကားတွေကို မယုံကြည်မှတော့ ပတ်ဝန်းကျင်ကလူတွေကို သဇင် အပြစ်မမြင်

www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ဘူး၊ ကိုကိုနဲ့ ပတ်သက်ပြီး သဇင့်စိတ်ထားကို သဘောမကျရင် အချိန်မီ နောက်ဆုတ်လို့ ရသေးတယ်နော်"

"ဒါတော့မဖြစ်ဘူး သဇင်၊ သဇင့်ကို မောင်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခင်သလိုပဲ၊ တစ်ဘဝလုံးစောင့်ရှောက်ဖို့ ကိုကို့ကို ကတိပေးပြီးသားဖြစ်နေတာ"

ပြောရင်းဆိုရင်းကပင် သူမနှင့်မောင်ကြားမှာ ကိုကိုထွေးက ဝင်ပါလာရပြန်၏။ တကယ်တမ်းမှာလည်း မောင်ပြောသလို သူမတို့နှစ်ယောက် ဇာတ်လမ်းမှာ ကိုကိုထွေးက အဓိကမြားနတ်မောင် ဖြစ်ခဲ့ရသည်ပဲ။

၁၀။

သူမ အင်္ဂလိပ်စာအဓိကဖြင့် တက္ကသိုလ်ရောက်တော့ ကိုကိုထွေးက ဒယ်ဒီ့စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေချိန်ဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ခွင့်နည်းသွားသောကြောင့် သူမအဖို့ စိတ်ချမ်းသာသွားသည် . . . ဟု တွေးနေမိသည်။

ကိုကိုထွေးသာ တက္ကသိုလ်တက်ဖြစ်ပါက သူမ ဒီလောက် လွတ်လပ်မည်မထင်ပေ။ သူမအနားမှာလည်း ယောကျ်ားလေး အပေါင်းအသင်းတွေ ရှိနေမှာမဟုတ်။

"သဇင်"

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသူဖြစ်နေသည့်တိုင် သူမ ကားမောင်းပြီး ကျောင်းတက်ခွင့်မရှိပေ။ ဒရိုင်ဘာကသာ သူမကို အပို့အကြို လုပ်ပေးရသည်။

ကားပေါ်မှဆင်းပြီး ကျောင်းခန်းရှိရာသို့ အသွားမှာပင် ဇေယျာဆိုသော ပုဂ္ဂိုလ်က သူမအနားသို့ ကပ်လာ၏။

"ဘာပြောချင်လို့လဲ ဇေယျာ"

"ဇေယျာ့မှာ ပြောစရာတွေ အများကြီးပဲ၊ သဇင့်အနားမှာ အပေါင်းအသင်းတွေက ရှိနေတော့ ဘာမှ လွတ်လွတ်လပ်လပ် ပြောခွင့်မရဘူးလေ၊ ဒါကြောင့် သဇင်နဲ့ အေးအေးဆေးဆေး နှစ်ယောက်တည်း စကားပြောချင်လို့ တမင်စောင့်နေရတာ"

သူမအနားမှာတော့ မိန်းကလေးသူငယ်ချင်းတွေထက် ယောက်ျားလေးအပေါင်းအသင်းတွေက များတာအမှန်ပင်ဖြစ်၏။

သဘောရိုးနှင့် ခင်ချင်ကြသူတွေ ရှိသလို သူမနှင့်ချစ်သူဖြစ်ချင်နေကြ၍ အနားကပ်နေသူတွေရှိမှန်း မသိ၍မဟုတ်။

ဇေယျာဆိုသောပုဂ္ဂိုလ်ကတော့ စဝင်ကတည်းက အားလုံး နဲ့မတူဘဲ ပြတ်ပြတ်သားသားပင် စစ်ကြေငြာသလိုဖြစ်နေမှန်း သတိထားဖြစ်ခဲ့၏။



"ရပါတယ် . . . ဒီလို ကျောင်းစောစောရောက်တဲ့ အချိန်မှာ တစ်ယောက်ယောက်နဲ့ အပျင်းပြေထိုင်စကားပြောရတာ တစ်မျိုးကောင်းတာပဲ"

"သဇင့် အနားမှာရှိနေတဲ့ သူတွေနဲ့တော့ ဇေယျာ့ကို မရောထွေးပစ်လိုက်ပါနဲ့"

ဇေယျာက ချစ်စရာကောင်းသလို တွဲသွားတွဲလာလုပ်ဖို့ အဖော်ကောင်းတစ်ယောက်ဟု ထင်မိသည်။

သူမအနားမှာ ရစ်ဝဲနေကြသူများထက် အမှတ်ပိုပေးမိတာကိုတော့ သူမကိုယ်တိုင် ဝန်ခံမိပြီးသား ဖြစ်နေပြန်၏။

"ကောင်းပါပြီရှင်၊ အခွင့်ထူးခံမိတ်ဆွေအနေနဲ့ သဇင်က ဧည့်ခံပါ့မယ်"

နောက်သလို၊ အတည်ပြောသလိုလိုနှင့် မာယာသုံးပြီး ပြောလိုက်ကာ စားသောက်ဆိုင်ထဲသို့ ဝင်လာမိသည်။

"သဇင်က ဒိန်ချဉ်ကြိုက်တတ်တယ်ဆိုတာ သိထားတော့ ဇေယျာလည်း ဒိန်ချဉ်သောက်မယ်နော်"

"သဇင့်ကိုခင်ရင် ဒိန်ချဉ်သောက်ရမယ်လို့ ဘယ်သူ့ကိုမှ မပြောထားဖြစ်ပါဘူးနော်"

ဇေယျာနှင့် စကားပြောရဆိုရတာကိုတော့ စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနေမိတာ အမှန်ပင်။ ဇေယျာကတော့ သူမမျက်နှာကိုသာ ငေးမောကြည့်ရင်း အချိန်တွေကို ဖြုန်းပစ်နေ၏။

"ဇေယျာ့စိတ်ထဲမှာ သဇင်နဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားရတာ အကြိမ်ပေါင်းမနည်းတော့ဘူး၊ သဇင့်ကို မြတ်နိုးတဲ့စိတ်က သဇင်နဲ့နီးစပ်အောင် အမြဲနှိုးဆော်နေခဲ့တာ"

"သဇင်မြင့်ဝေကို ခင်ချင်မင်ချင်တဲ့ ယောကျ်ားလေး တော်တော်များများက ဒီလိုပဲ ပြောတတ်ကြပါတယ်"

ခုံခံကာကွယ်လိုက်သောစကားကြောင့် ဇေယျာ စကားမပြောတတ်တော့ဘဲ အမှားမှားအယွင်းယွင်း ဖြစ်လိမ့်မည် . . . ဟု ထင်ထားခဲ့သည်။

တကယ်တမ်းကျတော့ . . .

"သဇင် . . . သဇင်မြင့်ဝေရဲ့ အပေါင်းအသင်းတစ်ယောက်ဖြစ်ချင်တာ မဟုတ်ဘူး၊ ဇေယျာက မြတ်မြတ်နိုးနိုးနဲ့ ချစ်သူအဖြစ်နဲ့ အနားမှာ နေချင်တဲ့သူပါ"

"ဟာ . . . ရည်းစားစကားကို တည့်တည့်ကြီးပြောတော့ နားထောင်ရတဲ့သူက ဘယ်လိုရှက်ရမှန်းတောင် မသိပါဘူး"



ရင်ခုန်နှုန်းမြန်သွားပေမယ့် ဣန္ဒြေမပျက်အောင် အပြောင်အပျက်သဘောမျိုး ပြောလိုက်မိသည်။

"ဇေယျာ ချစ်မိတာဟာ တကယ်မြတ်နိုးခြင်းပါပဲ သဇင်၊ သဇင် အပြောင်အနောက်ပြောပြီး စကားမလွှဲပစ်ပါနဲ့ဗျာ"

"ဟုတ်ကဲ့ရှင်၊ ကျွန်မ အတည်အတံ့နားထောင်နေထိုင်ပေးပါ့မယ်၊ ကျောင်းမှာမဟုတ်ဘဲ အိမ်တွေဘာတွေအထိ စကားပြောပါ၊ နားထောင်ပေးပါ့မယ်"

"တကယ်ပဲ သဇင့်အိမ်ကို လာလည်ခွင့်ပြုလား"

"ဧည့်သည်တစ်ယောက်ကို နှင်ထုတ်လောက်အောင် မရိုင်းတတ်ပါဘူး၊ ဇေယျာ လာလည်ချင်လာပေါ့"

"ကောင်းပြီ သဇင်၊ ကျောင်းမှာက စကားပြောရတာ မလွတ်လပ်ဘူး၊ အခုတောင် သဇင့်သူငယ်ချင်းမိတ်ဆွေတွေက ဆိုင်ထဲဝင်လာနေကြပြီ"

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံပြီး ရင်ခုန်လို့မှ ကာလမရှည်သေးခင်မှာပင် သူငယ်ချင်းတွေက

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသည်။ ဇေယျာဆိုသောပုဂ္ဂိုလ်ကို အပြောင် အနောက်ပြောလိုက်ရမေမယ့် တကယ့်ကို ကြည်ကြည်နူးနူးဖြ နေလေ၏။

❖

ဇေယျာတစ်ယောက် စကားအရပြောသွားခြင်း. . . ဟု မှတ်ယူခဲ့သော်လည်း ကျောင်းပိတ်ရက် သူမ အပြင်ခဏသွား ခိုက်မှာပင် အိမ်ပေါ်ထိအောင် ဇေယျာ တကယ်ပေါက်ချလာ တော့၏။

ဧည့်ခန်းထဲကို လှမ်းကြည့်ခိုက်မှာပင် ကိုကိုထွေးနှင့် ဇေယျာတို့ စကားပြောနေကြသည်ကို တွေ့ရ၏။

မသိချင်ဟန်ဆောင်ပြီး သူမအခန်းဆီသို့ တမင်ထွက်ခဲ့ မိသည်။ ခဏကြာတော့ ကိုကိုထွေးကိုယ်တိုင် သူမကို လာခေါ် တော့သည်။

"ညီမလေး"

"ဘာလဲ"

"ညီမလေးရဲ့ဧည့်သည်ရောက်နေတာ တစ် နာရီလောက်ရှိပြီ၊ ဧည့်ခန်းထဲမှာ ညီမလေး သွားတွေ့လိုက်ပါဦး"



"သူ့အကြောင်းကို ဘာမှမသိဘဲနဲ့ ကိုကိုက ဧည့်ခံထားရသလား၊ ညီမလေး မရှိဘူးလို့ ပြောလိုက်ရင် ပြီးတာပဲဥစ္စာ"

"ညီမလေး သူ့ကို တကယ်မတွေ့ချင်လို့လား"

ကိုကိုထွေးကတော့ သူမမျက်နှာရိပ်ကို သိသိသာသာကို အကဲခတ်နေတော့၏။

"အခုကျမှတော့ မတွေ့လို့ဖြစ်တော့မလား ကိုကို၊ သူနဲ့ငါနဲ့ ဆက်ဆံရေးကို ဘာမှမသိ ဘဲနဲ့များ"

"ဇေယျာက. . . မိကောင်းဖခင် သားသမီး တစ်ယောက်ပါ၊ ဘယ်လိုပုံစံမျိုးနဲ့ ညီမလေးဆီ ချဉ်းကပ်ချဉ်းကပ်၊ ဒီလိုအပြုအမူမျိုးကိုတော့ ကိုကိုက သဘောကျတယ်၊ ဇေယျာနဲ့ခင်တာ ညီမလေးအတွက် ဘာအန္တရာယ်မှ မရှိပါဘူး"

သူမမှာ ယောကျ်ားလေးသူငယ်ချင်းတွေ ရှိနေတာကို ကိုကိုသိသည်။ ဒီအတွက် ကိုကိုက အမြဲမကောင်းပြောတတ် သည်။ ကိုကို့အပြောအဆိုတွေကြောင့်ပင် ဖယ်ဒီ၏ဆူပူကြိမ်း မောင်းမှုကို ခံရသည်ပဲ။

ဇေယျာတစ်ယောက် အိမ်ပေါ်ရောက်လာသည့်အတွက်ကျ တော့ ကိုကိုထွေးက လိုလိုလားလား ဖြစ်နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ပြော . . . အိမ်ပေါ်အထိ ရောက်လာပြီဆိုတော့ တစ်ခါတည်း တောင်းရမ်းယူတော့ မလို့လား ဇေယျာ"

"အဲဒီလို လုပ်ချင်တာ၊ အချိန်တွေကို စောင့်ရဦးမှာလေ၊ ဇေယျာ ဒီနေ့ လာလိုက်တာအရမ်းကံကောင်းသွားတာပဲ"

"ဟုတ်မယ်၊ ဇေယျာနဲ့ စကားပြောတဲ့ ကိုကိုက သဇင့်အပေါင်းအသင်းတွေဆိုရင် ဘယ်တော့မှ အကောင်းပြောတာ မဟုတ်ဘူးသိလား၊ ဇေယျာက ဘာအစီအရင်တွေ လုပ်လာခဲ့လဲမှ မသိတာ၊ သဇင် ပြန်ဝင်လာကတည်းက တွေ့သွားပဲ၊ ကိုကို ရှိနေလို့ မမြင်ဟန်ဆောင်သွားတာ၊ ကိုကိုက လူတစ်မျိုးပဲ ဇေယျာ"

"ဇေယျာနဲ့တော့ စကားပြောလို့ရတယ်၊ နှစ်ယောက်စကားပြောလိုက်ကြတာ အချိန်ဘယ်လို ကုန်သွားမှန်းတောင် မသိဘူး၊ သဇင့်ကိုကိုနဲ့သာ မတွေ့ဖြစ်ရင် ဒီလောက်ကြာကြာ ဇေယျာထိုင်စောင့်ဖြစ်မှာ မဟုတ်ဘူး သဇင်"

"ကြည့်လည်း လုပ်ဦးနော် . . . ကိုကိုနဲ့တွေ့တာ ကိစ္စမရှိဘူး၊ ဒယ်ဒီနဲ့ တိုးနေရင် အိုးနင်းခွက်နင်း ဖြစ်နေဦးမယ်နော်"

"ဇေယျာ အဲဒီလောက်မညံ့ပါဘူး သဇင်၊ ဇေယျာ ဘယ်လောက်တော်တယ်ဆိုတာကို သဇင် သိပ်မကြာခင် သိရမှာပါ"

"ကြည့်လည်းကြွားဦး ဇေယျာ၊ သဇင်မြင့်ဝေက တော်ရုံတန်ရုံ ယောကျ်ားမျိုးကို အိပ်မက်မက်မှာ မဟုတ်ဘူးနော်"

ဇေယျာကိုစရ၊ နောက်ရတာက ပိုပြီးပျော်စရာကောင်းနေ သေး၏။

ဇေယျာတစ်ယောက်ကတော့ သူမဘဝထဲသို့ မှတ်မထင်ဘဲ တရင်းတနှီး ဝင်ရောက်လာသော ယောကျ်ားတစ်ယောက် ဖြစ်နေပြန်၏။

❖

သူမနံဘေးမှာ အပေါင်းအသင်းတွေ များနေတာကို ဇေယျာ သဘောမကျမှန်း သူမ သိနေသည်။ ရုတ်တရက်ကြီး ဒီအပေါင်းအသင်းတွေအားလုံးကို ကန်ထုတ်ပစ်ဖို့ဆိုတာလည်း အခက်တွေ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ခဏတစ်ဖြုတ်လောက်သာ နေ့စဉ်တွေ့ဖြစ်ကြပြီး ကျောင်းပိတ်သောရက်များ၌ ဇေယျာတစ်ယောက် အိမ်ကိုလာလည်တတ်တာ နှစ်ပတ်မြှည့်သွားခဲ့သည်။

တတိယမြောက်အပတ်ဖြစ်သော စနေနေ့မနက်ခင်းမှာတော့ သူမ မထင်ထားသောကိစ္စများကို ရုတ်တရက်ကြုံဆုံလိုက်ရလေသည်။

"ကြီးမေ . . . ဟင်းတွေ ချက်နေလိုက်တာလည်း အများကြီးပဲ၊ ဘာလဲ . . . ဒီနေ့အိမ်မှာ အလှူလုပ်မလို့လား"

"အလှူမဟုတ်ဘူးဟော့ ညည်းကိစ္စ ညည်းကိစ္စ"

"သဇင့်ကိစ္စ ဟုတ်လား"

"ဟုတ်ပ . . . ဒီနေ့ မောင်ဇေယျာတို့အိမ်က မိဘတွေအိမ်မှာ ထမင်းလာစားကြမှာ၊ ညည်းဒယ်ဒီနဲ့ ညည်းကိုကိုက ထမင်းဖိတ်ကျွေးကြတာပဲ"

ကြီးမေစကားကြောင့်ပင် အူလည်လည်ဖြစ်သွားရသည်။ ဘယ်ကနေဘယ်လိုဖြစ်ပြီး ဇေယျာ့မိဘတွေကို ဒယ်ဒီက ထမင်းဖိတ်ကျွေးရပါလိမ့်။

"နေပါဦး ကြီးမေ . . . ဒီကိစ္စကို သမီးလည်း မသိရပါလား၊ ဇေယျာကလည်း ဘာတစ်ခွန်း



"ညည်းသိတယ် မှဟုတ်လား၊ အင်း . . . မောင်ဇေယျာလို သူငယ်မျိုးနဲ့ အိမ်ထောင်ကျမှ ငါတို့အားလုံး စိတ်အေးရမှာ၊ တကယ်တော့ မောင်ဇေယျာနဲ့ ညည်းကိစ္စကို, ကိုကိုက အစအဆုံး ဝင်ပါခဲ့တာပဲ၊ မောင်ဇေယျာနဲ့ ညည်းဒယ်ဒီကို တွေ့ပေးတာလည်း ကိုကိုပဲ၊ အခုအစီအစဉ်ကိုလည်း ညည်းကိုကိုပဲ စီစဉ်တာနေမှာပေါ့အေ"

ကြီးမေပြောမှ ကိစ္စအားလုံးကို သဘောပေါက်သွားတော့၏။ ဇေယျာ၏လာဘ်မြင်မှုကို ချီးကျူးချင်သော်လည်း ကိုကိုထွေး ကုလားဖန်ထိုးသည်ကိုတော့ ဒေါသဖြစ်မိပြန်သည်။

မီးဖိုချောင်မှ အမြန်ထွက်လာပြီး ကိုကိုထွေးကို လိုက်ရှာရသည်။

❖

"ကိုကို ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒယ်ဒီနဲ့ ဇေယျာ့ကိုလည်း တွေ့ပေးတယ်၊ လူကြီးတွေကိုလည်း ဒီနေ့ ထမင်းဖိတ်ကျွေးဖို့ စီစဉ်တယ်၊ ဇေယျာ့နဲ့ငါ့အခြေအနေကို နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ သိထားလို့လဲ ကိုကို"

"ဒေါ်သ ဘာလို့ကြီးရတာလဲညီမလေး၊ ဇေယျာနဲ့ ဒယ်ဒီ့ကို ပေးတွေ့ရမယ်၊ ညီမလေးတို့ချင်း အခြေအနေကို ညီမလေးတို့ပဲ အသိဆုံးနေမှာပေါ့၊ ကိုကိုတို့ကတော့ လုပ်စရာရှိတာကို လုပ်ရမှာပဲလေ၊ ဒီနေ့ကိစ္စကိုလည်း ဇေယျာက ညီမလေး ရုတ်တရက်သိပြီး ဝမ်းသာသွားအောင်ဆိုပြီး မပြောပါနဲ့ဆိုလို့ မပြောဘဲထားခဲ့တာ၊ ကိုကိုနဲ့စတွေ့ကြတဲ့နေ့ကတည်းက ဇေယျာ့ကို အကုန်မေးခဲ့ပြီးသား၊ ကိုကိုကလည်း ဇေယျာ့ အခြေအနေနဲ့ ဇေယျာ့မိဘတွေကို စုံစမ်းပြီးမှ ဒယ်ဒီနဲ့ဇေယျာ့ကို ပေးတွေ့ခဲ့တာပါ"

ကိုကိုထွေး လျှောက်လုပ်တာကို စိတ်ထဲမှာ မျက်မိသော်လည်း ဒီပွဲပျက်သွားရင် ဇေယျာ . . . စိတ်မကောင်းဖြစ်မှာ သေချာနေ၏။ ကိုကိုထွေးကိုတော့ တော်တော်လေး စိတ်လိုက်မာန်ပါ ပြောလိုက်မိပြန်၏။

"ဘာလဲ . . . ယောကျာ်းတစ်ယောက်ကို နင် အသိအမှတ်ပြုပေးမှ ငါက ချစ်ရကြိုက်ရမှာလား ကိုကို၊ သဇင်မြင့်ဝေဆိုတဲ့မိန်းမက



ဇေယျာ့ကို သူ့သဘောနဲ့သူ ချစ်ရင်ချစ်မယ်၊ ကြိုက်ရင်ကြိုက်မယ်၊ နင် . . . လူကြီးလူကောင်း ဟန်ဆောင်ပြီး ဘာမှဝင်စွက်စရာ မလိုဘူး ကိုကို"

"ညီမလေး ပြောချင်တာပြောလေ၊ အခုကိစ္စက ညီမလေးတို့ချင်း ကြိုက်ရုံတင်မဟုတ်ဘူး၊ လူကြီးတွေပါ အသိပေးသလို ဖြစ်နေပြီးသားပဲလေ၊ ညီမလေးနဲ့ ဇေယျာတို့ရဲ့ တစ်ဘဝလုံး အရေးအတွက် ကိုကို စီစဉ်ရတာပဲ"

သေသာ သေလိုက်ချင်တော့သည်။ ဒီလိုအလိုက်ကန်းဆိုး မသိတတ်သူကို စကားဖက်ပြီး ပြောမနေချင်တော့ပေ။

ဇေယျာ့ကို သဘောကျချင်သလိုလို ရှိတာတော့ ဟုတ်သည်။ ဇေယျာကလည်း ချစ်ခွင့်ပန်ပြီးသား။

အခုအခြေအနေမှာ ဇေယျာ့ကို အဖြေမပေးရသေးပေ။ အလိုက်ကန်းဆိုး မသိတတ်စွာဖြင့် လူကြီးတွေအားလုံးသိအောင် ဝင်စွက်ဖက်သော ကိုကိုထွေးကို မုန်းတီးမိတာ သူမအပြစ်တော့ ဟုတ်မည် မထင်ပေ။

■

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

၁၁။

ညက ဖြစ်ပျက်ခဲ့သော အိပ်မက်ကြောင့်ပင် စောစော အိပ်ရာနိုးနှင့်ပြီ။ နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းထဲသို့ သူမျှား တွေ ထက်စောစွာ ရောက်နှင့်နေမိသည်။

ကျောင်းပြီးသွားသည်နှင့် သူမမှာ ဘာမှလုပ်စရာ ကိုင်စရာ မရှိတော့။ ပြင်သစ်ဘာသာ ဝင်ခွင့်ဖြေပြီး ကျောင်းသူ ဆက်လုပ်ဖို့ ကြိုးစားမိခြင်းဖြစ်သည်။ ဒယ်ဒီကတော့ သူမ လုပ် တာမှန်သမျှကို အမြဲမပြောခဲ့။

တိုက်ဆိုင်စွာပင် စိတ်မစွဲပါဘဲ မင်္ဂလာဆောင်မိသည် . . . ဟု အိပ်မက်မက်သည်။ သူမနှင့်မင်္ဂလာဆောင်သူမှာ

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာ မဟုတ်ဘဲ ကိုကိုထွေး ဖြစ်နေခဲ့၏။ အိပ်မက်ထဲမှာပင် ကိုကိုထွေးကို မြတ်မြတ်နိုးနိုးဖြင့် သူမက ထွေးပွေ့ထားမိသည်။

အတိတ်ကအကြောင်းတွေကို ဇေယျာနှင့် ပြန်ပြောင်းပြောကြရင်းက အိပ်မက်ဆိုးတစ်ခုကို မြင်မက်တာပဲနေမှာပဲ . . . ဟု တွေးနေမိသည်။

"ဟော့ သဇင် . . . ကျောင်းကို စောစောရောက် လာပြီး တစ်ယောက်တည်း ဆိုင်ထိုင်နေပါလား၊ ကြည့်ရတာ သဇင်နဲ့ ကိုဇေယျာနဲ့ စောစောစီးစီး စိတ်ကောက်ကြပြန်ပြီလား"

ဒီနေရာဒီထိုင်ခုံလေးမှာ ပြင်သစ်ဘာသာစကားစ,တက်ကတည်းက သူမအလာကို စန္ဒာငြိမ်းက အမြဲစောင့်နေကြဖြစ်၏။

စန္ဒာငြိမ်းမောင်လေးက တက္ကစီမောင်းရင်း ကျောင်းလိုက် ပို့ပေးသည်။ သူမတို့ UFL မှာတော့ စန္ဒာငြိမ်းက အချောအလှစာရင်းဝင် နာမည်ကြီးသူတစ်ယောက်ဖြစ်၏။

"မဟုတ်ဘူး စန္ဒာငြိမ်း၊ အိပ်ရာက အစောကြီးနိုးတာနဲ့ စောစောရောက်နှင့်နေတာလေ"

"မသိပါဘူး၊ စန္ဒာ့ကိုများ တစ်ယောက်ယောက်နဲ့ အောင်သွယ်ပေးဦးမလားလို့ပါ"

သူမနှင့်တစ်နှစ်တည်းကျောင်းပြီးသော်လည်း မေဂျာချင်း မတူကြ၍ လူချင်းမဆုံဖြစ်ကြပေ။ UFL ရောက်မှ စန္ဒာငြိမ်း



နှင့် တရင်းတနှီး ခင်မိသည်။ ကျောင်းမှာကတည်းက မေဂျာကွင်းဖြစ်ခဲ့သူ စန္ဒာငြိမ်းမှာ ချစ်သူရည်းစား ယနေ့အထိ မရှိသေးပေ။

"စန္ဒာ့အကြောင်းကို မသိခင်တုန်းကသာ အောင်သွယ်လုပ်ပေးချင်တာ၊ စန္ဒာက စန္ဒာ့စိတ်ကူးထဲကချစ်သူကို စိတ်ရှည်လက်ရှည်စောင့်ရင်း ရင်ခုန်နေတာ မဟုတ်လား၊ ကျောင်းတုန်းက ယောကျ်ားလေးတွေနဲ့ အပေါင်းအသင်းများခဲ့တယ်၊ ဇေယျာနဲ့ ဘယ်ကနေ ဘယ်လိုလုပ်ပြီး လူကြီးတွေ သဘောတူတဲ့အထိဖြစ်သွားရတယ် မသိဘူး"

"ချစ်သူတစ်ယောက်ကို လက်ထပ်ခါနီးနေပြီ၊ အချစ်ဆိုတာကို သဇင် မသိဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်လို့ ပြောရမှာပဲ စန္ဒာ၊ သဇင်ကတော့ ငယ်ငယ်ကတည်းက ကိုယ်နေချင်သလိုနေခဲ့ဖြစ်တာ၊ ဘာကိုမှလည်း ဂရုမထားတတ်ဘူး၊ သိပ်လည်း တွေးမနေဘူး စန္ဒာ၊ စန္ဒာနဲ့ လာဆုံဖြစ်မှ စန္ဒာ့ဘဝကို အားကျချင်သလိုလိုပဲ၊ ပြောမြစမ်းပါဦး စန္ဒာ . . . စန္ဒာပြောပြောနေတဲ့ ခေါမ ဒဏ္ဍာရီလေးလေ"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာငြိမ်းကတော့ ဆံပင်၏ကောင်းခြင်း၊ အသားရည်၏ ကောင်းခြင်းနှင့်တကွ ဖွံ့ဖြိုးသောအလှအပများကို ပိုင်ဆိုင်ထားသူပင်။

သူမလို တစ်ဦးတည်းသော သမီးမဟုတ်သလို မတောင်းမတ မကြောင့်မကြရသည့် အသိုင်းအဝိုင်းထဲကတော့ မဟုတ်ပေ။

စန္ဒာငြိမ်းဖခင်က အငြိမ်းစားအရာရှိတစ်ယောက်ဖြစ်ပြီး အငှားကားနှစ်စီးထောင်ပြီး သူတို့ဘဝသူတို့ အေးအေးချမ်းချမ်း နေကြသူများဖြစ်၏။

"အဲဒီပုံပြင်လေးကို လူမှန်း သိတတ်စကတည်းက ဖတ်မိခဲ့လို့လားမသိပါဘူး လူဆိုတာက မိန်းမနဲ့ယောကျ်ား ပေါင်းစပ်ထားတဲ့ သတ္တဝါတစ်မျိုးတဲ့၊ ဘုရားသခင်က အဲဒီနှစ်ယောက်ကို ခွဲပစ်လိုက်တဲ့အတွက် မိန်းမနဲ့ယောကျ်ားဟာ တစ်ယောက် နဲ့တစ်ယောက်ကို သံသရာတစ်လျှောက်လိုက်လံ ရှာဖွေကြရတာတဲ့၊ ခွဲခြားပစ်ခြင်းကို ခံလိုက်ရတဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ပြန်တွေ့ဆုံကြတာနဲ့ အလွန်ပြင်းထန်ပြီး အလွန်ချိုမြိန်တဲ့ ဆက်သွယ်မှုကြောင့် ချစ်သူ



တွေဖြစ် သွားကြပြီး သွေးသားတော်စပ်ကြတယ်ဆိုတာပဲ"

"အင်း . . . အဲဒီပုံပြင်အရဆိုရင်တော့ ဇေယျာနဲ့သဇင်တို့အဖြစ်က ဘာမှမဆိုင်ဘူး စန္ဒာ၊ စန္ဒာကတော့ အဲဒီပုံပြင်ထဲက စကားအတိုင်း စန္ဒာ့ချစ်သူကို ဒီနေ့အထိ မျှော်လင့်ရင်ခုန်စောင့်စားနေတာပေါ့ ဟုတ်လား"

"ဒါကလည်း တစ်ပိုင်းပေါ့ သဇင်၊ စန္ဒာကတော့ စန္ဒာ့ချစ်သူဖြစ်လာမယ့်သူဟာ စန္ဒာလက်ခံနိုင်မယ့် အရည်အချင်းတွေလည်း ရှိနေရဦးမှာလေ၊ ရင်ခုန်ရုံတစ်ခုတည်းနဲ့တော့ အခုချိန်မှာ ချစ်သူအဖြစ်ရော အိမ်ထောင်ဖက်အဖြစ်ပါ စန္ဒာ ရွေးချယ်မှာ မဟုတ်ဘူး"

စန္ဒာငြိမ်းကိုတော့ စိတ်ထဲမှာ ချီးကျူးနေမိသည်။ အပူပင်ကင်းကင်းဖြင့် သူမ၏အမျိုးစင်ဘဝကို လွတ်လပ်စွာနေထိုင်ခဲ့သည်။ ကျောင်းတုန်းကလည်း စန္ဒာငြိမ်းအနားမှာ ယောကျ်ားလေးတွေ အလှူခံမျိုးစုံ ဝိုင်းနေမှာ သေချာ၏။ အခု အခြေအနေမှာတောင် စန္ဒာငြိမ်းအချစ်ကို ရယူချင်သည့်သူတွေက ဒုနဲ့ဒေးပင်။

❖

www.burmeseclassic.com

www.burmeseclassic.com



စာသင်ချိန်ပြီးသွားပြန်တော့ စန္ဒာငြိမ်းနှင့် စကားတွေ ဆက်ပြောဖြစ်တာ နေ့တိုင်းလိုလိုပင်။ အလာခရီးမှာပင် စန္ဒာငြိမ်းကို မောင်လေးက ပို့ပေးသည်။ အပြန်ကိုတော့ သူမအိမ်ကကားနှင့် လမ်းထိပ်ထိ လိုက်ပို့ပေးရသည်။

"စန္ဒာ"

"ဘာလဲ သဇင်"

"ဒီနေ့တော့ ဆိုင်မထိုင်တော့ဘူး၊ စန္ဒာနဲ့ ခင်နေကြပေမယ့် စန္ဒာ့အိမ်ကို မရောက်ဖူးသေးဘူး၊ ဒီနေ့တော့ စန္ဒာ့အိမ်ကို လိုက်လည်ရင်း စကားတွေ တစ်ဝကြီး ပြောကြတာပေါ့"

"ကောင်းတာပေါ့ သဇင်ရယ် . . . သဇင့်ကိုလည်း ဖေဖေနဲ့မေမေတို့က တွေ့ချင်နေကြတာ၊ သဇင့်အိမ်ကကားကို ဘယ်လိုလုပ်မှာလဲ"

"စန္ဒာတို့အိမ်ကို လိုက်ပို့ခိုင်းပြီး ညနေကျမှ ပြန်လာကြိုခိုင်းမယ်လေ"

နှစ်ယောက်သား သဘောတူညီမှုရယူပြီး အိမ်ကကားနှင့်ပင် ထွက်ခဲ့ကြသည်။ သူမကိုယ်တိုင်ကပင် စိတ်ထဲရှိတာ လျှောက်လုပ်ရခြင်းများကို ငြီးငွေ့လာ၍လား မပြောတတ်ပေ။

စန္ဒာငြိမ်းနှင့် တွေ့ဆုံခင်မင်ပြီးကာမှ စန္ဒာငြိမ်းလို တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် နေထိုင်ချင်သည့်စိတ်တွေ ဖြစ်နေမိ၏။



"တွေ့တယ်မဟုတ်လား သဇင်၊ စန္ဒာ့မိဘတွေက သဇင့်ကိုချစ်ကြတာ အပြောမဟုတ်ဘူး နော်"

"အဲဒါ . . . သဇင်ဆိုးခဲ့ပေခဲ့တာတွေကို စန္ဒာမပြောပြထားလို့ပါ၊ လူဆိုးမလေးလို့များ သိသွားရင် သူတို့သမီးနဲ့ အပေါင်းအသင်းလုပ်ခိုင်းမှာတောင် မဟုတ်ဘူး"

"သဇင်ဆိုးခဲ့တဲ့ပုံလေးတွေက ချစ်စနိုးဆိုးခဲ့တာတွေပါ၊ အမှားအယွင်းကြီးကြီးမားမားမှ မရှိခဲ့ဘဲ၊ သဇင့်အသိုင်းအဝိုင်းကလည်း သဇင့်ကို ချစ်ကြတာပဲ မဟုတ်လား"

စန္ဒာငြိမ်းလို အစ်မတစ်ယောက်သာ စောစောစီးစီးရခဲ့ရင် သူမလည်း အခုချိန်မှာ ဇေယျာနှင့် ချစ်သူတွေဖြစ်ခဲ့ကြမှာ မဟုတ်ပေ။

"စန္ဒာနဲ့ အပေါင်းအသင်းမဖြစ်ခင်အထိ သဇင့်စိတ်က, ကလေးသာသာပါပဲ၊ ဘွဲ့တစ်ခုသာရသွားတယ် ကလေးစိတ်မကုန်ဘူးလို့ ဝန်ခံရမှာပဲ၊ စန္ဒာနဲ့တွေ့မှ လူကြီးဖြစ်ချင်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"သဇင်သည်းညည်းကို ကိုဇေယျာ တော်တော် ခံရမှာပဲနော်၊ တော်ရုံယောက်ျား၊ သာမန် သံယောဇဉ်လောက်နဲ့ဆိုရင်တော့ သဇင့်နား က ခွာသွားမှာ သေချာတယ်"

"သူလည်း အရင်စိတ်နဲ့ ဇွတ်ဆိုးခဲ့လို့နေမှာပါ။ အခုချိန်မှာ လူကြီးတွေအားလုံးက အသိ အမှတ်ပြုပြီးတော့ အာမှတတ်နိုင်တော့တာ မဟုတ်ဘူးလေ၊ သဇင်ဂျစ်ကျခဲ့တာတွေ ကြောင့် ဇေယျာလည်း နောင်တရရင်ရနေမှာ ပေါ့ စန္ဒာ"

"ရမယ်မထင်ပါဘူး သဇင်ရယ်၊ သဇင် ကလေး ဆိုးဆိုးတာကိုပဲ သူက ချစ်နေလို့နေမှာပေါ့"

"ဇေယျာနဲ့စန္ဒာတို့ အေးအေးဆေးဆေး မဆုံ ဖူးသေးဘူးနော်၊ တစ်နေ့လောက် စန္ဒာနဲ့ ဇေယျာ့ကို ဆုံပေးရဦးမယ်၊ စန္ဒာကယောက်ျား တွေအကြောင်းကို သိထားတာ များနေတော့ အကဲခတ်နိုင်မှာပဲ၊ ဇေယျာ့ကို စန္ဒာ အကဲခတ် ပေးဦးနော်"

"ခက်ပါပြီလား သဇင်နဲ့၊ ကိုယ်နဲ့တွဲလာခဲ့တာ ကြာပြီပဲ၊ အဲဒီယောက်ျားအကြောင်းကို သဇင် က အသိဆုံးပဲနေမှာပေါ့၊ စန္ဒာက အပေါ်ယံ ကြည့်ပြီး ခန့်မှန်းရမှာလေ"



"မရဘူး၊ စန္ဒာ အကဲခတ်လေ့လာပေးရမယ်၊ အခုအခြေအနေမှာ ဇေယျာကိုပဲ သဇင် လက် ထပ်ရတော့မှာ၊ စန္ဒာ အကဲခတ်ပေးနော်"

"အေးပါကွာ"

စန္ဒာငြိမ်းတစ်ယောက်လည်း သူမနှင့် အပေါင်းအဖော် လုပ်ရသည့်အတွက် စိတ်ပင်ပန်းမှာ သေချာနေသည်။

သူမအကျင့်အတိုင်း ကလေးဆန်စွာဖြင့် ပြုမူနေထိုင် ခြင်းများကို စန္ဒာငြိမ်းတစ်ယောက် စိတ်ရှည်စွာ သည်းခံခဲ့ သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။

ဇေယျာ့နှင့်စန္ဒာငြိမ်းကို တွေ့ဆုံပေးဖို့ အားချင်းကို စီစဉ်လိုက်သည်။ စန္ဒာငြိမ်းကို ရက်အတိအကျပြောပြီး တစ်နေရာရာမှာ စကားပြောရင်း စားကြသောက်ကြဖို့ ကြိုတင်ချိန်းလိုက်သည်။

ဇေယျာ့ကိုတော့ ထုံစံအတိုင်းပင် သွားခါနီးမှပင် ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်၏။

"ဘာလဲ သဇင် . . . ဘယ်သွားချင်လို့လဲဒီမှာ သဇင့်ဒယ်ဒီနဲ့ သဇင့်ကိုကိုတို့ ခိုင်းထားတဲ့ကိစ္စတွေ ရှိနေတယ်"

"အဲဒါတွေက အရေးမကြီးဘူး၊ စန္ဒာငြိမ်းနဲ့ လိုက်တွေ့ပြီး စကားပြောဖို့က အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာတစ်ယောက် ခေါင်းကုတ်နေပြီ။

ဇေယျာ့လက်ထဲမှာလည်း ဖိုင်တွဲတစ်ခု။

"ဒုက္ခပါပဲ . . . သဇင့်ကိုကို ကုမ္ပဏီအသစ်ဖွင့်ဖို့ အခန်းကိစ္စရော၊ ပစ္စည်းတွေကိုပါ စီစဉ်ပေးစရာ ရှိနေတယ်၊ မောင်တော့ သဇင်လုပ်တာနဲ့ ဒုက္ခ တွေ့နေရပြီ"

"သဇင်စိတ်ဆိုးလာရင် မောင်လို့ မခေါ်ဘဲ ဇေယျာလို့ ခေါ်လိုက်မှာနော်၊ ကိုကို့ကိစ္စ ဒယ်ဒီ့ ကိစ္စကို သဇင်ရှင်းပေးမယ်"

"အဲဒီလောက်လွယ်ရင် မောင်မပြောဘူး၊ ကုမ္ပဏီက မနက်ဖြန်သဘက်ဆို ဖွင့်တော့မှာ"

သူမနှင့်ဇေယျာတို့ အခြေအတင်ပြောနေစဉ်မှာပင် ဇေယျာ့ဟန်းဖုန်း အသံမြည်လာ၏။ ဇေယျာပြောနေသော စကားများအရ ကိုကိုထွေးဆီကဆိုတာ ချက်ချင်းသိလိုက်၏။

"မောင် . . . သဇင့်ကို ဖုန်းခဏပေး"

ကိုကိုထွေးနှင့်ဇေယျာတို့ စကားမပြတ်ခင်မှာပင် ပြောလိုက်သည်။

"ကိုကို . . . သဇင်က ပြောချင်လို့တဲ့"

ဇေယျာ့ဆီမှ ဟန်းဖုန်းကို လှမ်းယူလိုက်ပြီး . . .

"ကိုကိုလား"



"ဟုတ်တယ် ညီမလေး"

"ဇေယျာ့ကို ညီမလေး ခဏခေါ်သွားချင်တယ်၊ ကိုကို့အလုပ်ကိစ္စတွေကို ခဏထားလိုက်ပါလား၊ အလွန်ဆုံးကြာမှ သုံးနာရီလောက်ပဲ"

ဇေယျာကတော့ မျက်စိမျက်နှာပျက်နေ၏။ ဇေယျာ တာဝန်ယူထားရသည့်ကိစ္စတွေက ဘယ်လောက်အရေးကြီးမှန်းသူမ, မသိချင်ပေ။

"အင်းလေ . . . ဘယ်တတ်နိုင်မှာလဲ၊ ဇေယျာ့ကို ခေါ်ရင်ခေါ်သွားပေါ့၊ သုံးနာရီပဲ ကြာမှာ မဟုတ်လား၊ ဇေယျာပြန်ရောက်လာတဲ့အထိ ကိုကို စောင့်နေပေးပါ့မယ်"

"ကျေးဇူးပဲ ကိုကို"

ကိုကိုထွေးထံမှ ခွင့်ပြုချက်ရသွားတော့မှ ဇေယျာ စိတ်သွတ်လပ်သွားပုံရ၏။

"သဇင်ကတော့ လုပ်ချင်တာကို ဖြစ်အောင်လုပ်လိုက်ရမှ၊ သဇင့်သူငယ်ချင်းမက ဘယ်လောက်တောင် အရေးပါနေလို့လဲကွာ"

"ဆုံကြတဲ့အခါ တွေ့မှာပါ မောင်၊ စန္ဒာငြိမ်းနဲ့ တွေ့ပြီးတဲ့အခါကျရင် ဒီစကားမျိုးတွေ မေ

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့မှာ မဟုတ်ပါဘူး"

စန္ဒာငြိမ်း၏အလှတရားနှင့် ကြွေရခြင်း၊ ညှို့ဝတ်ကေ တတ်ခြင်းများကို ဇေယျာသိသွားသောအခါ ချီးမွမ်းလို့ဆုံးမှာ မဟုတ်တော့ပေ။

❖

စန္ဒာငြိမ်းကို ပြန်ပို့ပေးပြီး ကားပေါ်မှာပင် ဇေယျာချီးမွမ်း ခန်းထုတ်တော့၏။ စန္ဒာငြိမ်း၏ စကားအပြောအဆိုတွေ အောက်မှာပင် ဇေယျာတစ်ယောက် အချိန်ကုန်မှန်းမသိ ပြန် သွားခဲ့ရှာ၏။

"သဇင့်မှာ ဒီလိုကျက်သရေရှိပြီး လူမှုရေး အပြည့်အဝ သိတတ်တဲ့ အသိမိတ်ဆွေမျိုး ရှိ လိမ့်မယ်လို့ မောင် မထင်ထားမိတာ အမှန်ပဲ၊ မောင်တို့စားရင်းစကားပြောကြတာ တစ်နာရီ ခွဲ ကြာသွားပေမယ့် အဲဒီအချိန်တွေက ကုန် မြန်တယ်လို့ ထင်မိတယ်"

"စန္ဒာငြိမ်းရဲ့အလှက ကျက်သရေရှိပြီး မောင့် ကို ဖမ်းစားနိုင်တယ် မဟုတ်လား၊ စန္ဒာငြိမ်းနဲ့ စကားပြောကြည့်တဲ့အခါ သူ့ရဲ့ ပါးနပ်မှုတွေ ကို မောင် မြင်ခဲ့ပြီ မဟုတ်လား"



ဇေယျာကတော့ သူမကို ညာပြောမည့် ယောက်ျားမျိုး မဟုတ်။ စန္ဒာငြိမ်းနှင့် ပတ်သက်ပြီး စိတ်ထဲမှာခံစားရသည့် အတိုင်း ပွင့်ပွင့်လင်းလင်းပင် ပြောဆို၏။

"ဟုတ်တယ် သဇင် . . . သူ့ရဲ့ဖမ်းစားခြင်းကို ရုတ်တရက် ခံလိုက်ရတယ်ဆိုတာကို ဝန်ခံပါ တယ်"

"ဘာလဲ မောင် . . . စန္ဒာ့လို မိန်းကလေးမျိုး ကို တွေ့လိုက်ရတော့ သဇင့်အနားမှာ ရှိတာ ကို နောင်တရနေပြီ မဟုတ်လား"

ဇေယျာ့သဘောကို သိပေမယ့် နောက်သလို ပြောလိုက် မိသည်။

"နောင်တရစရာမှ မဟုတ်ဘဲ သဇင်၊ စန္ဒာငြိမ်း လို မိန်းကလေးမျိုးကို ရအောင်ယူနိုင်တဲ့ အရည်အချင်းမျိုး မောင့်မှာမရှိတာ သေချာ တယ်၊ ဒီဘဝမှာတော့ မောင်က သဇင့်ရဲ့ အထိုက်တန်ဆုံးသူပဲလေ"

"ဘာလဲမောင် သဇင်ကျေနပ်အောင် မောင်ချွဲ ပြနေတာလား၊ ခဏတစ်ဖြုတ်လောက်တော့ စိတ်တိမ်းညွှတ်ခွင့်မျိုး သဇင် ခွင့်ပြုပါတယ် နော်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့အလှအပတွေက မောင့်စိတ်ကို ခဏပဲ ဆွဲဆောင်နိုင်ကောင်း ဆွဲဆောင်နိုင်မှာပါ သဇင်၊ မောင့်နှလုံးသားကိုတော့ သူ မဆွဲဆောင်နိုင်ပါဘူး၊ မောင့်နှလုံးသားထဲမှာ သဇင် အမြဲထာဝရ ရှိနေတာပဲလေ"

ဒီအပြောမျိုးတွေ၊ အချွဲအနွဲ့တွေဖြင့် သူမအချစ်ကို အရယူခဲ့သည်။

"ကျေးဇူးတင်ပါတယ် မောင်"

"ကဲ . . . သဇင် . . . ကိုကိုဆီပဲ သွားကြတာပေါ့နော်"

"ကောင်းတယ် . . . မောင့်ကို ခေါ်ထုတ်သွားတဲ့အတွက် ကိုကို့ကို အကြွေးဆပ်ပေးပါ့မယ်"

သူမစကားကို နားမလည်သလိုဖြင့် ဧယျာကြည့်သည်။ ကိုကိုထွေးဆီ ရောက်ခဲ့ရင်တော့ သူမ, ပြောလိုက်သည့်စကားများကို ဧယျာ သဘောပေါက်သွားမှာ သေချာသည်။

"ကဲ . . ကိုကို . . . ဧယျာ့ကို ရှေ့တော်မှောက် ရောက်အောင်ပြန်ပို့ပြီနော်၊ သဇင် ခေါ်သွားလို့အလုပ်ပျက်သွားတဲ့အတွက် ဧယျာနဲ့အတူတူ ကိုကို့အလုပ်တွေကို လျော်ကြေးအနေနဲ့ သဇင်ပါ လိုက်လုပ်ပေးပါ့မယ်"



"သုံးနာရီဆိုပြီး နှစ်နာရီ မကြာခင်ပြန်ပို့ပေးတဲ့ ကျေးဇူးတင်ပါတယ်၊ ဧယျာ့ဘာသာ ဧယျာ လုပ်ပါစေ၊ ညီမလေး လိုက်နေရင် ပိုအလုပ်ရှုပ်နေမှာပေါ့"

"ဟုတ်တယ် သဇင်၊ ကိုကိုနဲ့ပဲ သဇင်နေခဲ့ပေတော့၊ အချိန်ရှိတုန်း ကိစ္စပြတ်အောင် သွားလုပ်လိုက်ဦးမယ်"

ဧယျာကတော့ သူမ တကောက်ကောက် လိုက်နေမည်စိုး၍ ထွက်ပြေးသွားလေ၏။

"ကိုကိုကရော ညီမလေး အနားမှာရှိတယ်ဆိုပြီး ညည်းပြဦးမှာလား"

"မညည်းပါဘူး၊ အခုလောလောဆယ် ကိုကို့မှာ, ဘာလုပ်စရာမှ မရှိဘူး၊ ကိုကိုတောင် စဉ်းစားနေတာ"

"ဘာများလဲ ကိုကို"

"တခြားမဟုတ်ပါဘူး၊ ကိုကိုနဲ့ညီမလေးတို့ အေးအေးဆေးဆေး စကားမပြောရတာ အတော်ကြာပြီပဲ၊ ကိုကိုလည်း ပိုက်ဆာနေတယ်၊ တစ်ဆိုင်ဆိုင်မှာ တစ်ခုခုစားရင်း ကိုကိုတို့ စကားပြောကြရအောင် ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထွေး၏တောင်းဆိုမှုကို အလိုက်တသိပင် သူမ လိုက်လျောမှုပေးလိုက်၏။

သူမ လိုချင်သည့်အရာတိုင်းအတွက်လည်း ကိုကိုထွေး လိုက်လျောမှုပေးခဲ့တာပဲ မဟုတ်ပါလား။

❖

"ကိုကို့မှာ ဒယ်ဒီစီးပွားရေးကိစ္စတွေနဲ့ပဲ အချိန်ကုန်နေတာပဲနော်၊ တိုင်ပင်ဖော် တီးတိုးဖော်လေးများ ကိုကိုမရှာဘဲ ဒီအတိုင်း နေသွားတော့မှာလား"

ကိုကိုထွေးတစ်ယောက် အားပါးတရ စားနေသောကို နေသည်ကိုကြည့်ပြီး စာနာစွာဖြင့် ပြောလိုက်မိသည်။

"ကိုကို့ကိုယ်ရေးကိုယ်တာက အရေးမကြီးဘူး၊ ညီမလေးကိစ္စကအရေးကြီးတယ်၊ ကိုကို့အမြင်မှာ ညီမလေးစိတ်ကောင်းဝင်နေတုန်း ပြောချင်တယ်ကွယ်"

"ဘာလဲ ကိုကို"

"ညီမလေးနဲ့ ဇေယျာတို့ လက်ထပ်ကြဖို့ကိစ္စလေ၊ ညီမလေးတို့ကို ကြည့်ရတာ သွေးအေး



နေသလိုပဲ၊ ညီမလေးဘက်က ပိုဆိုးနေသေးတယ်"

"ကိုကို . . . ချစ်သူအိမ်ထောက်ဖက်နဲ့ ပတ်သက်ပြီး ခေါမပုံပြင်လေးကို, ကိုကိုကြားဖူးလား၊ နှစ်ကိုယ့်တစ်စိတ်ဘဝကနေ တစ်ယောက်တစ်ကိုယ်စီ ကွဲကွာသွားခဲ့ကြတဲ့ မိန်းမနဲ့ယောကျ်ား အကြောင်းလေ၊ လူတွေက ကိုယ်ရဲ့ကိုယ်ပွား တစ်ခုခုကို လိုက်ရှာနေကြရတာတဲ့၊ အချစ်ဆိုတာကို ရှာဖွေနေကြရတာလေ"

"ကြားဖူးတယ် ညီမလေး၊ ညီမလေးရဲ့ ရှာဖွေနေတဲ့ချစ်ခြင်း၊ ညီမလေးရဲ့ ကိုယ်ပွားက ဇေယျာပဲ မဟုတ်လား၊ ညီမလေးတို့ချင်း နှစ်ကိုယ့်တစ်စိတ်ဘဝနဲ့ တစ်ဘဝလုံးနေထိုင်သွားကြဖို့ လက်ထပ်မှဖြစ်မယ်လေ"

ခေါမပုံပြင်လေးသာ မကြားဖူးခဲ့ရင် စန္ဒာငြိမ်းနှင့်သာ ...င်မင်ဖြစ်ခဲ့ရင် အခုချိန်မှာ ကိုကိုထွေးကို ကက်ကက်လန် ...အောင် ရန်တွေ့ဖြစ်မှာ သေချာ၏။

"ကိုကို . . . ညီမလေးက ဇေယျာရှာနေတဲ့ ကိုယ်ပွား ဟုတ်နေရင် ဟုတ်နေလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ ကိုယ်ပွားကတော့ ဇေယျာမဟုတ်တာ သေချာတယ်၊ ညီမလေးက ကလေးဆန်ဆန် နေခဲ့ထိုင်ခဲ့တာ၊ ဘာကိုမှ အလေးအနက်ရှိခဲ့တာ မဟုတ်ဘူး၊ ကိုကိုအသိဆုံး ဖြစ်မှာပါ၊ ဇေယျာနဲ့ ပတ်သက်ဖြစ်ခဲ့တာလည်း ကိုကို ထဲထဲဝင်ဝင်ပါလာခဲ့လို့ပဲ၊ အခုလည်း ဇေယျာနဲ့ လက်ထပ်ဖို့ကိစ္စကိုလည်း ကိုကိုပဲ ဦးဆောင်နေပြန်ပြီ"

"ညီမလေး ဘာဖြစ်နေလဲ၊ ဇေယျာက ညီမလေးရဲ့ချစ်သူလေ၊ ဘာပဲပြောပြော ဇေယျာ့ကို ညီမလေး လက်ထပ်ရမယ်၊ ညီမလေးနဲ့ အသင့်တော်ဆုံးသူဟာ ဇေယျာတစ်ယောက်ပဲ ဒီလောကမှာရှိတာ၊ ဘာလဲ . . . ညီမလေး အခုချိန်ကျမှ စိတ်ကူးယဉ်ဆန်ချင်နေတာလား၊ ပုံပြင်ထဲက စကားအတိုင်း ညီမလေးလိုချင်တဲ့ ကိုယ်ပွားကို ရှာချင်နေတာလား၊ မထင်နဲ့ ညီမလေး . . . ဒီ လောကမှာ ညီမလေးရဲ့ ကွဲကွာသွားတဲ့ ကိုယ် ပွားရှိတယ်ပဲထားဦး အဲဒီလူဟာ ညီမလေးလို့ အထင်ရှိတဲ့ တစ်ဦးတစ်ယောက်နဲ့ ဒီလောကမှာ ပျော်



မွေ့ရင် ပျော်မွေ့နေမှာပေါ့ ညီမလေး"

"ကိုကိုကလည်း ဘယ်ဆိုးလို့တုန်း၊ စိတ်ကူးနဲ့ လက်တွေ့ကို သဘာဝကျအောင် ပြောတတ်ဆိုတတ်သားပဲ"

"ညီမလေးနဲ့ ဇေယျာတို့ မင်္ဂလာပွဲကို ဒယ်ဒီကလည်း ဖြစ်စေချင်နေတယ်"

"အင်းလေ . . . ဒီအခြေအနေတွေ ရောက်ခဲ့ပြီးမှတော့ ဇေယျာ့ကိုပဲ သဇင်လက်ထပ်ရတော့မှာပေါ့"

စိတ်လက်ပေါ့ပါးစွာ ပြောဆိုလိုက်သော စကားတော့ဟုတ်ပေ။ ကိုကိုထွေးကတော့ သူမ လက်ခံကြည်ဖြူလိုက်ခြင်း . . . ဟု မှတ်ယူသွားမှာ သေချာနေသည်ပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

# ၁၃။

စန္ဒာငြိမ်းနှင့် ပထမအကြိမ် တွေ့ဆုံစဉ်တုန်းက ဇေယျာကာ အချိန်သိပ်မရှိပေ။ ဒုတိယမြောက် တွေ့ဆုံခြင်းကိုတော့ ဇေယျာ ကိုယ်တိုင်ကပင် လိုလိုလားလား တောင်းဆိုလာခဲ့၏။

ဒုတိယကြိမ်မြောက် တွေ့ဆုံခြင်းကလည်း ပြီးပြည့်စုံသည် . . . ဟု ပြောလောက်အောင် အထမြောက်ခဲ့ခြင်း မရှိပေ။

ဇေယျာက တကူးတက လာတွေ့ဖြစ်သောနေ့မှာပင် စန္ဒာငြိမ်းတစ်ယောက် အလုပ်စဝင်သည့်နေ့နှင့် သွားပြီးတိုက်ဆိုင်နေ၏။

"ဆောရီးပဲ သဇင်ရယ် . . . စန္ဒာကလည်း ဒီနေ့ မှ ကုမ္ပဏီမှာ အလုပ်စဝင်မှာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ အချိန်မပေးနိုင်ဘူး ဖြစ်နေတာ၊ ကိုဇေယျာ့ကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ အရမ်းအားနာစရာ ကောင်းလိုက်တာ"

"စန္ဒာကလည်း အေးအေးဆေးဆေး နေလို့ရနေသားနဲ့ အလုပ်ဝင်လုပ်ရတယ်လို့ကွာ"

"အိမ်မှာ အလကားနေတာထက်စာရင်တော့ အလုပ်လုပ်တာက ကိုယ့်အတွက် အကျိုးတစ်ခုခုရှိတာပဲ မဟုတ်လား၊ ကိုယ် သုံးဖို့ စွဲဖို့လည်း ပိုက်ဆံရတာပေါ့"

ပြင့်သစ်စကားပြောသင်တန်း ဆင်းဆင်းချင်းမှာပင် ဇေယျာစောင့်နေမည့်အကြောင်းနှင့် တစ်နေ့ရာရာသွားပြီး မနက်စာကျွေးမည့်အစီအစဉ်ကို စန္ဒာငြိမ်းအား ပြောပြမိမှ အလုပ်လုပ်မည့်အကြောင်းကို သိရတော့သည်။

သူမတို့နှစ်ယောက် အတန်းဆင်းလာသည်ကို ဇေယျာက အသင့်စောင့်နေလေ၏။

"သဇင်က စန္ဒာငြိမ်းကို အစီအစဉ်တွေ ပြောပြထားပြီ မဟုတ်လား၊ ဒီမှာ ခဏဆိုင်ထိုင်ဦးမှာလား"



"အဲဒီကိစ္စကိုပဲ ပြောနေတာ ဇေယျာ၊ ကိုဇေယျာရဲ့အစီအစဉ်တွေကိုတော့ အရမ်းအားနာစရာကောင်းနေပြီ၊ စန္ဒာက ဒီနေ့ ကုမ္ပဏီမှာ အလုပ် စဝင်မယ့်နေ့လေ၊ နောက်တစ်ခါမှပဲ အေးအေးဆေးဆေး တွေ့ကြတာပေါ့၊ ဟော . . . ပြောရင်းဆိုရင်း မောင်လေးတောင် အကြိုရောက်လာပြီ"

တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်လာကြိုနေရသည်။ သူမနှင့်ဇေယျာတို့ကို အားနာစွာ တောင်းပန်ရင်းကာပင် စန္ဒာငြိမ်း ထွက်သွားလေ၏။

❖

"ဒီနေ့ပွဲလေးက သဇင်နဲ့မောင်တို့အတွက် အမှတ်တရပွဲလေးပဲ၊ စန္ဒာငြိမ်း မပါတာက လွဲလို့ အားလုံးပြည့်ပြည့်စုံစုံပါပဲ၊ မောင်တို့ ပွဲလေးကို မောင်တို့နှစ်ယောက်တည်းပဲ အသိအမှတ်ပြုလိုက်ကြရုံပေါ့"

အစားအသောက်တွေကို စုံအောင်မှာပြီး ဇေယျာ တစ်ယောက် တခမ်းတနား ပြောဆိုနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး . . . ဘာအမှတ်တရပွဲလဲ"

"ဘာရှိရဦးမှာလဲ၊ မောင်နဲ့လက်ထပ်မယ့် ကိစ္စကို သဇင်က သဘောတူစွာနဲ့ စီစဉ်ခိုင်းလိုက်တဲ့ အထွက်လေ"

ကိုကိုထွေးကတော့ လက်မြန်ခြေမြန်ဖြင့် စီစဉ်ပြီးဆိုတာကို သဘောပေါက်လိုက်၏။

"အဲဒီကိစ္စ သဇင် ပြောချင်သေးတယ် . . . ဖေဖျော့က မလွဲသာမရှောင်သာတဲ့ အခြေအနေမို့ သဇင့်ကို လက်ထပ်ရမှာလား၊ တော်ကြာ နောင်တတွေနဲ့ တစ်ဘဝလုံး စိတ်ဆင်းရဲစရာ ဖြစ်နေပါဦးမယ်"

"မောင့်သဘောပြောရရင် အခုချက်ချင်းကို သဇင်နဲ့ မခွဲဘဲနေလိုက်ချင်တယ်၊ အိပ်ရာဝင် အိပ်ရာထတဲ့အချိန်တိုင်းမှာပဲ မောင့်အနားမှာ သဇင် ရှိနေစေချင်တာလေ"

ဖေဖျော့အပြောအဆိုတွေကတော့ ဟိုတုန်းကနှယ် မပြောင်းလဲဘဲ ရှိနေ၏။

"ဘာပဲပြောပြော သဇင်တို့နှစ်ယောက် ကတော့ စားစားသွားသွားနဲ့ပဲ ဖူးစာပါလာ တယ်ထင်ပါရဲ့၊ သဇင်ကပဲ အလေးမထားမိ



တာပဲနေမှာ၊ မောင်နဲ့ ပတ်သက်ပြီး မောင့် လောက်ဖြစ်မနေတာတော့ အမှန်ပဲ၊ ချစ်သူလို့ သာ ပြောဆိုနေပေမယ့် သံယောဇဉ်ရှိတဲ့ သူငယ်ချင်းလိုပဲ၊ အဲဒီအတွက် မောင်စိတ်မကုန် ဘူးလားဟင်၊ မောင်နဲ့ ပတ်သက်လာရင် သဇင်က ကလေးဆန်လွန်းတာ များနေတယ်"

"အဲဒီလိုမျိုး ကလေးဆန်တာကိုပဲ မောင်က အနွံတာခံချင်နေတာပါ သဇင်"

"မောင်နဲ့စန္ဒာတို့ တစ်ခါဆုံဖြစ်တယ်၊ မောင့် အကြောင်းကို ပြောပြဖြစ်တယ်၊ စန္ဒာကလည်း မောင်ဟာ သဇင့်အတွက် အသင့်တော်ဆုံးသူ ပဲလို့ မှတ်ချက်ပေးတယ် မောင်၊ သဇင် တွေး ကြည့်တာပါ . . . စန္ဒာ့လို မိန်းကလေးမျိုးကို မောင်ကြုံရတော့ သဇင့်ကို စိတ်မကုန်ချင်ဘူး လားဟင်"

"ကုန်စရာလား သဇင်ရယ်၊ မောင်စိတ်ကုန်ခဲ့ ရင် ဒီအချိန်ထိ သဇင့်အနားမှာ မောင်ရှိနေမှာ မဟုတ်ဘူး"

ဖေဖျော့ကတော့ သူမနှင့်လက်ထပ်ချင်သည့် ဆန္ဒတွေသာ များနေ၏။ ဒီလိုနဲ့ပင် သူမနှင့် ဖေဖျော့တို့ လက်ထပ်ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး သေတစ်ပန်သက်တစ်ဆုံး နေထိုင်ဖြစ်သွားကြမည်လား မပြောတတ်ပေ။

❖

အတန်းမတက်ခင် ခဏတာလေးသာ စန္ဒာငြိမ်းနှင့် ဆိုင်ထိုင်ဖြစ်ကြသည်။ အတန်းဆင်းသည်နှင့် အရင်ကလို အချိန်ဖြုန်းဖို့ စန္ဒာငြိမ်းမှာ အခွင့်အရေး မရှိတော့ပေ။ အများတွေလိုပဲ . . . အလုပ်ရောက်ဖို့ကိုသာ ဇောကပ်နေတာများ၏။

စန္ဒာငြိမ်းအလုပ်ဝင်ပြီး ငါးရက်မြောက်သော မနက်ခင်းမှာပင် အထူးအဆန်းစကားကို ကြားဖြစ်သည်။

စန္ဒာငြိမ်း မျှော်လင့်စောင့်စားနေသော စန္ဒာငြိမ်း၏ ကိုယ်ပွားဖြစ်လာမည့် အလောင်းအလျာကို တွေ့ရှိခြင်းပဲဖြစ်၏။

"ဟိုရက်တွေထဲက စန္ဒာပြောချင်နေတာ . . . ဒီကုမ္ပဏီမှာ အလုပ်ဝင်လုပ်ဖြစ်တာ အရမ်းကုသိုလ်ကံကောင်းတယ်လို့ ပြောရမလိုပဲ သဇင်"

"ဘာဖြစ်လို့လဲ စန္ဒာ"

"တခြားမဟုတ်ဘူး၊ စန္ဒာမျှော်လင့်နေတဲ့ စန္ဒာကြိုက်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့



ယောက်ျားတစ်ယောက်နဲ့ ဆုံခွင့်ရလို့ပဲ သဇင်"

"တကယ်ပဲလား စန္ဒာ၊ အဲဒီလူက စန္ဒာတို့အလုပ်ထဲကပဲလား၊ ယောက်ျားပီသပြီး ချောရောချောရဲ့လား"

"ယောက်ျားပီသပြီး တည်ကြည်ဖြောင့်မတ်တဲ့ရုပ်မျိုးပဲ၊ ပတ်ဝန်းကျင်ကို ဆက်ဆံရာမှာလည်း အမြဲနူးညံ့နေပြီး သနားကြင်နာတဲ့စိတ် အမြဲရှိနေတာပဲ"

ဒီလောက်နှစ်ရှည်လများ စောင့်ဆိုင်းနေခဲ့ရပြီးမှ ဆုံတွေ့ခဲ့ရသော စန္ဒာငြိမ်း၏ ချစ်သူလောင်းလျာမှာ အဖက်ဖက်မှ ပြည့်စုံနေမည်ဆိုတာကို တွေ့ကြည့်ရုံဖြင့် သိသာနိုင်သည်ပဲလေ။

စန္ဒာငြိမ်းနှင့် ဖူးစာဖက်ခွင့်ရသောဆိုသူသည်လည်း ကံကောင်းခြင်းများစွာကို ရရှိနေမှာ သေချာ၏။

"သူကရော စန္ဒာ့ကို စိတ်ဝင်တစားရှိရဲ့လား၊ စန္ဒာတို့ တွေ့ကြတာ ရက်ပိုင်းလောက်ပဲ ရှိကြသေးတာ မဟုတ်လား"

စန္ဒာငြိမ်းတို့ တွေ့ခွင့်ရကြသည်မှာ ရက်ပိုင်းပဲ ရှိသေး၏။

"သူနဲ့အခုမှ တွေ့ကြရပေမယ့် အကြည့်ချင်းအဆုံမှာတော့ နှစ်ရှည်လများ ရင်းနှီးနေတဲ့အသိမျိုး ရင်ထဲမှာ ခံစားရတာ အမှန်ပဲ သဇင်၊

www.burmeseclassic.com

www.burmeseclassic.com



သေချာတာတစ်ခုကတော့ သူဟာ စန္ဒာရဲ့ ချစ်သူဖြစ်လာမယ့် အရိုပ်လက္ခဏာတွေ အပြည့် ရှိနေတယ်၊ သူ့အကြည့်တွေ၊ သူ့ဆက်ဆံမှု တွေကလည်း သိသိသာသာပဲ သဇင်"

ဘာမဲပြောပြော စန္ဒာငြိမ်း၏ချစ်သူလောင်းလျာနှင့် ပတ်သက်ပြီး ဒီထက်ပြည့်ပြည့်စုံစုံ သိချင်မိသည်။

သူမတို့ တွေ့ရချိန်က နည်းနည်းလေးပင်။ အခန်းထဲ ရောက်ပြန်တော့ စာသင်နေရသည်ကို အာရုံစိုက်နေရ၍ စကား မပြောဖြစ်။

စန္ဒာငြိမ်းကတော့ ဘယ်လိုနေမည်မသိ။ သူမကတော့ စန္ဒာငြိမ်းနှင့် စကားတွေ ပြောချင်နေမိသည်။

အတန်းဆင်းတော့ စကားပြောဖြစ်ကြရင်းက ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် စနေနေ့မှာ ဆုံဖို့ပြောတော့၏။

"သဇင်လည်း သူ့အကြောင်းကို သိချင်နေ သလို စန္ဒာကလည်း ပြောပြချင်နေတယ်၊ စန္ဒာ့မှာ ပြောပြရမယ့်သူဆိုလို့ အခုချိန်မှာ သဇင်တစ်ယောက်ပဲရှိတာ မဟုတ်လား"

"ဒါဆိုရင် မနက်ဖြန်စနေနေ့မှာ စန္ဒာ့အိမ်ကို သဇင်လာခဲ့မယ်လေ"



"စန္ဒာလည်း ဒီကိစ္စပဲ ပြောမလို့၊ မနက်ဖြန်ကျမှ ပဲ ပြည့်ပြည့်စုံစုံ နားထောင်ပေတော့ သဇင် ရေ"

စန္ဒာငြိမ်းကတော့ မျှော်လင့်ချက်တွေပေးပြီး စကားကို အဆုံးသတ်ကာ သူမနှင့် လမ်းခွဲလိုက်လေ၏။

သူမကတော့ အိမ်မှကားအလာကို စောင့်ရင်း . . . စန္ဒာငြိမ်း၏ ချစ်သူဖြစ်လာမည့်သူအကြောင်းကို တွေးတော နေဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

၁၄။

"စောစောစီးစီးကြီး ပြင်ပြင်ဆင်ဆင်လုပ်ထား
ပါလား ညီမလေး၊ ဘာလဲ . . . ဇေယျာလည်း
အိမ်ကိုလာစရာရှိတယ်လို့ဖုန်းဆက်ထားတယ်၊
ညီမလေးတို့ လျှောက်လည်ကြမလို့လား"

အိမ်သို့ ဇေယျာရောက်လာမည်ကို သူမ တကယ်မသိသေး။ သူမကတော့ ပြင်ပြင်ဆင်ဆင်လုပ်ထားပြီး ဒရိုင်ဘာအလာကို ထိုင်စောင့်နေခြင်းဖြစ်၏။

"ဇေယျာနဲ့ ဘာမှအချိန်းအဆက် မလုပ်
ထားဘူးကိုကို၊ ညီမလေးက သူငယ်ချင်းအိမ်
ကို သွားလည်မလို့၊ ဒရိုင်ဘာ ရောက်မလာ
သေးတာနဲ့ ထိုင်စောင့်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထွေးနှင့် နေ့စဉ်နေ့တိုင်း မြင်နေတွေ့နေသော်လည်း ဒီနေ့အဖို့ ထူးထူးခြားခြား ဖြစ်နေသည် . . . ဟု ထင်မိသည်။

"ဒရိုင်ဘာ လာရင်လည်း ဇေယျာ့ကိုပဲ လိုက်ပို့ခိုင်းပေါ့ ညီမလေးရာ"

"နေဦး ကိုကို၊ အရင်တုန်းက ရက်တွေထက်စာရင် ဒီရက်ပိုင်းမှာ ကိုကို ဝတ်တာစားတာ သပ်သပ်ရပ်ရပ်နဲ့ ပြီးတော့ ရေမွှေးတွေဘာတွေ မသုံးစဖူးသုံးနေပါလား ကိုကို၊ မဟုတ်မှလွဲရော ကုမ္ပဏီကကောင်မလေးတွေကခပ်ချောချောလေးတွေပဲနေမှာ မဟုတ်လား"

"ဘာရယ်တော့ မဟုတ်ပါဘူး ညီမလေးရာ . . . ကာလဒေသလိုက်ပြီး နေရထိုင်ရတဲ့ သဘောပါ"

"ကိုကို့ကိုကြည့်ရတာ တစ်ခုခု ထူးနေတာတော့ အမှန်ပဲ၊ ချစ်ရမယ့်သူတွေ ဘာတွေ တွေ့နေရင် ဒိုင်မထားကြေးနော် ကိုကို"

သူမ၏အပြောင်အနောက်စကားကြောင့် ကိုကိုထွေးတစ် ယောက် နေရထိုင်ရခက်ဖြစ်သွားပုံရသည်။



"အစစအရာရာ အဆင်ပြေပြီး သေချာခဲ့ရင်တော့ ကိုကို သတင်းထုတ်ပြန်မှာပါ ညီမလေးရာ"

"ဘာလဲကိုကို အကြိုက်တွေ့တော့ တွေ့နေပြီဆိုတဲ့သဘောလား"

ကိုကိုထွေးနှင့်နောက်နေပြောင်နေစဉ်မှာပင် ဇေယျာတစ်ယောက် ရောက်ချလာသည်။

ဇေယျာရောက်လာခြင်းကြောင့် ကိုကိုထွေးနှင့် စကားပြတ်သွားရသည်။

ကားဒရိုင်ဘာလည်း ဇေယျာနှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာ၏။

"ပြင်ပြင်ဆင်ဆင်နဲ့ ဘယ်များသွားစရာရှိလို့လဲ သဇင်"

"အတော်ပဲ၊ ဒရိုင်ဘာဦးလေးကြီးကို ညနေကျမှပဲ လာကြိုခိုင်းတော့မယ်၊ အခုတော့ ဇေယျာပဲ လိုက်ပို့ပေးပေါ့"

"မောင်လည်း ဒီနေ့အားနေတာနဲ့ သဇင်နဲ့များ တစ်နေရာရာ သွားမလားလို့ စိတ်ကူးပြီးထွက်လာခဲ့တာ၊ သဇင်က ဘယ်သွားမှာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်တော့ ဇေယျာမေးသည်။

တကယ်ဆိုရင် ဒီလိုနေ့မျိုးမှာ စန္ဒာ့ကိုခေါ်ပြီး သုံးယောက်သား လည်ဖို့ပတ်ဖို့ ကောင်းနေသေး၏။

သူမနှင့် စန္ဒာငြိမ်းတို့မှာ အရေးတကြီး ပြောစရာဆိုစရာ စကားတွေ ရှိနေသေးသည်ဆိုတော့ လည်ဖို့ပတ်ဖို့ မဖြစ်တော့ပေ။

"စန္ဒာတို့အိမ်ကိုသွားမှာ မောင်"

"သဇင်တို့ သွားစရာ အထွေအထူး မရှိဘူးဆိုရင် မောင်တို့သုံးယောက် တစ်နေရာသွားရအောင်လား၊ ဟိုနေ့က ကျွေးဖို့မွေးဖို့ ပျက်သွားတဲ့ အစီအစဉ်ကို မောင် အစားပြန်လုပ်ပေးမယ်လေ"

ဇေယျာ့စိတ်ကူးနှင့် သူမစိတ်ကူးတို့ ထပ်တူထပ်မျှကျနေ သော်လည်း အစီအစဉ်က အထမြောက်မှာ မဟုတ်ပြန်။

"မဖြစ်ဘူး မောင်၊ စန္ဒာ အလုပ်စလုပ်ကတည်းက သဇင်နဲ့စန္ဒာတို့ အေးအေးဆေးဆေး စကားပြောဖြစ်ကြတာ မဟုတ်ဘူး၊ ဒီနေ့ အတိုးချပြီး သဇင်တို့နှစ်ယောက် စကားပြောကြမှာ၊ စန္ဒာကလည်း စိတ်ဝင်စားစရာ



ကောင်းတဲ့ သူ့ကိုယ်ရေးကိုယ်တာကို ပြောပြမယ်ဆိုပြီး ချိန်းထားပြီးသားလေ"

"စန္ဒာငြိမ်းရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ဟုတ်လား သဇင်"

"ဟုတ်တယ် မောင်၊ ကျောင်းတက်လို့ ဘွဲ့တစ်ခုသာရခဲ့တယ်၊ အာသာရပ်ဆိုင်ရာ အလှဘုရင်မဘွဲ့ ရခဲ့ပေမယ့် ဒီနေ့အထိ စန္ဒာ့မှာ ချစ်သူတွေဘာတွေ ရှိသေးတာ မဟုတ်ဘူး မောင်၊ ကုမ္ပဏီမှာ အလုပ်ဝင်ဖြစ်တော့မှ သူ စိတ်ကူးမျှော်လင့်ခဲ့ရတဲ့ ယောကျ်ားတစ်ယောက်ကို တွေ့ရတာတဲ့၊ အဲဒီလူနဲ့ စန္ဒာတို့ အကြောင်းကို ပြောပြမှာလေ"

"စန္ဒာငြိမ်းရဲ့ချစ်သူဖြစ်လာမယ့်သူက တော်ရုံတန်ရုံ အရည်အချင်းမျိုးထဲကတော့ ဖြစ်နိုင်မယ် မထင်ဘူးသဇင်၊ အင်းလေ . . . ဘယ်လောက်ပဲ ရွေးချယ်မှုတွေ လုပ်ခဲ့လုပ်ခဲ့ အချိန်တန်တော့လည်း ကိုယ့်ဖူးစာဖက်ကို တွေ့ကြရတာပဲ"

စန္ဒာငြိမ်း၏ချစ်သူဆိုသောသူကို ဇေယျာကလည်း စိတ်ဝင်တစား ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာငြိမ်းနှင့် ပတ်သက်ဖူးသည့်လူတိုင်း စန္ဒာငြိမ်း၏ ချစ်သူဖြစ်လာမည့်သူကို စိတ်ဝင်တစားရှိနေကြ၏။

❖

"ကိုဇေယျာ့ကိုတော့ ဒုတိယအကြိမ် အားနာရမလို ဖြစ်နေပြန်ပါပြီ သဇင်ရယ်"

"အားမနာလို့ မဖြစ်ဘူး၊ အစားအသောက်က ဘယ်အချိန်စားစားရတယ်၊ အရမ်းသိချင်နေတဲ့ အကြောင်းကိုတော့ အားချင်းနားထောင်လိုက်ရမှ စိတ်အဆာပြေသွားမှာ စန္ဒာ"

စန္ဒာငြိမ်းတို့က မိသားစုလေးယောက်သာ ရှိကြ၏။ တစ်ထပ်ကိုက် သပ်သပ်ရပ်ရပ်လေးမှာ အတန်အသင့် ခြံဝင်းထဲ၌ စိတ်ချမ်းမြေ့စရာကောင်းနေသေး၏။

"အိမ်မှာ ဘယ်သူမှမရှိကြဘူး သဇင်ရဲ့၊ မောင်လေးကလည်း ကားထွက်သွားတယ်၊ ဖေဖေ မေမေတို့ကလည်း သူ့အမျိုးတွေဆီ အလည်သွားကြတာလေ၊ ကိုဇေယျာ့ကိုတောင် အအေးလေးဘာလေး မတိုက်လိုက်ရဘူး"



"ဘာမှပူမနေနဲ့ စန္ဒာ၊ ဒီနေ့တော့ နှစ်ယောက်စာ အတိုးချပြီး စားရသောက်ရမှာ၊ ပြီးတော့ စန္ဒာပြောမယ့်စကားတွေကို တစ်ဝကြီး နားထောင်ပစ်မှာ သိလား"

"နားထောင်ရမှာပေါ့ သဇင်ရယ်၊ ပြီးတော့ သူနဲ့ ပတ်သက်ပြီး ပြောပြချင်နေတာ"

"အဲဒီလူက စန္ဒာတို့နဲ့ ကုမ္ပဏီတစ်ခုထဲကပေါ့ နော်"

"ဟုတ်တယ် သဇင်၊ မနေ့ကအထိတော့ သူ့ကို မန်နေဂျာလို့ပဲ အောက်မေ့နေတာ၊ ကုမ္ပဏီ ပိုင်ရှင်ဖြစ်နေမှန်းကို ဒီနေ့မှ သိရတာ၊ အဲဒီလောက် သိုသိုသိပ်သိပ်နေတတ်ပြီး စာနာစိတ် အပြည့်အဝနဲ့ ဝန်ထမ်းတွေအပေါ်မှာဆက်ဆံတတ်တာလေ၊ စန္ဒာ့ထက်တော့ တစ်နှစ်စွန်းစွန်းလောက်ကြီးမယ်ထင်တာပဲ"

စန္ဒာငြိမ်းကတော့ ထိုပုဂ္ဂိုလ်အတွက် အမှတ်အပြည့်တွေ ပေးနေ၏။

"အားလုံးအပေါ်မှာထက် စန္ဒာ့ကို ဆက်ဆံတာက ပိုနေမှာ မဟုတ်လား၊ သူနဲ့မျက်နှာချင်းဆိုင်တဲ့အခါတိုင်း စန္ဒာ့ရင်တွေ ခုန်ခုန်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ် မဟုတ်လား၊ တွေ့ကြတာ မကြာသေးပေမယ့် အတွယ်အတာတွေက များနေပြီပေါ့ ဟုတ်လား စန္ဒာ"

"သဇင်ပြောတဲ့အတိုင်းပါပဲ၊ ဖူးစာဆိုတာလည်း အဆန်းသား၊ သူနဲ့စတွေ့တွေ့ချင်းမှာပဲ သူ့မျက်ဝန်းတွေကြောင့် အနေခက်ခဲ့ရတယ်၊ တစ်ခဏအတွင်းမှာ ကိုယ့်နှလုံးသားကို လုယူပြီဆိုတာကို သိလိုက်ရတယ်၊ ပြီးတော့ သူ့မှာကလည်း ကိုယ်လက်ခံချင်စရာကောင်းတဲ့ အရည်အချင်းတွေကလည်း အပြည့်ရှိနေတာလေ"

"သေချာပါတယ် . . . နှလုံးသားအသိနဲ့ရော ဦးနှောက်အသိနဲ့ပါ ချစ်သူအဖြစ် စန္ဒာ ရွေးချယ်လိုက်ပြီ မဟုတ်လား"

"စန္ဒာ ရဲရဲကြီးဝန်ခံပါတယ် ဒီလိုမျိုး တစ်ယောက်နဲ့တစ်ယောက် နားလည်ကြရင်းနဲ့ပဲ မကြာခင်မှာ သူနဲ့စန္ဒာဟာ ချစ်သူတွေ ဖြစ်သွားကြမှာပါ"

စန္ဒာငြိမ်းစကားတွေကို နားထောင်ရင်း သူမပါ ရောပြီး ရင်ခုန်မိသည်။



စန္ဒာငြိမ်း၏အမူအရာလေးများကြောင့် စိတ်ကြည်နူးမှုကို ဖြစ်ရသည်။

"ဒါပဲနော် စန္ဒာ . . . အဲဒီလူနဲ့တော့ သဇင့်ကို မိတ်ဆက်ပေးရမယ်၊ ဒီတစ်ခါ လေးယောက်ဆုံပြီး တစ်နေ့ရာရာကို ခရီးထွက်ကြရအောင်"

"သူကိုယ်တိုင်က ဖွင့်ပြောပြီး ကမ်းလှမ်းလာတာနဲ့ သဇင်နဲ့ရော ကိုဇေယျာနဲ့ပါ စန္ဒာဆုံပေးမှာပါ၊ လူချင်းတွေ့ကြဖို့ ကိစ္စကိုတော့ ခဏလေး သည်းခံစောင့်လိုက်ပါဦး၊ ဒီတစ်ခါ စန္ဒာ့အလှည့်ပဲ၊ ကိုယ့်လူကို လူချင်းတွေ့ပြီး အရည်ချင်းစစ် စာမေးပွဲလုပ်ခိုင်းရဦးမယ်"

"လူချင်းတွေ့ပြီး အရည်အချင်း စစ်နေရဦးမှာလား စန္ဒာရယ်၊ စန္ဒာက ရွေးချယ်ထားပြီးမှတော့ အစစအရာရာ ပြီးပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ဖြစ်ပြီးသားပါ၊ လူလှသလိုပဲ သူ့ရဲ့ကိုယ်စိတ်နှလုံးသုံးပါးစလုံးလည်း လှနေမယ် ဆိုတာကို ပြောစရာမလိုဘူးလေ"

စန္ဒာငြိမ်းချစ်သူကို မမြင်မတွေ့ရပေမယ့် လေးစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖက်ဖက်က တော်နေတတ်နေပြီး စိတ်ထားကောင်း
သည့် ယောကျာ်းတစ်ယောက်ဖြစ်နေမှာ မလွဲ. . . ဟု တွေးထား
ပြီးသားပါလေ။

■

•

"သူတို့နှစ်ယောက်က အခုမှ မျက်လုံးချင်း စကားပြောနေကြတုန်း၊ အရိပ်အခြည် ကြည့်နေကြတုန်းပေါ့ ဟုတ်လားသဇင်"

"ဒါပေါ့ . . . သိပ်ကြာမယ်မထင်ဘူးမောင်၊ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြမှာ သေချာတယ်"

"ဒီတစ်ခါတော့ လေးယောက်ဆုံဖြစ်မှပဲ အမှတ်တရပွဲလေး မောင်လုပ်ပေးပါ့မယ်၊ ဒါနဲ့ သဇင့် မွေးနေ့တောင် ရောက်ဖို့နီးပြီပဲ၊ နှစ်ပတ်လောက်ပဲ လိုတော့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး . . ဇေယျာအသိပေးမှပင် နှစ်စဉ်ကျင်းပနေကျ သူမမွေးနေ့ပွဲကို သတိရဖြစ်တော့သည်။

အိမ်က ဒရိုင်ဘာ နေမကောင်းဖြစ်နေသည်မို့ ကျောင်းအလာကို ဇေယျာအား လိုက်ပို့ခိုင်းရသည်။

ကျောင်းပုရဝုဏ်ထဲကို လှမ်းဝင်လိုက်သည်နှင့် ဆိုင်းမှာ စန္ဒာငြိမ်း ထိုင်နေတာကို လှမ်းတွေ့လိုက်ရ၏။

"အခုလောလောဆယ်တော့ ကြားရတဲ့ သတင်းစကားတွေအတွက် လက်ဖက်ရည် တစ်ခွက်လောက် ကြိုသောက်ထားမယ်နော် မစန္ဒာငြိမ်း"

"ကြည့်စမ်း . . . သဇင်ကတော့ ကိုဇေယျာ့ကို အကုန်လျှောက်ပြောပြထားပြီးပြီနဲ့တူတယ်"

"ပြောရမှာပေါ့၊ ဒါက မင်္ဂလာစကားပဲဥစ္စာ"

"ကိုဇေယျာတို့လည်း မင်္ဂလာပွဲအတွက် ပြင်နေဆင်နေရတာပဲ မဟုတ်လား"

"မစန္ဒာငြိမ်းရဲ့ သူငယ်ချင်းကိုလည်း ကြည့်ပြောပေးပါဦး၊ သူက အမြဲပိုလိုက်ကျတာချည်းပဲ"

"ဩော် . . . ချစ်တဲ့သူကချစ်ပြီး အလိုလိုက်မှတော့ နွဲ့ဆိုးဆိုးတာက သဘာဝပဲလေ၊ အချိန်အခါက သဇင့်ကို သင်ကြားပေးသွားပါ လိမ့်မယ် ကိုဇေယျာ"



စကားပြောရတာ ခဏလေး . . . ဟု ထင်မိသည်။

ဘာသာစကားသင်တန်းတွေ စသင်ချိန်စသော ဘဲလ်တီးသံထွက်ပေါ်လာ၏။

"ကျွန်မ ရှင်းလိုက်ပါ့မယ် ကိုဇေယျာ"

"ဒီတစ်ခါ ကျွန်တော်တို့ ဆုံဖြစ်ကျရင်တော့ နောက်တစ်ယောက် တိုးလာမှာနော်၊ လေးယောက်ဆုံပြီး အမှတ်တရပွဲလေးတစ်ခုခု လုပ်ကြတာပေါ့"

"ဆုံဖြစ်ကြမှာပါ ကိုဇေယျာ"

ဇေယျာ့ကို နှုတ်ဆက်ပြီး သူတို့နှစ်ယောက် အတန်းရှိရာသို့ ထွက်လာဖြစ်ကြသည်။ အတန်းနားမရောက်ခင်မှာပင် စန္ဒာငြိမ်းက . . .

"ဒီနေ့ နောက်ဆုံးခုံမှာပဲ စန္ဒာထိုင်မယ် သဇင်"

"ဘာဖြစ်လို့လဲ စန္ဒာ . . . အမြဲတမ်း တတိယမြောက်ခုံမှာ ထိုင်နေကျပဲ မဟုတ်လား"

"မဟုတ်ဘူး သဇင်၊ ဒီနေ့ နာရီဝက်လောက်စောပြီး အတန်းထဲက ထွက်ချင်လို့လေ၊ အလုပ်ကိစ္စအတွက် သူနဲ့အတူတူ သွားရမှာ၊ သူ ကားနဲ့ လာခေါ်မှာမလို့ သဇင်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဒီအခြေအနေထိတောင် ဖြစ်နေကြမှကိုး၊ ဒါဆိုလည်း စန္ဒာပဲ နောက်ဆုံးခုံမှာ ထိုင်လေ၊ သဇင်ကတော့ နောက်ဆုံးမှာ ထိုင်ရင် စာလုံးတွေ မသဲကွဲဘူး"

စန္ဒာငြိမ်းကတော့ နောက်ဆုံးခုံနားမှာ ဝင်ထိုင်၏။ သူမက တော့ ထိုင်နေကျခုံမှာပင် သွားထိုင်လိုက်သည်။

❖

ဆရာစာသင်နေတာကို သူမပါ စိတ်ဝင်စားဖို့ အာရုံနည်းနေ၏။ အတန်းပြီးခါနီး နာရီဝက်လိုတော့ စန္ဒာငြိမ်း အပြင်ထွက်ဖို့ ပြင်သည်ကို မြင်လိုက်ရသည်။

သူမထိုင်နေရာမှနေပြီး အပြင်ကို လှမ်းကြည့်လိုက်ခိုက်မှာပင် ကျောင်းဝင်းထဲသို့ ကားတစ်စီး ဝင်လာသည်ကို တွေ့လိုက်ရသည်။

"ဒါ . . . ကိုကို့ကားပဲ"

အကြည့်မှားတာတော့ လုံးဝမဖြစ်နိုင်ပေ။ ကိုကိုထွေး စီး နေကျကားမှ ကိုကိုထွေး၏ကားအစစ် ဖြစ်နေ၏။

စန္ဒာငြိမ်းကလည်း ကိုကိုထွေး ကားရှိရာသို့ ဦးတည်ပြီး လျှောက်သွားနေ၏။



ကားတံခါးဖွင့်ပြီး ဆင်းလာသူကို တွေ့လိုက်ရပြန်သည်။

"ကိုကိုပါလား"

ထူးဆန်းစွာတိုက်ဆိုင်မှုတွေကြောင့်ပင်၊ နှလုံးခုန်မြန်သွားခဲ့ပြီထင်၏။ စန္ဒာငြိမ်းတစ်ယောက် ကားပေါ်တက်လိုက်ချိန်မှာပင် သူမလည်း ယောင်ယမ်းပြီး အခန်းအတွင်းမှ ထွက်လိုက်မိပြန်တော့သည်။

သူမ အပြင်ရောက်တော့ ကိုကိုထွေးတို့ စီးနင်းသွားသော ကားလေးက တက္ကသိုလ်ရိပ်သာလမ်းပေါ် ရောက်နေပြီ။

မျက်မြင်ကိုယ်တွေ့မို့ အိပ်မက်ဟု . . လည်း မထင်မှတ်ရဲ၊

စားသောက်ဆိုင်နားရောက်တော့ တယ်လီဖုန်းရှိရာသို့ အကြည့်ရောက်သွားမိသည်။

ချက်ချင်းဆိုသလို ကိုကိုထွေး၏ဟန်းဖုန်းကို လှမ်းဆက်ချင်စိတ်တို့ ပေါက်သွားမိလေ၏။

ဟန်းဖုန်းဖွင့်ထားသည်မို့ ဂဏန်းတွေနှိပ်ပြီးသည်နှင့် ချက်ချင်းတန်းဝင်သွားသည်။

အချိန်မကြာသေးသောကြောင့်ပင် ကိုကိုထွေးတို့နှစ်ယောက် လမ်းမပေါ်မှာပင် ရှိနေကြသေးမှာ သေချာ၏။

"ဟဲလို . . . အမိန့်ရှိပါ၊ ကျွန်တော် ကိုကိုထွေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော မိန်းကလေးအား အနားမှာထား ပြီး ကားမောင်းနေသော ကိုကိုထွေး၏ လေသံက အလွန်တရာ တက်ကြွနေလေ၏။

"ကိုကိုလား. . . ညီမလေး လှမ်းဆက်တာပါ"

"ညီမလေး ဘယ်ကနေ ဆက်နေတာလဲ၊ ဘာလဲညီမလေး ကားအခက်အခဲရှိလို့လား၊ ဒီအချိန်ဆိုဖေဖျော့တော့ အားလိမ့်မယ်ထင်တယ်"

ကိုကိုထွေး၏စကားတွေကြောင့်ပင် မဲ့ပြုံးပြုံးလိုက်မိသည်။

"တက္ကစီငှားပြီး ပြန်လည်း ဖြစ်ပါတယ်ကိုကို၊ ကိုကိုများ လမ်းကြုံရင် ဝင်ခေါ်နိုင်မလားလို့ ဆက်ကြည့်တာပါ"

"အခု အလုပ်ကိစ္စတစ်ခု စကားပြောဖို့ သွားနေတာလေ"

"ကားပေါ်မှာ ကိုကိုတစ်ယောက်တည်းရော ဟုတ်ရဲ့လား"

သူမအမေးကိုတော့ ကိုကိုထွေး ရုတ်တရက် မပြောနိုင်ပေ။

ခဏကြာမှ . . .



"ကိုကို့ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်လည်း ပါ,ပါတယ် ညီမလေး"

"ဒါပါပဲ ကိုကိုရာ"

ဖုန်းကို ချပစ်လိုက်သည်နှင့်အတူ သူမစိတ်တို့ ပျံ့လွင့်သွားနေသည်ကို သတိထားမိလိုက်သည်။

သူမမျက်စိအောက်မှာပင် ကာလများစွာ ရှိနေခဲ့သော ကိုကိုထွေး။

စန္ဒာငြိမ်း၏ချစ်သူကို မမြင်ဖူး၊ မတွေ့ဖူးပေမယ့် ကြားစကားတွေအရ လေးစားအားကျမိနေခြင်းများကို ပြောင်းပြန်လှန်ပစ်ရမည်လား။

❖

စန္ဒာငြိမ်း၏ချစ်သူမှာ ကိုကိုထွေး . . ဟု သိလိုက်ရသည်နှင့် နေမရထိုင်မရသော စိတ်ဒုက္ခက ကောင်းကောင်းကြီး အခံခက်စေ၏။

ကိုကိုထွေး အလုပ်ပြန်လာသည်ကို အမြဲတမ်း မြင်နေတွေ့နေကျပင်။ ဒီနေ့မှ အထူးအဆန်းလုပ်ပြီး ငေးမောကာ ကြည့်နေဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

နေမရထိုင်မရသော ဒုက္ခကြောင့်ပင် ကိုကိုထွေးရှိရာ အခန်းဆီသို့ လျှောက်လာမိခဲ့သည်။ ဒီအိမ်၊ ဒီခြံ၊ ဒီဝန်းထဲမှာ ဘယ်နေရာမဆို သူမ မရောက်ဖူးသော နေရာမရှိ။

သူမအတွက်တော့ အားလုံးသည် တံခါးမရှိ ဓားမရှိပင်။

ကိုကိုထွေးနေသော နေရာကိုတော့ ဟိုးယခင်ကတည်းက ယောင်လို့ပင် ရောက်ခဲ့ဖူးခြင်း မရှိပေ။

အခန်းတံခါးက စေ့ထားသည်မို့ ခပ်ဖွဖွလေး တွန်းဖယ်ကြည့်လိုက်မိသည်။

ကြည့်စမ်းပါဦး . . . ကိုကိုထွေးအခန်းက ဒီလောက်ထိ သပ်သပ်ရပ်ရပ်နှင့် စိတ်ကြည်နူးဖွယ်ကောင်းလိမ့်မည် . . . ဟု တစ်ကြိမ်တစ်ခါမှ မတွေးဖူးခဲ့ပေ။

သူမအခန်းထဲရောက်နေသည်ကို၊ ကိုကိုထွေး မမြင်။

ခုတင်ပေါ်မှာ လှဲနေရင်းကပင် ဘာတွေများ စိတ်ကူးယဉ်နေသည် မသိပေ။

"ကိုကို"

အခန်းတစ်ခုအတွင်းမှာ ကြောင်တောင်တောင်ကြီး မနေချင်တော့သည်မို့ သူမက စတင်ပြီး အသံပေးလိုက်ရတော့၏။

"ဟာ . . . ညီမလေးပါလား"

"ဟုတ်တယ် ကိုကို၊ ကိုကိုနဲ့ စကားပြောချင်တာနဲ့ပဲ လာခဲ့မိတာ၊ ကိုကို ဘာတွေများ



စိတ်ကူးယဉ် နေတာတုန်း"

တစ်နေ့လုံး ကြုံတွေ့ကြည်နူးခဲ့ရသည့် စန္ဒာငြိမ်းနှင့် ပတ်သက်နေသည်များကို တွေးတောနေမှန်း သိလျက်နှင့် မေးလိုက်မိသည်။

ကိုကိုထွေးကတော့ ရယ်ရယ်ပြုံးပြုံးဖြင့် စကားလမ်းကြောင်း လွှဲလေ၏။

"အင်း . . . ညီမလေးကို ရုတ်တရက်ကြီး တွေ့လိုက်ရလို့ အံ့အားသင့်သွားရတာ၊ ကိုကို့ အခန်း ရှိတဲ့နေရာကို ဒါပထမဆုံးအကြိမ် ညီမလေး ရောက်လာတာ မဟုတ်လား"

ခွင့်တောင်းမနေဘဲ . . . ကိုကိုထွေးနှင့်ယှဉ်ပြီး ခုတင်ပေါ်မှာ ထိုင်ချလိုက်သည်။

"ညီမလေးကလည်း တစ်ယောက်တည်း ဟိုတွေးဒီတွေးလုပ်နေရင်းကနေ ကိုကို့ကို မေးချင်စိတ်ပေါက်လာတာနဲ့ ရောက်လာရတာလေ"

"ပြောစမ်းပါဦး ညီမလေးက ဘာများမေးချင်လို့တုန်း"

"တခြားတော့မဟုတ်ဘူး ကိုကို . . . ဇေယျာနဲ့ ပတ်သက်လို့ပါ၊ အခုဆို ကိုကိုတို့နေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် လူကြီးတွေက ညီမလေးတို့ မင်္ဂလာဆောင်ကိစ္စကို လုံးပန်းနေကြတာ မဟုတ်လား”

“ဟုတ်တယ်လေ ညီမလေး၊ အဲဒါ ဘာဖြစ်လဲ”

“ကိုကိုနဲ့ညီမလေးတို့က သွေးမတော်ကြပေမယ့် သံယောဇဉ်တွေ ရှိခဲ့ကြတယ်၊ ညီမလေး ဆိုးသမျှကို ကိုကို ခေါင်းငုံ့ခံခဲ့တယ်၊ ဇေယျာ့လက်ထဲကို တစ်သက်လုံးထည့်ပေးလိုက်ရတော့ မှာပဲဆိုပြီး ကိုကို့အနေနဲ့ နှမြောတွန့်တိုစိတ်မျိုးများ မဖြစ်မိဘူးလားလို့ပါ”

“မှန်တာပြောရရင်တော့ နှမြောစရာတော့ ကောင်းတာပေါ့၊ ဒါပေမဲ့ ကိုကို့အနေနဲ့က တစ်ဘဝလုံး စောင့်ရှောက်ဖို့အခွင့်အရေးမှ မရှိဘဲ၊ သဘာဝတရားအရပဲ ညီမလေးရဲ့ ချစ်သူ ဇေယျာကပဲ စောင့်ရှောက်ခွင့်ရမှာလေ၊ ဇေယျာ့ကို စိတ်ချယုံကြည်တဲ့စိတ်တစ်ခုတည်းနဲ့ အဲဒီ နှမြောတွန့်တိုခြင်းကို ဖျောက်ဖျက်ပစ်လိုက်နိုင်တာပဲပေါ့ ညီမလေးရာ”

“ဒီစကားကြားရတော့ ညီမလေးစိတ်သက်သာသွားတယ်၊ ညီမလေးဆိုလည်း ဒီအတိုင်းပဲနေ



မှာပဲ၊ ခံစားရမှာပဲ၊ ကိုယ်အမြတ်တနိုး ကိုယ့်မျက်စိရှေ့မှာ တွေ့နေမြင်နေကျ ပစ္စည်းလေးတစ်ခုကို တခြားလူတစ်ယောက်ယောက်က မြတ်မြတ်နိုးနိုးနဲ့ ကောက်ယူသွားမယ်ဆိုရင် နှမြောဝန်တိုမှုတော့ ဖြစ်မှာပဲ၊ အဲဒီပစ္စည်းလေးက ကိုယ်စွန့်ပစ်ထားတာ ဖြစ်ကောင်းဖြစ်နေလိမ့်မယ် ကိုကို”

သူမ ပြောသောစကားတွေကို နားလည်သလိုလို၊ နားလည်သလိုလိုဖြင့် ကိုကို နားထောင်နေလေ၏။

သူမကလည်း ရုတ်ခြည်း ပေါ်ပေါက်ခဲ့သော ခံစားမှုများကို အဆက်စပ်မဲ့စွာဖြင့် အိတ်သွန်ဖာမှောက် ပြောချပစ်လိုက်သည်ပဲလေ။

■

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

၁၆။

သူ့ဘဝကို အပြောင်းအလဲဖြစ်အောင် ကံကြမ္မာက မြှုခဲ့သည်ဆိုရင်တော့ ဒယ်ဒီဦးမြင့်ဝေက သူ့ကျေးဇူးရှင်တစ်ယောက်ပေပဲ။

သာမန်တောသူတောင်သားဘဝမှနေပြီး ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်ရုံမက စီးပွားရေးလုပ်ငန်းများကို ကျွမ်းကျင်စွာ ဦးဆောင်နေပြီး သူပိုင်ကုမ္ပဏီတစ်ခုပင် သီးသန့်ရှိနေလေပြီ။

ညီမလေး သဇင်မြင့်ဝေကတော့ ဟိုးငယ်စဉ်ကတည်းကပင် ယနေ့အချိန်အထိ သူ့ကို မှဲဒိစ္စာမပွားနိုင်သလို၊ နှီးနှွန်းခင်းထက်ဆက်ဆံခဲ့တာချည်းပင်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ့ဘဝမှာ အရာရာပြည့်စုံရုံတင်မကဘဲ ချ စရာကောင်းပြီး လိမ္မာရေးခြားရှိသော စန္ဒာငြိမ်းဆိုသည့် ချစ် မည့်သူပင် ရှာတွေ့ခဲ့ပြီ။

စန္ဒာငြိမ်းကို စတွေ့ကတည်းက သူ့ဖူးစာဖက်ဖြစ်ေ မည့် အခြေအနေများက တစ်ခုပြီးတစ်ခု ပေါ်ပေါက်ခဲ့သည်။

နှုတ်မှဖွင့်မပြောကြပါဘဲနှင့် တစ်ဦးနှင့်တစ်ဦး သံယော ဇဉ်တွေ အထပ်ထပ်ချည်နှောင်ရစ်ခဲ့ကြပြီပဲ။

"ဟာ . . . ကိုကို ပြင်ထားဆင်ထားလိုက်တာ မွှေးကြိုင်နေတာပဲ၊ ကိုကို့ပုံစံက ရည်းစားနဲ့ တစ်နေရာရာသွားပြီး အကြည်ဆိုက်မှာကျ နေတာပဲ"

နောက်သလို ပြောင်သလိုဖြင့် တိတိကျကျကြီး ပြော လိုက်သောစကားကြောင့် လိပ်ပြာမလုံဖြစ်သွားရသည်။

သဇင်မြင့်ဝေကို ပါးစပ်ထဲရှိရာ ပြန်ပြောလိုက်မိသည်။

"ဧည့်ခံပွဲတစ်ခု သွားစရာရှိလို့ပါ ညီမလေးရာ၊ ညီမလေးရော ဒီနေ့ ဘယ်မှမသွားဘူးလား"

တကယ်တော့ ဒီနေ့သမ္မတရုံမှာ ဆယ်နာရီခွဲပွဲ ရုပ်ရှ အတူကြည့်ကြဖို့ ချိန်းဆိုထားခြင်းဖြစ်၏။ ရုပ်ရှင်ကြည့်ရင်းကပ စန္ဒာငြိမ်းကို တရားဝင်ချစ်ရေးဆိုမည် . . . ဟုလည်း စိတ်ကူ ယဉ်ထားသည်။



"အခုမှ ဆယ့်တစ်နာရီ စွန်းစွန်းပဲ ရှိသေးတာ ဆိုတော့ ကိုကိုဧည့်ခံပွဲက ဘယ်လောက်ကြာ မှာလဲဟင်"

အရေးထဲမှာ သဇင်မြင့်ဝေက တစ်ခုခုအကြောင်းပြုပြီး ှ်ပ်စက်တော့မည်ဆိုတာကို ရိပ်စားမိလိုက်သည်။

"ညီမလေးက ဘာလုပ်ချင်လို့လဲ"

"သမ္မတရုံက ဂျက်ကီချန်းကားကိုကြည့်ချင်လို့ ကိုကို၊ အဲဒါ ကိုကိုနဲ့ ဧည့်ခံပွဲအတူလိုက်ပြီး အပြန်မှာ ရုပ်ရှင်ပြခိုင်းမလားလို့လေ"

သဇင်မြင့်ဝေ၏စကားကြောင့်ပင် ဖောချွေးတွေပြန်ချင် သွား၏။ ဒီကလေးမက စိတ်ကူးပေါက်ရာအတိုင်း လုပ်တတ် သည်ပဲ။

"ဧည့်ခံပွဲကိုတော့ လိုက်ဖို့မမီတော့ဘူး ညီမ လေး၊ ညီမလေးပြင်တာဆင်တာကို ထိုင် စောင့်နေရရင် ဧည့်ခံပွဲက ပြီးသွားလိမ့်မယ်၊ ညီမလေးက ရုပ်ရှင်ကြည့်ရုံသက်သက်ပဲ မဟုတ်လား၊ ဖေယျာ့ကို ဖုန်းလှမ်းဆက်ပြီး သွားကြည့်လိုက်ပါလား ညီမလေးရာ"

ဖြစ်နိုင်သော နည်းလမ်းကို ပြောပြသော်လည်း သဇင် မြင့်ဝေက လက်မခံပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကိုကိုကလည်း ဇေယျာနဲ့ အတူတူ ကြည့်တာ များနေပြီ၊ ညီမလေးက ကိုကို့ကို လိုက်ပြခိုင်းချင်နေတာ၊ ဧည့်ခံပွဲမလိုက်နဲ့ဆို မလိုက်ဘူး၊ ကိုကို ရုပ်ရှင်လိုက်ပြမယ် မဟုတ်လားဟင်"

"ညီမလေး အတူတူသွားကြည့်ချင်မှတော့ လိုက်ပြပေးပါ့မယ်၊ ဒီလိုလုပ်ပါလား၊ အဲဒီဂျက်ကီချန်း ကားကို ညပွဲကျမှ အေးအေးဆေးဆေးကြည့်ပါလား"

"မရဘူး ကိုကို၊ ဆယ့်နှစ်နာရီခွဲပွဲ မကြည့်ဖြစ်ရင်တောင် သုံးနာရီခွဲပွဲကြည့်မှဖြစ်မယ်၊ ကိုကို သွားစရာရှိတာသွား၊ သုံးနာရီခွဲပွဲလက်မှတ်ဝယ်ပြီး ရုံးကနေ ညီမလေးစောင့်နေမယ်၊ ဒါပဲနော် ကိုကို၊ အလုပ်တွေဘာတွေ အကြောင်းပြပြီး ဇေယျာ့ကို လွှတ်လိုက်ရင်လည်း အတွေ့ပဲ၊ ကိုကို့ ဟန်းဖုန်းကိုလည်း ပိတ်မထားနဲ့နော်"

သဇင်မြင့်ဝေကြောင့်ပင် တော်တော်လေး စိတ်အိုက်သွားရ၏။ ဂျက်ကီချန်းကားကို ဆယ့်နှစ်နာရီခွဲပွဲ စန္ဒာငြိမ်းနှင့်အတူ ကြည့်မည်။ ရုပ်ရှင်ကြည့်ပြီးပါက ဘုရားတွေဘာတွေ



အတူဖူးဖို့ စဉ်းစားထားပြီးဖြစ်၏။ အခုတော့ . . .

"အင်းလေ . . . ဒါဆိုလည်း လက်မှတ်ဝယ်ပြီး ညီမလေးစောင့်နေ၊ ပွဲချိန်အမီ ကိုကို အရောက်လာခဲ့မယ် . . . ကျေနပ်ပြီလား၊ အခုတော့ ဧည့်ခံပွဲအမီ ကိုကို သွားလိုက်ဦးမယ်"

သဇင်မြင့်ဝေ စိတ်ကောင်းဝင်နေခိုက်မှာပင် သူ အမြန်လစ်ထွက်ခဲ့ရ၏။ ဧည့်ခံပွဲ . . . ဟု ယောင်ယမ်းပြီး ပြောမိလိုက်ခြင်းကိုပင် ကျေးဇူးတင်ရဦးမည်။ အမှန်အတိုင်း ရုပ်ရှင်ကြည့်မည်ဟု ပြောလိုက်ပါက သဇင်မြင့်ဝေတစ်ယောက် အတင်းလိုက်လာမှာ သေချာ၏။

❖

"ကိုထွေးနဲ့ အပြင်ထွက်လိုက်တာကို စန္ဒာ့အိမ်က လူတွေ အပြစ်ပြောမယ် မထင်ပါဘူးနော်"

"ဘာလဲ ဒီလိုပဲ ယောကျ်ားလေးတွေနဲ့ တွဲသွားတွဲလာမျိုး အမြဲရှိတာလားလို့ သွယ်ဝိုက်ပြီး မေးလိုက်တာများလား ကိုထွေး"

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ မရည်ရွယ်သော်လည်း စန္ဒာငြိမ်းက သူ့စကားကို အကျအနကောက်လေတော့၏။

သဇင်မြွှင့်ဝေဆိုသော ကောင်မလေး ခရီးဦးကြိုးအောင်လုပ်လိုက်မှတော့ အကုန်တလွဲတွေဖြစ်ရသည်လား မသိ။

"ကိုထွေးက ဒီသဘောမျိုးနဲ့ မေးတာ မဟုတ်ပါဘူးကွာ"

"အိမ်က လူကြီးတွေကို, ကိုထွေးနဲ့ ရုပ်ရှင်ကြည့် မယ်ဆိုတာကို ပြောလာခဲ့ပြီးသား၊ ပြီးတော့လည်း 'စန္ဒာ့ဘဝမှာ ဘယ်သူစိမ်းယောက်ျားလေးနဲ့မှ ရုပ်ရှင်အတူကြည့်ဖူးခဲ့တာ မဟုတ်ဘူး၊ ကိုထွေးကို ယုံကြည်လို့ အိမ်ကလူတွေက အသာတကြည် ထည့်လိုက်တာ"

"ကျေးဇူးတင်ပါတယ် စန္ဒာရယ်၊ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံမရှိတော့ ကိုထွေးစကားတွေက အမြီးအမောက် တည့်ချင်မှတည့်နေလိမ့်မယ်၊ ဒါကိုတော့ ဖြည့်စွက်ပြီး စန္ဒာ နားလည်ပေးပါနော်"

"ကောင်းပါပြီရှင်၊ ဒါနဲ့ လက်မှတ်ကရော အသင့် ဝယ်ပြီးသားလား ရုပ်ရှင်ချိန်နီးပြီနော်"

"ကြိုတင်လက်မှတ် ဝင်လဲရုံပါပဲ စန္ဒာ"



ကားပေါ်မှအဆင်း ခြေချော်မလိုဖြစ်သွားချိန်မှာပင် သူ့လက်ကို စန္ဒာငြိမ်း လှမ်းကိုင်လိုက်သေးသည်။

အသားယူချင်စိတ်မရှိသောလည်း တစ်ခဏအတွေ့အထိကိုတော့ သူ သာယာကျေနပ်နေမိပြန်၏။

"ကိုထွေး . . . နေကြာစေ့ စားဦးလေ"

"ညှိုတယ်ပဲ ပြောရမလားမသိဘူး စန္ဒာ၊ ကိုထွေးကနေကြာစေ့ကို ကောင်းကောင်းမခွာစားတတ်ဘူး"

"ဒါဆိုလည်း စန္ဒာခွာပေးမယ်လေ၊ ကိုထွေးစားမယ် မဟုတ်လား"

အလိုက်သိတတ်သော စန္ဒာငြိမ်းကြောင့်ပင် သူ့ရင် နွေးခနဲ ဖြစ်သွားရပြန်သည်။ သူတို့ထိုင်နေသည့်အတန်းက နှစ်ယောက် တွဲခုံတွေ။ ရှေ့နောက်ဘေးပတ်ဝန်းကျင်မှ ခုံများမှာ သူတို့လို အတွဲတွေကို တွေ့ရ၏။

နမူနာရုပ်ရှင်ကားတွေ ပြနေစဉ်မှာပင် သူကြိုးစားပြီး စကားစကြည့်လိုက်သည်။

"စန္ဒာခွာကျွေးတဲ့နေကြာစေ့ကို စားသာစားနေရတာ၊ လိပ်ပြာမလုံချင်ဘူးလေ၊ ဒီနှစ်ယောက်တွဲထိုင်ခုံတွေက ချစ်သူစုံတွဲတွေ ထိုင်တတ်ကြတာ၊ ဘေးကလူတွေကတော့ ကိုထွေးတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သူတို့လိုပဲလို့ ထင်ကြမှာပဲနော်"

"ဘယ်သိပါ့မလဲ"

"စန္ဒာ"

ရုပ်ရှင်ဆလိုက်မီးအလင်းမှာပင် မျက်နှာကို ငေးကြည့်ရင်း ခေါ်လိုက်မိသည်။

သူ့ဟန်ပန်နှင့် စကားတွေကို စန္ဒာငြိမ်းတစ်ယောက် နားလည်နေလိမ့်မည်ထင်၏။

"စန္ဒာ ဘယ်မှမပြေးဘူး၊ ကိုထွေးအနားမှာပဲ ရှိနေတာ၊ ဘာပြောမလို့လဲ"

"ကိုထွေးလေ စန္ဒာ့ကို မြတ်မြတ်နိုးနိုး ချစ်နေမိတယ်သိလား"

"ဟောတော့ . . . ပြောမယ့်ပြောတော့လည်း တည့်တည့်ကြီး ပြောချလိုက်ပါရောလား၊ ရုပ်ရှင်စပြနေပြီလေ ကိုထွေး"

ကိုယ်အယိမ်းမှာပင် လူချင်း ထိကပ်သွားမိသည်။ သူ့မှာ ပြောစရာတွေ မကုန်သေးပေမယ့် ရင်တွေခုန်နေသောကြောင့် ဘာဆက်ပြောရမှန်း မသိတော့ပေ။

❖



ရုပ်ရှင်ရုံမှအထွက်မှာပင် ရွှေတိဂုံတက်ဖို့ စန္ဒာငြိမ်းက ပြောသည်။ သူ့အပျော်နှင့်သူမို့ သဇင်မြင့်ဝေကိစ္စကို မေ့လျော့သွားခဲ့သည်။

တောင်ဘက်မုခ်လှေခါးမှတက်ပြီး ပန်းအတူဝယ်သည်။ ဘုရားမှာပန်းကပ်ပြီး ဆုအတူတောင်းကြသည်။

စန္ဒာငြိမ်းကတော့ ဘာဆုတွေတောင်းသည် မသိ။

သူတောင်းချင်ရာဆုတွေ တောင်းပြီးသည့်အချိန်အထိ စန္ဒာငြိမ်းတစ်ယောက် အာရုံပြုလို့ မပြီးဆုံးသေးပေ။

"ကိုထွေး . . . ကိုထွေး . . . ဖုန်းမြည်နေတာကို မကြားဘူးလား၊ စန္ဒာ့ကိုပဲ ငေးကြည့်နေတော့တာပဲ"

စန္ဒာငြိမ်းအသိပေးမှပင် ဖုန်းမြည်တာကို သတိရသွား၏။

ဖုန်းကို မကိုင်ရဲကိုင်ရဲဖြင့် ကောက်ကိုင်လိုက်သည်။ သေချာသည်ကတော့ သဇင်မြင့်ဝေ လှမ်းဆက်ပြီဆိုတာပါပဲ။

"ဟဲလို ပြောပါ"

"ကိုကိုလား . . . သဇင်အိမ်က ထွက်လာပြီနော်၊ ကိုကိုနောက်ကျနေမှာစိုးလို့ လှမ်းပြီး အသိပေးတာပါ"

"ကောင်းပြီ၊ သိပ်မကြာခင် လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကတိစကားပြောပြီး ဖုန်းကို ပိတ်ပစ်လိုက်၏။

ပြီးမှ . . . လှမ်းဆက်နေရင် ဒုက္ခပဲ . . . ဟု ဆိုကာ ပြန်ဖွင့်ထားရပြန်၏။

"ဘယ်သူလဲ ကိုထွေး၊ အလုပ်ကိစ္စများလား"

နာရီကိုကြည့်ရင်းကပင် စန္ဒာငြိမ်းနှင့် လမ်းခွဲရမည်ဆိုတာကို သူ သတိရမိလိုက်သည်။

ဒီလိုမှမဟုတ်ရင် သူရောက်မလာမချင်း ဖုန်းလှမ်းဆက်လနေမှာ သေချာ၏။

အခက်အခဲအကျပ်အတည်းကြောင့်ပင် စန္ဒာငြိမ်းအား မညာချင်ဘဲ ညာလိုက်ရလေသည်။

"ကိုထွေးရဲ့ဒယ်ဒီ ဆက်တာလေ၊ ကုမ္ပဏီကိစ္စပဲ စန္ဒာ"

"ဒါဆိုလည်း စန္ဒာတို့ ပြန်ကြတာပေါ့"

"ကိုထွေးပြောခဲ့တဲ့စကားကို စန္ဒာ ဘာမှပြန်မပြောသေးဘူးနော်"

"ပြောတဲ့သူက အခုပြော၊ ဖြေတဲ့သူက ချက်ချင်းကြီး အဖြေပေးရင် တန်ဖိုးမဲ့ရာကျသွားမှာပေါ့၊ အချိန်တန်ရင်တော့ လိုချင်တဲ့ အဖြေရမှာပေါ့ ကိုထွေး"

"ကျေးဇူးပါပဲ စန္ဒာရယ်၊ အချိန်တန်တဲ့နေ့ကို



ရင်ခုန်စွာနဲ့ပဲ ကိုထွေး စောင့်ပါ့မယ်"

ချစ်သူနှစ်ဦး ချစ်စကားတွေ ပြောမဝကြသေးခင်မှာပင် ခွဲရတော့မည်။ တကယ်တော့ သဇင်မြင့်ဝေသာ ဝင်မရှုပ်ခဲ့ရင် သူနှင့် စန္ဒာငြိမ်းတို့ ဒီထက်ပိုပြီး သံယောဇဉ်ဖွဲ့စကားတွေကို ပြောဖြစ်ကြမှာ သေချာသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

၁၇။

"ကိုကို ရုပ်ရှင်လည်းမကြည့်ဘူး၊ ဟိုဘက်
ချည်းပဲ လှမ်းလှမ်းကြည့်နေတာပဲ၊ သူတို့အတွဲ
တွေ သူတို့ ဘာသာနေကြတာကို"

မြစ်တစ်ခုမှာ နှစ်ခါရေချိုးလို့ မရစကောင်းပေမယ့် သူ့အဖို့ကတော့ ရုပ်ရှင်တစ်ကားကို တစ်ရုံတည်းမှာ နှစ်ခါဆက်တိုက်ကြည့်နေရ၏။

"အဲဒီကားကို အခွေမှာ ကြည့်ဖူးပြီးသားလေ
ညီမလေး၊ ဒါကြောင့် ရုပ်ရှင်ကို သိပ်စိတ်မဝင်
စားတာ"

www.burmeseclassic.com

www.burmeseclassic.com



မှန်ရာပြောကြေးဆိုရင်တော့ သူငေးနေမိသောနေရာက စန္ဒာငြိမ်းနှင့် နှစ်ယောက်ထိုင်ဖြစ်ခဲ့သော ခုံလေးကိုပင်။

တိုက်ဆိုင်စွာပင် ထိုခုံလေးက ထိုင်သူမဲ့ဖြစ်နေလေ၏။

"ဘာဆိုင်လို့လဲ၊ သဇင်လည်း ဒီကားကို
ကြည့်ဖူးပြီးသားပဲ၊ ရုံကြီးမှာ ကြည့်ရတာက
ပိုအရသာ ရှိတာပဲ ကိုကိုရာ"

သဇင်မြင့်ဝေကတော့ နေကြာစေ့တွေကို တဖျောက်ဖျောက်ဝါးစားရင်းက ရယ်စရာရှိရင် အားပါးတရ ရယ်မောနေပြန်၏။

မကြာခင်မှာပင် လက်ထပ်တော့မည့် သဇင်မြင့်ဝေဆိုသော မိန်းကလေးကတော့ ကလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးလို့နေပြန်၏။

"ရေအူးဝယ်လာတယ် မဟုတ်လား၊ ကိုကို့ကို
ရေ နည်းနည်းပေးတိုက်ပါလား"

သဇင်မြင့်ဝေနှင့် တစ်ခုံတည်းမှာ ထိုင်နေရင်းကပင် စိတ် ကျဉ်းကျပ်ကာ အာခေါင်တွေ ခြောက်ခန်းလာသည်။

"ကိုကိုကဘာများ ရင်ပူစရာရှိလို့လဲ၊ အချဉ်
ထုပ်လည်း မစား၊ နေကြာစေ့လည်းမစားဘဲ
နဲ့ ရေငတ်နေရတယ်လို့များ"



"ညှော်ခံပွဲက ဆက်လာရတော့ ခေါင်းထဲမှူး
နောက်နောက်ဖြစ်ချင်ပြီး နေမကောင်းချင်လို့
များလားမသိဘူး ညီမလေး"

"ကိုကို"

သူ ဝင်လည်တာ . . . ဟုပဲ ဆိုရတော့မည်။

စန္ဒာငြိမ်းနှင့်အတူ ရုပ်ရှင်ကြည့်ခဲ့တုန်းကတော့ ရုပ်ရှင်မှာ အာရုံမရှိဘဲ စန္ဒာငြိမ်းမျက်နှာကိုငေးကာ သူစကားတွေပြောခဲ့၏။

"ဘာပြောချင်လို့လဲ ညီမလေး"

"ကိုကို . . ဒီရုံမျိုး ဒီခုံမျိုးမှာ အခြားမိန်းက
လေးတစ်ယောက်ယောက်နဲ့ တွဲပြီး ရုပ်ရှင်
ကြည့်ဖူးလားဟင်"

လိပ်ပြာမလုံချင့်သော အမေးစကားပင်။

စိတ်ထဲကတော့ ပထမဆုံးတစ်ပွဲမှာ သိပ်ကြည့်ဖူးတာပေါ့ . . ဟု ပြောနေမိသည်။ လက်တွေ့မှာတော့ . . .

"ဟင့်အင်း"

"ကိုကို မလိမ်ပါနဲ့၊ အနည်းဆုံးတစ်ခါလောက်
တော့ ဒီအရင်က ကြည့်ဖူးပါလိမ့်မယ်"

"ကြည့်ဖူးတယ်လို့ တပ်အပ်စွပ်စွဲနေမှတော့
အိပ်မက်ထဲမှာ ကြည့်ဖူးတယ်လို့ပဲ ဖြေရမလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



တော်တော်မလွယ်သည့် ကလေးမ။

ကိုယ့်ချစ်သူကို စကားကောင်းကောင်း ပြောခွင့်မရှိသလို ကြည်နူးခဲ့ရသည်များကိုလည်း လွတ်လပ်စွာ တမ်းတခွင့်မပေးခဲ့ပေ။

❖

ရုပ်ရှင်ကြည့်ပြီးသော်လည်း ဇာတ်လမ်းက တစ်ခန်းရှိမသွားခဲ့ပေ။

ရုပ်ရှင်ရုံမှအထွက်မှာပင် နောက်တစ်ခုကို ပူဆာလေ၏။

"ဒုက္ခခံလက်စနဲ့ ရွှေတိဂုံဘုရားကို လိုက်ပို့ပေးပါလား ကိုကို"

ဒီအခြေအနေရောက်မှတော့ မထူးတော့ . . . ဟု တွေးလိုက်မိသည်။

"ဘုရားတင်မကဘူး၊ နတ်ပြည်အထိ သွားချင်သေးရင် ကိုကို လိုက်ပို့ပေးပါ့မယ်"

"အဲဒါတော့ ကိုကို တမင်ရွဲ့ပြီး ပြောလိုက်တာမဟုတ်လား၊ နတ်ပြည်ကို သဇင်လည်း သွားလို့မရသလို ကိုကိုလည်း မသွားတတ်ဘဲနဲ့များ၊ ဘုရားလိုက်ပို့တာ ကုသိုလ်ရပါတယ် ကိုကိုရာ"

"ကောင်းပါပြီဗျာ"



သူက မြောက်ဘက်မုခ် ဓာတ်လှေကားမှ တက်မည် . . . ဟု ပြောသော်လည်း သဇင်မြင့်ဝေက တောင်ဘက်မုခ် လှေကားမှ တက်ချင်သည် . . . ဟု ပြောသည်။

လှေကားကို ရွေးနေလည်း အပိုပါပဲ . . . ဟု ဆုံးဖြတ်ကာ သဇင်မြင့်ဝေသဘောအတိုင်းပင် အလျှော့ပေးရပြန်၏။

သူ ကံဆိုးသွားသည်က လွန်ခဲ့သောနှစ်ရှိပိုင်းကပင် စန္ဒာငြိမ်းနှင့် အတူတူဝယ်ခဲ့သော ပန်းဆိုင်မှာပင် သဇင်မြင့်ဝေက ပန်းတွေဝယ်၏။

ဆိုင်ရှင်အမျိုးသမီးတွေကတော့ သူ့ကို မှတ်မိသလိုလိုနှင့် တအံ့တဩ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပြန်တော့သည်။

"မှန်မှန်ပြောစမ်း ကိုကို . . . နင် လိမ်ဖို့ မကြိုးစားနဲ့နော်"

"ဘာများလဲ ညီမလေးရာ"

"ဘာရှိဦးမှာလဲ၊ ဘုရားကို ဘယ်သူတွေနဲ့ တွဲပြီး ခဏခဏလာတုန်း၊ ပန်းဆိုင်က အမျိုးသမီးတွေကတောင် ကိုကို့ကို မှတ်မှတ်ရရ ဖြစ်နေကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ချောလို့ အသေအချာကြည့်တာ နေမှာပါ၊ ဘာလဲ မနာလိုဖြစ်နေတာလား"

စိတ်ညစ်ညစ်နှင့်မို့ ပြောင်ချော်ချော် ပြောပစ်လိုက်သည်။

သဇင်မြင့်ဝေကတော့ ပန်းတွေကိုကိုင်ရင်း ဓာက်ကြွ ဖျတ်လတ်နေပြန်၏။

"ဘာဆုတွေတောင်းလဲ ကိုကို"

ဘုရားပန်းကပ်ပြီး ဝတ်ပြုပြီးသောအခါ အာရုံခံတန်ဆောင်းဆီမှာ ထိုင်ဖို့ သဇင်မြင့်ဝေ ပြောသည်။

သဇင်မြင့်ဝေအလိုအတိုင်း လိုက်လံမြူမူနေရင်းကပင် စန္ဒာငြိမ်းအား သတိတရဖြစ်နေမိသည်။

"ဘာရယ်မဟုတ်ပါဘူး . . . ညီမလေးရော ဘာဆုတွေတောင်းလဲ"

"သဇင်ကတော့လေ ကိုယ်ချစ်ခင်နှစ်သက်တဲ့ သူနဲ့ ရာသက်ပန်နေရပါစေလို့ ဆုတောင်းတယ်"

သဇင်မြင့်ဝေစကားတွေက အတော်လေးထူးဆန်းနေ၏။

ချစ်ခင်နှစ်သက်သူရှိနေပြီးသား၊ မကြာခင်လပိုင်းမှာပင် လက်ထပ်ကြတော့မှာပဲလေ။



"ဒီဆုက မတောင်းလည်းပြည့်မှာပဲ မဟုတ်လား၊ ဇေယျာနဲ့ညီမလေးတို့ လက်ထပ်ဖြစ်ဖို့က သိပ်ဝေးတော့တာမှ မဟုတ်ဘဲ"

"လူတစ်ယောက်ကြောင့် မှတ်မထင်ဘဲ ချစ်တတ်သွားတာနဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရမှာကို ရွေးကြေးဆိုရင် ကိုကို ဘာကိုရွေးမလဲ"

သဇင်မြင့်ဝေစကားက ရှင်းသလိုလိုနှင့် ခေါင်းထဲမှာ ရှုပ် ထွေးသွားရသည်။

"ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ရခြင်းလောက် ဘဝမှာ နေပျော်စရာကောင်းတာ ရှိဦးမလား ညီမလေး"

"ဇေယျာ့ကို အခြေအနေတွေအရ လက်ထပ်ရမှာဖြစ်ပေမယ့် တကယ်ချစ်ရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိရင် ရှူးချင်တယ် ကိုကို"

"ညီမလေး ဘာဖြစ်နေလဲ၊ ဘာကြောင့် ဒီစကားတွေ ပြောနေရတာလဲ"

"ဇေယျာ့ကို သံယောဇဉ်ရှိသလားလို့ မေးရင် ခေါင်းညိတ်မိမယ်၊ အစတုန်းက ချစ်သလိုလို ထင်မိပေမယ့် အခုချိန်ကျမှ တကယ်ချစ်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်း သိလိုက်ရတာဆိုတာကို အံ့ဩနေမလားဟင်"

မကြားဝံ့မနာသာသော စကားမျိုးကို ဘာကြောင့်များ ပြောရပါလိမ့်။

"ညီမလေး သစ္စာတရားနဲ့ မိန်းမတစ်ယောက်ရဲ့ စောင့်စည်းမှုကို နားလည်ရဲ့လား၊ ဘာပဲပြောပြော ဇေယျာနဲ့ညီမလေးတို့ ချစ်ခဲ့ကြတာပဲ၊ အခု လက်ထပ်တော့မယ်၊ ဒီစကားတွေပြောရမယ့်အချိန် မဟုတ်ဘူး၊ ဇေယျာနဲ့ ဘာမှမဖြစ်ကြခင်ကတည်းက ဒီစကားကို ညီမလေးပြောရမှာလေ"

"အဲဒီတုန်းက ညီမလေး မသိခဲ့ဘာကိုး၊ အခုချိန်မှ တွေးမိတာလေ"

"ဇေယျာကြားရင် စိတ်မကောင်းဖြစ်နေပါ့မယ်၊ ဘာလဲ တခြားတစ်ယောက်ယောက်ကိုများ ညီမလေး စိတ်ယိုင်နေမိလို့များလား"

ဇေယျာ့နေရာမှနေပြီး ဝင်ခံစားကြည့်တာ အကြိမ်ကြိမ်ပါပဲ။ ဇေယျာ သွေးအေးသွားမည်စိုး၍ လက်ထပ်ဖို့ကိစ္စကို အကောင်အထည်ဖော်အောင် သူကြိုးစားခဲ့သည်။ သွေးအေးနေသူက ဇေယျာမဟုတ်ဘဲ သဇင်မြင့်ဝေ ဖြစ်နေပြန်သည်လေ။

■

၁၈။

သူ့ဒုက္ခက မသေးဘာတော့ သေချာသည်။ သဇင်မြင့်ဝေ တောင်တောင်မြောက်မြောက်တွေ ဖြစ်ချင်နေ၍ ဖျောင်းဖျရဘာကတစ်မျိုး။

စန္ဒာငြိမ်း၏အချစ်ကို ရဖို့ကြိုးစားနေတာက တစ်မျိုးဖြစ်နေ၏။

စန္ဒာငြိမ်းနှင့်အိမ်ကလူတွေကို သွားခေါ်ခါနီးမှ သဇင်မြင့်ဝေက နားပူနားဆာလုပ်သည်။

လာမယ့်စနေနေ့မှာလုပ်မည့် သဇင်မြင့်ဝေ၏မွေးနေ့ပွဲအတွက် ဆံပင်အလှပြင်ရာသို့ သူ့အား အပါခေါ်၏။

အရင်တစ်ခါ ရုပ်ရှင်ကြည့်တုန်းကလိုပင် မနည်းချော့မော့ပြီး တစ်ပတ်ရိုက်ထွက်ခဲ့ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွေး . . . ဖုန်းမြည်နေတယ်လေ"

အလှူအိမ်မှာ လူကြီးတွေနှင့် စကားကောင်းနေတုန်းမှ ပင် သူ့ဟန်းဖုန်းက ထမြည်တော့သည်။

ဖုန်းမြည်သံကြားသော်လည်း မကိုင်ရဲ၊ လက်တွန့်နေခိုက်မှာပင် စန္ဒာငြိမ်းက သတိပေး၏။

လူကြီးတွေနှင့် စကားဖြတ်ပြီး ဖုန်းကောက်ကိုင်လိုက်ရ၏။

"ကိုကို . . . ဘာလို့အကြာကြီးနေမှ ဖုန်းကိုင်ရတာလဲ"

"ဒီမှာ လူကြီးတွေနဲ့ စကားပြောနေလို့ ညီမလေး"

"ကိုကိုတို့ရဲ့ အစည်းအဝေးကလည်း အရမ်းကိုလူသံတွေ ဆူညံနေပါလား၊ အလှူအိမ်ကျနေတာပဲ"

သဇင်မြင့်ဝေ၏အကင်းပါးမှုကြောင့်ပင် အသက်ရှူကျပ်သွားရသည်။ ကျန်သည့်လူများက သူ့အား ဂရုစိုက်ခြင်း မရှိသော်လည်း စန္ဒာငြိမ်းကတော့ သူ့မျက်နှာအပြောင်းအလဲနှင့် စကားသံတွေကို အသေအချာနားစိုက်နေ၏။

"ညီမလေး အလုပ်ဆိုင် ရောက်နေပြီလား"

"ရောက်နေပါပြီ၊ ဆိုင်ကပဲ ဆက်နေတာ ကိုကို၊



ကိုကို အလုပ်မအားလည်း အကြိုမခိုင်းတော့ဘူး၊ ဒါပဲနော် ကိုကို"

တမင်သက်သက် နှောင့်ယှက်နေသလား . . . ဟု ထင်မိပြန်သည်။

ဘာမဟုတ်၊ ညာမဟုတ်နှင့် အနေရအထိုင်ရခက်အောင် သဇင်မြင့်ဝေ ဖုန်းဖြင့်ဒုက္ခလှမ်းပေးသည်။

အလှူအိမ်မှာ စန္ဒာငြိမ်း၏အဖေနှင့်အမေတို့ ကျန်ရစ်ခဲ့ကြ၏။ သူနှင့်စန္ဒာငြိမ်းတို့ကတော့ တစ်နေရာရာမှာ စကားပြောဖို့ ထွက်လာဖြစ်ကြသည်။

"ကိုထွေး"

"ဘာလဲစန္ဒာ"

"အလှူအိမ်မှာတုန်းက ညီမလေးလို့ ပြောတာ၊ အဲဒါ ဘယ်သူလဲဟင်"

သဇင်မြင့်ဝေနှင့် ပတ်သက်ပြီး စန္ဒာငြိမ်းအား ပြောမထား ရသေးပေ။

"ကိုထွေးရဲ့ညီမလေးလေ၊ ငယ်ငယ်ကတည်းက အလိုလိုက်ထားတော့ ကိုထွေးအပေါ် အရမ်းဆိုးတာပဲ၊ အခုလည်း အလှူနဲ့တိုက်နေလို့ သူသွားချင်ရာကို လိုက်မပို့ရစကောင်းလားဆိုပြီး ဖုန်းဆက်ပြီး လှမ်းဂျီကျတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုထွေးပြောတော့ ကိုထွေးညီမလေးက လက်ထပ်တော့မလိုလို ဘာလိုလိုနဲ့ ဒီအချိန် အထိ ကလေးဆန့်ချင်နေတုန်းပဲလား"

သူ့ဘဝအကြောင်း၊ သဇင်မြင့်ဝေနှင့် ပတ်သက်သည် များကိုတော့ တဖြည်းဖြည်းမှ နားဝင်အောင် ပြောပြမည် . . . ဟု စိတ်ကူးလိုက်မိသည်။

❖

"ဖုန်းမြည်ပြန်ပြီ ကိုထွေး"

စိတ်ချလက်ချ အဖြေရဖို့အတွက် ကြိုးစားပြောနေ စဉ်မှာပင် သူ့ဟန်းဖုန်းက မြည်လာပြန်၏။

"ညီမလေးပဲနေမှာ"

ညည်းတွားရင်းကပင် ဖုန်းကိုင်လိုက်ချိန်မှာ စန္ဒာဖြိမ်း မျက်နှာ အရောင်ပြောင်းသွားသည်ကို သတိထားမိသည်။

"ဟဲလို"

"ကိုကိုလား"

"ဟုတ်တယ် ညီ၊ ဘာကိစ္စရှိလို့လဲ"

"ကိုကိုအားလား၊ ကိုကိုနဲ့ စကားပြောချင်လို့၊ ကျွန်တော်တစ်ယောက်တည်း ဘီယာသောက်



ရင်းကနေ လှမ်းဆက်တာ"

ဇေယျာ ဖုန်းဆက်ပြီဆိုမှတော့ သဇင်မြင့်ဝေအကြောင်း ကို ရင်ဖွင့်ချင်လို့ပဲ ဖြစ်ရမည်ဟု တွေးလိုက်မိသည်။

"ကောင်းပြီ ညီ၊ နောက်တစ်နာရီလောက်ကြာ ရင် ညီရှိတဲ့နေရာကို၊ ကိုကို ရောက်မှအောင် လာခဲ့မယ်၊ သိပ်လည်း အလွန်အကျွံဖြစ် အောင် သောက်မနေနဲ့ဦးနော်"

သူ့အဖို့မှာတော့ ကိစ္စတွေ တစ်ခုပြီးတစ်ခု ပေါ်လာ၏။ အလုပ်ထဲမှာကျပြန်တော့လည်း လူတွေရှေ့မှာမို့ လွတ် လွတ်လပ်လပ် စကားမပြောဖြစ်ပြန်။

အခုလို နှစ်ယောက်ချင်း တွေ့ကြပြန်တော့လည်း ဖုန်း တွေက တဂွမ်ဂွမ်မြည်နေပြန်၏။

"အခုဆက်တာ ဘယ်သူလဲ ကိုထွေး"

"ကိုထွေးရဲ့ယောက်ဖလောင်းလေ၊ သူတို့ချင်း ဘာအဆင်မပြေဖြစ်လို့ ရင်ဖွင့်ချင်နေလဲမှ မသိတာ"

"ကိုထွေးမှာလည်း ကိုထွေးဒုက္ခနဲ့ ကိုထွေး"

"အဲဒီဒုက္ခတွေထက် ကိုထွေးဖြစ်နေတဲ့ ဒုက္ခက ပိုကြီးတာပေါ့ စန္ဒာရယ်"

"ဘာဒုက္ခများလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ချစ်ရတဲ့သူဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေစကားကို ကြားနာခွင့်မရှိသေးတဲ့ ဒုက္ခလေ"

"ဖြည်းဖြည်းပေါ့ ကိုထွေးရယ်၊ ပန်းဆိုတာ သူ့အချိန်အခါရောက်မှ ပွင့်မှ မွှေးတာ လှတာလေ ကိုထွေး၊ သိပ်ဆန္ဒစောလွန်းရင် အကြောင့်ကျ များတာပဲ အဖတ်တင်မှာ၊ ပန်းကတော့ အချိန်တန်ရင် ပွင့်မှာပါပဲ၊ ကဲပါ ကိုထွေးရယ် စန္ဒာ့ကို ပြန်လိုက်ပို့ပေး၊ ကိုထွေးမှာ ကိစ္စရှိနေတယ် မဟုတ်လား"

အလိုက်သိတတ်တာလား၊ သူ့အပေါ် စိတ်ကုန်သွားခြင်းများလား ...ဟု ဝေခွဲမရခြင်းများစွာဖြင့် စန္ဒာငြိမ်းနှင့်လမ်းခွဲ ခဲ့ရပြန်တော့၏။

❖

ဇေယျာရှိရာသို့ သူရောက်သွားချိန်မှာတော့ အတော်လေး ဇေယျာမှုးနေတာကို တွေ့လိုက်ရသည်။

"ညီ ဘာဖြစ်နေတာလဲ"

"ပြောရမှာ ရင်နာတယ် ကိုကိုရာ"



"ဘာလဲ ညီမလေးနဲ့ စကားများကြပြန်ပြီလား၊ ဘာပဲပြောပြော ညီရာ၊ သူ့အနွံတာကို ညီလည်း ခံရသလို၊ ကိုကိုလည်း ခံခဲ့ကြရတာပဲ၊ အခုချိန် ရောက်မှတော့ စိတ်အမှတ်ထားလို့ ဘယ်ဖြစ်ပါ့ မလဲ ညီရာ"

ဇေယျာ့စိတ်ကို သိနေသလို၊ သဇင်မြင့်ဝေအပေါ် ဘယ်လောက်ထိ မြတ်နိုးမှန်းကိုလည်း သူသိနေ၏။

သဇင်မြင့်ဝေကတော့ ပတ်သက်ရာ၊ အနိုင်ကျင့်ရရာသူများကို ကိုယ်ချင်းမစာဘဲ လျစ်လျူရှုတတ်သည်လေ။

"သူ့ကိုစိတ်ဆိုးတာ မဟုတ်ဘူး ကိုကို၊ သူ့စကားတွေ၊ သူ့လုပ်ရပ်တွေကြောင့် ညီ စိတ်မကောင်း ဖြစ်ရတာပါ"

"ဘာတွေဖြစ်ကြလို့လဲ ညီ"

"ကိုကိုပဲ စဉ်းစားကြည့်၊ သူနဲ့ညီတို့ မင်္ဂလာပွဲက သူ့မွေးနေ့ပွဲလောက် စိတ်ဝင်စားစရာ မကောင်းဘူးတဲ့၊ အရေးတကြီးကိစ္စလို့ မသတ်မှတ်နိုင်ဘူးတဲ့လေ၊ မွေးနေ့ပွဲဆိုတာ မသေမချင်း နှစ်စဉ်နှစ်တိုင်း ကျင်းပလို့ရတဲ့ကိစ္စပဲ ကိုကို၊ မင်္ဂလာဆိုတာ သူနဲ့ညီတို့နှစ်ယောက် စလုံးအတွက် တစ်သက်မှာတစ်ခါပဲ ဆောင်ခွင့်ရကြမယ့် အခွင့်အရေးပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ညီရယ် . . . သူ စကားပြောမတတ်တာ၊ အနိုင်ယူချင်တာလို့ သဘောထားလိုက်စမ်းပါ၊ ညီမလေးကို ညီ့က အရမ်းချစ်တာမဟုတ်လား"

"ကျွန်တော်က အရမ်းကို သိပ်ချစ်ခဲ့ရတဲ့ကောင်ပါ ကိုကိုရာ၊ ကိုကို့ညီမကသာ ညီ့ကိုတကယ်များ ချစ်ခဲ့ရဲ့လားလို့ သံသယဖြစ်မိတယ် ကိုကို၊ သူ ဘာကြောင့်များ ဒီမင်္ဂလာပွဲကိစ္စကို စိတ်ဝင်တစား မရှိရတာလဲ ကိုကိုရာ"

ဘာကိုမှလိုက်ဘဲပြောရပါလျှင် ဇေယျာ့စကားတွေကို သူ ထောက်ခံချင်နေမိ၏။

အခုအခြေအနေရောက်ခဲ့ပြီးမှတော့ စိတ်ထဲရှိသည့်အတိုင်း သူပြောလို့ မဖြစ်ပေ။ ပြီးတော့ လူကြီးတွေကိုယ်တိုင်က စီစဉ်ပြီးနေသော မင်္ဂလာပွဲကိုလည်း အပျက်စီးခံလို့ မဖြစ်ပေ။

"ညီ အတွေးလွန်တာပဲ ဖြစ်မှာပါ၊ ဒီကိစ္စအထိဖြစ်စရာ မလိုဘူး ညီ၊ ညီမလေးကလည်း ညီ့ကို မချစ်ဘဲ လက်ထပ်ဖို့ ခေါင်းညိတ်ပါ့မလား၊ သူ ကလေးဆန်တာကို ညီလည်းသိရဲ့သားနဲ့၊ ကိုကို တို့ ပြန်ကြရအောင် ညီ"



သူ့စကားကိုတော့ အရင်ကတည်းက ဇေယျာ နားထောင်နေကျဖြစ်၏။

လက်ကျန်ခွက်ကို မော့ချပြီးသည်နှင့် သူ့အရင် ထိုင်ရာမှ ဇေယျာ အရင်ထသည်။

ဇေယျာကို တွဲရင်းကပင် ရင်ထဲမှာ မကောင်းဖြစ်ရသေးသည်လေ . . ။

■

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။

သဇင်မြင့်ဝေကတော့ သူမ၏ နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ပွဲကို ထုံးစံအတိုင်း ကျင်းပခဲ့၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့မှာလည်း နိုင်ငံခြားသား ဧည့်သည်များကို ထမင်းလိုက်ကျွေးဖို့ကိစ္စနှင့် တည့်တည့်တိုးနေ၏။

"ကိုကိုက အမြဲအလုပ်ရှုပ်နေတာပဲ၊ သဇင့် မွေးနေ့ပွဲကိုတော့ အမိပြန်လာနော်၊ ကိုကို့ကို အထူးဧည့်သည်တစ်ယောက်နဲ့ မိတ်ဆက်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တွေကို နှုတ်ဆက်စကားပြောနေစဉ်မှာပင် သူ့ ဟန်းဖုန်းမြည်လာလေ၏။

"ကိုကိုလား"

"ဟုတ်တယ် ညီမလေး"

"ဒီမှာ လူတွေစုံနေပြီ ကိုကို၊ ကိုကို့ကိစ္စတွေ မပြီးသေးဘူးလား"

"ပြီးပြီ ညီမလေး၊ အခုပဲ ဧည့်သည်တွေကို နှုတ်ဆက်ပြီး ကိုကို ထွက်လာဖို့ လုပ်နေတာ"

"မြန်မြန်လာနော် ကိုကို၊ သဇင့်မွေးနေ့ပွဲမှာ မပါလို့ပြီးတာ မဟုတ်ဘူး၊ ကိုကိုက သဇင့်ရဲ့ မွေးနေ့လက်ဆောင်ပစ္စည်းတစ်ခုပဲ မဟုတ်လား"

ပြောချင်ရာတွေကို အဆက်အစပ်မဲ့ ပြောသွားပြီး ဖုန်းချလိုက်လေ၏။

အထူးဧည့်သည်ကိစ္စကိုပင် မမေးရလိုက်ပေ။

သူကလည်း မွေးနေ့ပွဲကို အမြန်ရောက်ချင်နေ၏။

❖



သူ့ကား ခြံဝင်းအတွင်းသို့ ဝင်လာကတည်းကပင် ဧည့်ခံပွဲ၏ တခမ်းတနား ပြင်ဆင်ထားမှုကို မြင်နေရ၏။

သူ့ကားပေါ်မှ ဆင်းလိုက်သည်နှင့် ဇေယျာက ရောက်လာသည်။

"ကိုကို့အလာကို စောင့်နေတာ၊ ကိုကိုရောက်လာမှ မွေးနေ့ကိတ်ကို လှီးမှာတဲ့ ကိုကို"

ဇေယျာ့အသွင်အပြင်ကို ကြည့်ရတာ ဘာထူးခြားမှုမှ ဖြစ်မနေ။

သဇင်မြင့်ဝေ ပြောထားခဲ့သော အထူးဧည့်သည်ဆိုသူများ ဧည့်ခံပွဲအတွင်းမှာ ရှိနေမည်လားမသိ။

သူရောက်လာမှ လူအုံအလယ်မှာ ပွဲထုတ်ပြဖို့များ သဇင်မြင့်ဝေ စီစဉ်ထားလေသည်လား။

"ဧည့်သည်တွေ အပေါင်းအသင်းတွေတော့ တော်တော်စုံနေမှာပေါ့နော် ဇေယျာ"

"စုံသလောက်ပါပဲ ကိုကို၊ ကိုကိုရောက်အလာကို အားလုံးက စောင့်နေကြရတာ"

"ဒီနှစ်မွေးနေ့ပွဲက အရမ်းထူးခြားနေပါလား ဇေယျာ၊ ဘယ်အချိန်ကမှ ကိုကို့ကို အရေးတယူ လုပ်လေ့မရှိတဲ့ ညီမလေးက ဘာစိတ်ကူးတွေ ပေါက်နေသလဲ မသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာ့အမူအရာတွေကတော့ တကယ့်ကို ရိုးစင်းနေသည်။ ပြဿနာဖြစ်မည့် အရိပ်အယောင်တို့ကို ဇေယျာ ကြိုမသိလား။

"ညီတို့ကိစ္စနဲ့ ပတ်သက်ပြီး သဇင်က ကိုကို့

အပေါ် အမြင်ကြည်လင်လာတာပဲနေမှာပေါ့၊

ကိုကို့စေတနာနဲ့ မေတ္တာတွေကို သူ နားလည်

လာပြီး အရေးတယူလုပ်ပြတာပေါ့ ကိုကိုရာ"

သဇင်မြင့်ဝေပြောခဲ့သော အထူးဧည့်သည်ဆိုသည့် စကားကိုသာ မကြားရပါက ဇေယျာကောက်ချက်ချသလိုမျိုး အပြည့်အဝ ခံစားမိမှာ သေချာသည်။

အခုတော့ စိတ်တထင့်ထင့် လူဘုံအလယ်သို့ဝင်ရောက်လာခဲ့ရ၏။

"ကိုကိုရောက်လာပါပြီ၊ ကျွန်မရဲ့ နှစ်ဆယ့်

လေးနှစ်မြောက်မွေးနေ့ပွဲကို ပျော်ပျော်ပါးပါး

နဲ့ စတင်လိုက်ကြရအောင်"

လက်ခုပ်သံတွေ ညံသွားသလို၊ မွေးနေ့ကိတ်လှီးဖြတ်ဖို့ ဓားကို သဇင်မြင့်ဝေ ကောက်ကိုင်လိုက်လေ၏။

သဇင်မြင့်ဝေအနားမှာ ရပ်နေသောသူနှင့် အကြည့်ချင်း ဆုံဖြစ်သည်။



နှစ်ဦးစလုံး အံ့ဩသင့်နေကြပြီး ဘာစကားမှ မပြောဆိုနိုင်ကြတော့ပေ။

ဒါဆိုရင်တော့ သဇင်မြင့်ဝေ ပြောခဲ့သော အထူးဧည့်သည်ဆိုသည်မှာ စန္ဒာငြိမ်းပင် ဖြစ်ရတော့မည်လေ။

"ကိုကို့ကို ညီမလေးရဲ့ အထူးဧည့်သည်နဲ့ မိတ်

ဆက်ပေးပါ့မယ်၊ သူက ညီမလေးရဲ့ အခင်ဆုံး

အချစ်ဆုံး သူငယ်ချင်း စန္ဒာငြိမ်းတဲ့ ကိုကို၊

စန္ဒာ . . . ဒါက သဇင့်ရဲ့ တစ်ဦးတည်းသော

မွေးစား ကိုကိုပဲလေ"

သူရော စန္ဒာငြိမ်းပါ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသလောက်ဖြစ်နေကြရ၏။

စန္ဒာငြိမ်းက သဇင်မြင့်ဝေရဲ့ အချစ်ဆုံးသူငယ်ချင်းတဲ့။

သူတို့နှစ်ယောက်စလုံး နှုတ်တွေ ဆွံ့အစွာဖြင့် အလိုက်အထိုက် အသိအမှတ်ပြုကြသော်လည်း မေးခွန်းတွေကတော့ ခေါင်းထဲမှာ ကိုယ်စီရှိနေကြသည်လေ။

❖

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာ . . . လွန်ခဲ့တဲ့ သဇင့်ရဲ့ ခုနစ်နှစ်မွေးနေ့ တုန်းက ကိုကိုတွေးကို မွေးနေ့လက်ဆောင် အဖြစ်နဲ့ ဒယ်ဒီက ပေးခဲ့တာလေ၊ အခု ကြည့် စမ်းပါဦး . . ကာယကံရှင်ကိုကိုကိုယ်တိုင် မထင်ထားတဲ့ အခြေအနေတွေကို ရောက်နေ ခဲ့ပြီ"

ဒီလိုမိတ်ဆက်စကားတွေအထိကတော့ သာမန်မျှသာ ဖြစ်နေသေး၏။

သိက္ခမ်းရင်းနှီးမြီးသားတွေကို ဖုံးဖိထားကြရင်းကပင် သူရော စန္ဒာငြိမ်းပါ မျက်စိမျက်နှာပျက်နေရ၏။

"သိလား စန္ဒာ . . အဲဒီတုန်းက ဒီမြက်ခင်းပေါ် မှာ သဇင့်ရဲ့မွေးနေ့လက်ဆောင်လေးက သဇင်ခိုင်းတာအားလုံး လုပ်ပြခဲ့ရတာ၊ ဘယ်လို မျိုးတွေ လုပ်ခိုင်းခဲ့သလဲဆိုတော့ ဒီမြက်ခင်း ပေါ်မှာ ဒိုက်ထိုးပြခိုင်း၊ ကင်းမြီးကောက် ထောင်ပြခိုင်းခဲ့တာလေ၊ ကိုကိုက ဒိုက်ထိုးတာ ရော၊ ကင်းမြီးကောက်ထောင်တာပါ အရမ်း ကြည့်လို့ ကောင်းတာပဲ စန္ဒာရယ်၊ အခုချိန်မှာ တော့ အောင်မြင်နေတဲ့ ကုမ္ပဏီပိုင်ရှင်ကြီး တစ်ယောက်ကို အဲဒီလိုမျိုး လုပ်ပြခိုင်းလိုက်



ရင် ဘယ်လောက်အရသာ ရှိ လိုက်မလဲ နော်၊ ဒါပေမဲ့ အခြေအနေအရ သဇင်က မခိုင်းရက်ပါဘူး၊ သဇင်ခိုင်းမယ်ဆိုရင်တော့ သဇင့်မွေးနေ့လက်ဆောင်အဖြစ် အပိုင်ရထား တဲ့ ကိုကိုက မငြင်းအဲလုပ်ပြမှာ၊ အဲဒီလောက် ထိ သဇင်က အနိုင်ရထားတာလေ"

မြောင်စရာနှောက်စရာအဖြစ် ပြောနေပေမယ့် သဇင် မြင့်ဝေ၏ စကားတွေက အတော်လေး တာသွား၏။

စန္ဒာငြိမ်းကတော့ ဘယ်လိုခံစားနေရမည်မသိပေ။

ကာယကံရှင် သူကိုယ်တိုင်ပင် နေရာမှ ထွက်ပြေးချင် စိတ်တွေ ပေါက်နေတော့၏။

"အဲဒါသာ ကြည့်တော့ . . . မစန္ဒာငြိမ်းရေ၊ မစန္ဒာငြိမ်းရဲ့သူငယ်ချင်း ဘယ်လောက်ဆိုး တယ်ဆိုတာကို လက်တွေ့မြင်ပြီ မဟုတ်လား၊ ကိုကို့ကို တောင် အရုပ်လေးတစ်ရုပ်လို သဘောထား ဆက်ဆံနေခဲ့တာလေ"

ဇေယျာကတော့ ဖြူစင်စွာပင် လူဘုံအလယ်မှာ သဇင် မြင့်ဝေအား ချီးကျူးပြနေသေး၏။

သဇင်မြင့်ဝေကတော့ ဦးစည်ချက်ရှိရှိဖြင့် စနစ်တကျ ပြင်ဆင်ပြီး သူနှင့်စန္ဒာငြိမ်းတို့ကြားကို ဝင်ရောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုက်ထိုးပြတာက အသေးအမွှားပဲ၊ ငယ်ငယ်ကတည်းက သဇင်စီးတဲ့ ဖိနပ်တွေအားလုံးကို စနစ်တကျဖြစ်အောင် သုတ်သင်ထိန်းသိမ်းပေးရတာပဲ၊ ကိုကို့မေတ္တာ စေတနာတွေကို မေ့မေ့လျော့လျော့ဖြစ်ခဲ့ပေမယ့် အခုချိန်ကျမှ အမြတ်တနိုး တန်ဖိုးထားတတ်ရမှန်း သိလာခဲ့ရတာလေ"

အမြင့်ဆုံးရောက်အောင် ပို့ပေးပြီးမှ ရိုက်ချပစ်လိုက်တာမှ ခံသာသေးသည် . . . ဟု ဆိုရပေမည်။

အခုတော့ အနိမ့်ဆုံးရောက်အောင် ရိုက်ချပြီးမှ မဆိုသလောက်လေးနှင့် နှစ်သိမ့်ပြနေ၏။

ဇေယျာသည်ပင် နေရင်းထိုင်ရင်းက အားနာစိတ်ဖြင့် မျက်စိမျက်နှာပျက် ဖြစ်လာရတော့၏။

သဇင်မြင့်ဝေ၏ နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့ပွဲကတော့ တော်တော်လေးကို အကျည်းတန်မှုများနှင့် အဆုံးသတ်သွားလေတော့၏။

■

၂၀။

ညှော်ခံပွဲပြီးသွားခဲ့ပေမယ့် သူနှင့် ဇေယျာတို့၏ ယမကာဝိုင်းကတော့ မိုးတလင်းနီးပါး ဖြစ်သွားခဲ့သည်။

စန္ဒာငြိမ်း ဘယ်လိုပြန်သွားသည်ကိုပင် ပြန်စဉ်းစားလို့ မမှတ်မိတော့ပေ။

ဇေယျာနှင့်တော့ စကားဖွေ တော်တော်ပြောဖြစ်ခဲ့သည်။

သဇင်မြင့်ဝေ၏ စကားတွေကို ဇေယျာလည်း မကျေနပ်။ နောက်သလိုလို အပျော်အပျက် ပြောသော်လည်း [illegible]ဂုဏ်သိက္ခာကို ထိပါးစေသည် . . . ဟု ဇေယျာ ဝေဖန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း စန္ဒာငြိမ်းနှင့် ပတ်သက်သည်များကိုလည်း အတော်လေး စုံစုံလင်လင် သိခွင့်ရခဲ့သည်။

သူနှင့်စန္ဒာငြိမ်းတို့ ပတ်သက်ခဲ့ခြင်းကိုတော့ ဇေယျာအား အသိမပေးဖြစ်ပေ။

"ဆရာ မလာတော့ဘူးတောင် ထင်နေကြတာ"

"ဟုတ်တယ်၊ အိပ်ရာထ အရမ်းကို နောက်ကျသွားတာ"

ကုမ္ပဏီသို့ ဝင်ဝင်ချင်းမှာပင် သူ့အောက်ဝန်ထမ်းလေးက ခရီးဦးကြိုပြုရင်း ပြောလာသည်။

အခန်းထဲသို့ ရောက်ခဲ့သည့်တိုင် စန္ဒာငြိမ်း၏အရိပ်အယောင်ကို မမြင်တွေ့ရပေ။

အလိုက်သိသော ဝန်ထမ်းလေးက သူ မမေးဘဲ စန္ဒာငြိမ်းနှင့် ပတ်သက်သည်များကို ပြောပြ၏။

"စောစောကတင် မစန္ဒာငြိမ်း ဖုန်းလှမ်းဆက်တယ်ဆရာ၊ ဆရာ့ဟန်းဖုန်းက ပိတ်ထားတယ်ထင်တယ်"

"ဟုတ်တယ် သူ ဘာပြောတာလဲ"

"သူ ဒီနေ့ နေမကောင်းလို့ အလုပ်မဆင်းနိုင်တဲ့အကြောင်း ပြောတာပါ ဆရာ"

အိပ်ရေးပျက်မှုရော၊ အရက်အရှိန်ရော ပေါင်းရုံမက



စိတ်ဖိစီးမှုများကြောင့်ပင် သူ ခေါင်းနောက်ချင်နေ၏။

ဝန်ထမ်းကောင်လေး ပြန်ထွက်သွားတော့ သူ့ဟန်းဖုန်းကို ဖွင့်ထားလိုက်သည်။

စန္ဒာငြိမ်းတစ်ယောက်လည်း သဇင်မြင့်ဝေ၏ စကားလုံးတွေ၊ အပြုအမူတွေကြောင့် ညတုန်းက အိပ်ရခဲ့မည် မထင်ပေ။

ဇေယျာ့စကားတွေ၊ သူကြုံခဲ့ရခြင်းတွေနှင့် ဆက်စပ်ကြည့်ပြီး သဇင်မြင့်ဝေ၏ သွေးရိုးသားရိုး မဆန်မှုများကို တွေးမရအောင် ဖြစ်နေမိသည်။

ဟန်းဖုန်းမြည်လာသောကြောင့် ကောက်ကိုင်လိုက် သည်။

"ဟဲလို"

"ကိုထွေးလား"

"ဟုတ်တယ် စန္ဒာ၊ စန္ဒာ နေမကောင်းဘူးဆို"

"ဆိုပါတော့ ကိုထွေး၊ ကိုထွေးအားရင် ထွက်ခဲ့ပါလား၊ ကိုထွေးနဲ့စန္ဒာ အေးအေးဆေးဆေး စကားပြောချင်တယ်၊ အပြင်တစ်နေရာရာမှာပဲ ပြောကြတာပေါ့၊ ရွှေတိဂုံဘုရားပေါ်ကအင်္ဂါထောင့်နားမှာ စန္ဒာစောင့်နေမယ်"

"ကောင်းပြီ စန္ဒာ၊ ကိုထွေးကလည်း စန္ဒာနဲ့စကားတွေ ပြောချင်နေတာ၊ ကိုထွေး အခုချက်ချင်း ထွက်လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာငြိမ်းနှင့် ဖုန်းအဆက်အသွယ်လုပ်ပြီး အပြင်ထွက်၍ ကြိုးစားလိုက်သည်။

သူ့ဟန်းဖုန်းကို ရုံးခန်းမှာထားခဲ့သလို ကားကိုလည်း ယူ မသွားခဲ့ပေ။ သူဘယ်ကို သွားမည်ဆိုတာကိုလည်း ကုမ္ပဏီမှ လူတွေကို မပြောထားခဲ့ပေ။

အငှားကားတစ်စီးကို တားပြီး ရွှေတိဂုံဘုရားသို့ ထွက်လာဖြစ်သည်။

❖

"မနေ့ညက ကိုထွေးကို တွေ့လိုက်ရတော့ အရမ်းအံ့ဩသွားတယ်၊ ကိုထွေးမှာ ညီမလေး ရှိတယ်ဆိုတာ သိထားပေမယ့် သဇင့်မှာ အစ်ကိုရှိတယ်ဆိုတာကို စန္ဒာ တကယ်မသိခဲ့ဘူး၊ သဇင့်ကို တစ်ဦးတည်းသော သမီး အနေနဲ့ သိကျွမ်းခဲ့တာပါ ကိုထွေး"

သူ့အဖို့မှာလည်း သူ့ဘဝအကြောင်းစုံကို ကြိုမပြောထားခဲ့၍ တာဝန်မကင်း . . . ဟု ခံစားမိပြန်၏။

"တကယ်တော့ ကိုထွေးဘဝဟာ သဇင်မြင့်ဝေ ပြောခဲ့သလိုပဲ တစ်ကောင်ကြွက်ပါ၊ သာမန်



ဆင်းရဲတဲ့ လယ်သမားမျိုးရိုးကပါ၊ မိခင်နဲ့ဖခင်တို့ ကားတိုက်မှုဖြစ်ပြီး ဆုံးသွားကြလို့ ဒယ်ဒီဦးမြင့်ဝေက မွေးစားခဲ့တာပါ၊ ဒီဘဝ ဒီအခြေအနေထိ ရောက်ခဲ့တာကလည်း ဒယ်ဒီဦးမြင့်ဝေနဲ့ သဇင်မြင့်ဝေတို့ရဲ့ ကျေးဇူးမကင်းပါဘူး စန္ဒာ"

"အဲဒီကိစ္စတွေအတွက် ကိုထွေး အားငယ်နေတာလားဟင်"

စာနာနစ်သိမ့် နားလည်တတ်သော ချစ်သူ၏ စကားကြောင့်ပင် စိတ်ပင်ပန်းနွမ်းနယ်မှုတွေ ပြေပျောက်သွားတော့သည်။

"တကယ်ဆို ကိုထွေးရဲ့ ဘဝမှန်ကို အစောကြီးကတည်းက စန္ဒာသိအောင် ကြိုပြောထားသင့်တယ်၊ တစ်နေ့နေ့မှာ ပြောဖို့တော့ စဉ်းစားပြီးသားပါ"

"အဲဒီကိစ္စတွေအတွက် ကိုထွေးမှာ အပြစ်မရှိပါဘူး၊ အားလုံးကို စနစ်တကျနဲ့စီစဉ်ခဲ့တဲ့ သဇင်မြင့်ဝေမှာသာ အပြစ်ရှိတာပါ၊ ညတုန်းက အရမ်းဝမ်းနည်းပြီး ခံပြင်းခဲ့ရတာ၊ သူ ဒီလောက်ထိတော့ ကိုထွေးအပေါ် ရော၊ စန္ဒာ့

www.burmeseclassic.com



အပေါ် ကိုပါ အနိုင်မယူသင့်ပါဘူး"

"စန္ဒာနဲ့သူငယ်ချင်းဆိုတာကို ကိုထွေး တကယ် မသိခဲ့တာ အခုတော့ အားလုံးဟာ စဉ်းစား စရာတွေ ဖြစ်ခဲ့ရတာပါ"

"ကိုထွေးရော စန္ဒာပါ မသိခဲ့ကြတာ၊ သဇင်က တော့ ခပ်စောစောကတည်းက ကိုထွေးနဲ့စန္ဒာ တို့ရဲ့ ပတ်သက်မှုကို သိခဲ့သလို ကိစ္စတော် တော်များများကိုလည်း ကြိုသိနေခဲ့တာပဲ ကိုထွေး"

စန္ဒာငြိမ်း ပြောလိုက်မှပင် ပိုပြီးတွေးစရာတွေ ဖြစ်နေ တော့၏။

ဒါဆိုရင်တော့ သဇင်မြင့်ဝေမှာ ရည်ရွယ်ချက်ကြီးကြီး မားမား ရှိနေခဲ့တာ သေချာနေပြီပဲ။

❖

"ဘယ်လို စန္ဒာ . . . သူက ကြိုသိနေတာ၊ ပြီး တော့ ကိုထွေးနဲ့ ပတ်သက်ပြီး စတွေ့ကတည်း က စန္ဒာ့စိတ်ခံစားမှုတွေအားလုံးကိုလည်း သူ သိနေခဲ့တယ်၊ စန္ဒာကလည်း ပြောပြဖြစ်ခဲ့



တယ်လေ၊ ကိုထွေး ချစ်ရေးမဆိုခင်ကရော၊ ချစ်ရေးဆိုပြီးမှရော စန္ဒာတို့ရဲ့ ဆက်ဆံရေးကို သူ သိနေခဲ့တာလေ"

စန္ဒာငြိမ်းပြောမှပင် ကျန်ခဲ့သောကိစ္စရပ်များတွင် သဇင် မြင့်ဝေ ပါဝင်ပတ်သက်ခဲ့သည်များကို ဆက်စပ်ယူလို့ ရသွားတော့ သည်။

"ဟုတ်ပြီ . . . စန္ဒာ မှတ်မိသေးလား၊ ကိုထွေး တို့ ရုပ်ရှင်ကြည့်တုန်းကလေ၊ ဘုရားပေါ်မှာ ဖုန်းလှမ်းဆက်ခေါ်တာ ဒယ်ဒီလို့ ကိုထွေး ညာခဲ့မိတယ်၊ တကယ်တော့ သဇင်မြင့်ဝေ ဆက်တာပဲ၊ ကိုထွေးတို့ ရုပ်ရှင်ကြည့်ကြမှာကို သူသိနေခဲ့တာပေါ့နော်"

"ဟုတ်တယ်၊ စန္ဒာကလည်း ကိုထွေးနဲ့ပတ် သက်တာတွေကို သဘောရိုးနဲ့ ပြောပြခဲ့မိ တယ်၊ စန္ဒာထင်တာ သေချာသလောက်ပဲ၊ ကိုထွေးကျောင်းကို ဝင်ခေါ်တဲ့နေ့တုန်းက သဇင်မြင့်ဝေ မြင်သွား တွေ့သွားတာ ဖြစ်ရ မယ်"

"ဒါကြောင့်ကိုး၊ အဲဒီနေ့က အဲဒီရုံမှာပဲ သုံးနာရီ ခွဲပွဲကို ကိုထွေး လိုက်ပြပေးရတယ်လေ၊ ဒါဆို

www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနဲ့ သဇင် တမင်လုပ်ခဲ့တာပေါ့"

"ဟုတ်တယ် ကိုထွေး၊ စန္ဒာက ကိုထွေးအပေါ် အရမ်းဂရုစိုက်ပြီး ကြင်နာမှုတွေအကြောင်းကို သူသိရတော့ သူ့ရဲ့ မုဒိတာပွားနိုင်မှုက လိုက်နှောင့်ယှက်တာပဲနေမှာပေါ့"

"ဒါဆို စန္ဒာတို့အမျိုး အလှူသွားခဲ့တုန်းကလည်း ကိုထွေးတို့ အတူသွားတာ သူသိနေမှာပေါ့"

စန္ဒာငြိမ်း ခေါင်းညိတ်ပြလေ၏။

သူ့အနေနှင့် ညတုန်းက ပြောခဲ့ဆိုခဲ့ခြင်းတွေကို အသေအချာ ကောက်ချက်ချသွားလို့ ရသွားခဲ့၏။

"ညီမလေးက ကိုထွေး ထင်ထားတာထက် ကြောက်ဖို့ ကောင်းနေပါလား၊ ကိုထွေးကို ဘာကြောင့်များ ကာလတစ်လျှောက်လုံး အာဃာတကြီးနေပါလိမ့်"

"အရင်အချိန် အရင်အဖြစ်အပျက်တွေတုန်းက အာဃာတ,တရားက အဓိက,ကျရင်ကျလိမ့်မယ် ကိုထွေး၊ စန္ဒာနဲ့ပတ်သက်တဲ့ကိစ္စမှာတော့ ကိုထွေး တွေးမိတာထက် ပိုတဲ့ကိစ္စတွေပါ, ပါနေတယ်"



စန္ဒာငြိမ်း၏စကားက အထူးအဆန်း။

သဇင်မြင့်ဝေက ဘာတွေများ သူ့အပေါ် အငြိုးကြီးနေပါလိမ့်။

❖

"ဘာကိစ္စတွေလဲ စန္ဒာ၊ ကိုထွေး မသိရဘူးလား၊ စန္ဒာ့ကိုတော့ သူပြောပြမှာပေါ့"

"ပြောပြတာပေါ့ ကိုထွေးရာ၊ ကိုဇေယျာနဲ့ လက်ထပ်ဖို့ ရှိပါလျက်နဲ့ ဘာကြောင့် စိတ်ဝင်တစား မဖြစ်သလဲလို့ ကိုထွေးသိလား၊ဇေယျာ့ကို သူ အရင်ကတည်းက တကယ်မချစ်ခဲ့လို့ပဲ၊ သိပ်မကြာခင်မှာပဲ သူ ချစ်နေ သံယောဇဉ်ဖြစ်နေတဲ့ သူတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရတယ်၊ အဲဒါ ဘယ်သူလဲဆိုတော့ ကိုထွေးကိုယ်တိုင်ပဲ၊ သူက ကိုထွေးကို နာမည်တပ်မပြောခဲ့ပေမယ့် ကိုထွေးနဲ့ ဆုံကြတဲ့အခါမှာတော့ အခြေအနေအရပ်ရပ်ကို စန္ဒာ နားလည်လိုက်ရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ ဒီစကားက သူပြောခဲ့တာယ် ဆိုရင်တောင်မှ ကိုထွေးနဲ့စန္ဒာတို့ရဲ့ ချစ်ခြင်းကို ပျက်ရာပျက်စီးကြောင်းဖြစ်အောင် လိမ်လည်ပြီး ပြောခဲ့တာပဲ"

"လိမ်ပဲပြောပြော၊ အဟုတ်ပဲပြောပြော ကိုထွေး၊ ဒီကိစ္စကို စန္ဒာအရမ်းသိချင်တယ်၊ သဇင်မြင့်ဝေ ကိုယ်တိုင်ကတကယ်စိတ် ပြောင်းပြီး ချစ်သွားခဲ့တာဆိုရင်ရော ကိုထွေး ဘယ်လို ဖြေမလဲဟင်"

ဇာတ်လမ်းကတော့ ရှင်းလေ ပိုရှုပ်လာလေဖြစ်၏။ အတော်လေးသိမ်မွေ့သော တိုက်ပွဲတစ်ခုကို ရင်ဆိုင်နေရလေ၏။

သူ့သဘောထားကို ပြတ်ပြတ်သားသားပင် ပြောပြလိုက်မိသည်။

"ရှင်းပါတယ် စန္ဒာ၊ ကိုထွေးက ညီမလေး အပေါ်မှာ တကယ့်ညီမလေးတစ်ယောက်လိုပဲ ဟိုးငယ်ငယ်ကတည်းက အနွံတာခံခဲ့တာပါ။ ကိုထွေး စိတ်ထဲမှာ ဖောက်လွဲဖောက်ပြန် တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး၊ ကိုထွေးချစ်တာဟာ စန္ဒာပဲ၊ ကိုထွေး ဘဝမှာ အလိုအပ်ဆုံးသူဟာလည်း . . . စန္ဒာ တစ်ယောက်တည်း ရှိနေတာပါ"



"ကောင်းပြီ ကိုထွေး၊ သဇင်မြင့်ဝေသာ စန္ဒာတို့ နှစ်ယောက်ကြားထဲကို ဒီလိုပုံစံနဲ့ ဝင်မလာဖြစ်ဘူးဆိုရင် စန္ဒာ့အဖြေကို ကြားရဖို့ အချိန်ထပ်စောင့်ရင် စောင့်နေရလိမ့်မယ်၊ ကိုထွေးနဲ့ စန္ဒာက အခုမှဆုံကြရတယ်ဆိုပေမယ့် ကုမ္ပဏီပိုင်ရှင် ကိုကိုထွေးကို စိတ်ဝင်စားခဲ့တာမှ မဟုတ်ဘဲ၊ ကိုကိုထွေးရဲ့ အတိတ်ပစ္စုပ္ပန် အနာဂတ် သုံးပါးစလုံးကို စိတ်ဝင်စားခဲ့တဲ့သူပါ။ စန္ဒာ ကိုထွေးကို ချစ်ပါတယ်၊ သဇင်မြင့်ဝေ ဘယ်လိုပဲ တားဆီးတားဆီး ကိုထွေးဟာ စန္ဒာ့အတွက်ပဲ ဖြစ်စေရမယ်"

ဘာပြဿနာမှ ရှိမနေခဲ့ရင်တော့ အတော်ပျော်စရာကောင်းမှာ သေချာ၏။ စိတ်လွတ်လပ်မှုတွေ မရှိသည့်အခြေအနေမှာပင် သူ့ပျော်ရွှင်ခြင်းက အမည်တပ်လို့ မရနိုင်လောက်အောင် ဖြစ်ခဲ့ရလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄လေး)

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းပြန်တွေးကြည့်ရင်တော့ ရင်ဖိုစရာကောင်းခဲ့တာ အမှန်ပင်ဖြစ်၏။

စန္ဒာငြိမ်းထံမှ အဖြေရပြီး နေ့မကူးခင်မှာပင် သဇင်မြင့်ဝေနှင့် ဆုံဖြစ်ကြ၏။

သူက ပေါက်ကွဲသလို၊ သဇင်မြင့်ဝေကလည်း ပေါက်ကွဲထွက်ကုန်ကြ၏။

သဇင်မြင့်ဝေ စိတ်ခံစားမှုကို နားလည်ပြီး ကြောက်ရွံ့လာသောကြောင့် သူ သွေးအေးအေး ဆုံးဖြတ်ရတော့၏။

သဇင်မြင့်ဝေ ဖြစ်စေချင်သော ဘဝမျိုးကို သူ လုံးဝ မပေးဆပ်နိုင်ပေ။

ပထမဆုံး သူ့ချစ်သူ စန္ဒာငြိမ်း၏မျက်နှာကို ဖျောက်ထားရမည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ထောက်ထားရမည်က ဒယ်ဒီဦးမြင့်ဝေပင်။

တတိယမြောက်လူကတော့ သဇင်မြင့်ဝေကို တကယ် မြတ်နိုးခဲ့သော လက်ထပ်ဖို့ ပြင်ဆင်ပြီးနေခဲ့သော ဇေယျာပင် ဖြစ်လေ၏။

သူအပါအဝင် . . . အားလုံးအတွက် သဇင်မြင့်ဝေ တစ်ယောက်တည်းကို မသနားသင့် . . . ဟု ဆုံးဖြတ်မိသည်။

ဒီဆုံးဖြတ်ချက်ကြောင့်ပင် အားလုံးမသိအောင် စန္ဒာငြိမ်းကို တရားရုံးမှာ လက်ထပ်ပြီး သူ့မွေးရပ်မြေရွာလေးဆီသို့ ထွက်လာခဲ့ခြင်း ဖြစ်၏။

❖

"ကိုထွေး သက်ရောသက်သာရဲ့လား၊ လာကြည့်တဲ့ ဆရာဝန်ကတော့ ကျောင်းဖွင့်ပွဲကို မလိုက်နိုင်ဘူး"

"ကိုထွေး လိုက်ချင်တယ် စန္ဒာ၊ ဒီကျောင်းက မူလတန်းတုန်းက ကိုထွေးနေခဲ့တဲ့ကျောင်းလေ၊ ဒါကြောင့်ပဲ ကိုထွေး စုထားတဲ့ပိုက်ဆံတွေနဲ့ ပြန်ပြင်ဆောက်ပေးဖို့ ဖြစ်ခဲ့တာ"

ပြောရရင်တော့ သူနှင့်စန္ဒာငြိမ်းတို့၏ ဟန်းနီးမွန်းခရီးက လုံးဝပြည့်စုံခြင်းမရှိခဲ့ပေ။

BURMESE CLASSIC .com



သူ့ဇာတိရွာလေးမှာ နေရေးထိုင်ရေး အခက်အခဲရှိသောကြောင့် ရွာနှင့်အလှမ်းဝေးသော မြို့ပေါ်တည်းခိုခန်းမှာပင် သူနှင့် စန္ဒာငြိမ်းတို့ တည်းခိုခဲ့ကြ၏။

တည်းခိုခန်းကို ရောက်သည်နှင့် သူ စိတ်လျှော့လိုက်လို့လားမသိ . . . လူမှန်းသူမှန်း မသိအောင် အပြင်းဖျားတော့သည်။

"ကားအဆင်သင့်ဖြစ်ပြီ ကိုထွေး၊ ကိုထွေး ဒီမှာပဲ နားနားနေနေ နေခဲ့ပါ၊ ကိုထွေးနဲ့ စန္ဒာတို့က နှစ်ကိုယ့်တစ်စိတ်ပဲဆို၊ စန္ဒာ ဒီပွဲကို တက်ကတည်းက ကိုထွေးကိုယ်တိုင် တက်သလိုပဲပေါ့ ကိုထွေးရယ်"

လိုက်ချင်စိတ်သာ ရှိသော်လည်း အဖျားဒဏ်ကြောင့် သူ ခေါင်းမထောင်ချင်ခဲ့ပေ။

နောက်ဆုံးမှာတော့ သူနာပြုဆရာမလေး၏ပြုစုစောင့်ရှောက်မှုကိုခံရင်း သူ ကျန်ရစ်နေခဲ့ရသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးအရှိန်တွေကြောင့် သူ မေ့ခနဲ အိပ်ပျော်သွားခိုက်မှာ အိပ်မက်မက်လေ၏။

အိပ်မက်ထဲမှာ ကျောင်းသစ်ဖွင့်ပွဲကို သဇင်မြင့်ဝေနှင့် အတူတူ ဖဲကြိုးဖြတ်ပြီး ဖွင့်ရသည် . . . ဟု မြင်မက်မိသည်။

အိပ်မက်ထဲမှာ စန္ဒာငြိမ်းကို ရှာမတွေ့ပေ။

သဇင်မြင့်ဝေ၏ အဝတ်အစားများက သစ်လွင်တောက်ပနေသော်လည်း မျက်နှာကတော့ အတော်လေး ညှိုးနွမ်းလို့နေ၏။

အိပ်မက်ကြောင့်ပင် ကတုန်ကယင်ဖြစ်သောကြောင့် သူနာပြုဆရာမလေးအား ရင်ငြိမ်သွားအောင် ဖျော်ရည်တိုက်ခိုင်းရသေး၏။

ကျောင်းဖွင့်ပွဲပြီးသွားလို့ စန္ဒာငြိမ်း ပြန်ရောက်လာသောအခါမှ သူနာပြုဆရာမလေး အနားမှ ထွက်သွား၏။

"အဆင်ပြေရဲ့လား စန္ဒာ၊ ခရီး အရမ်းပန်းလို့ များလား၊ စန္ဒာမျက်နှာလည်း မကောင်းပါလား"

သူ့ကို နှိပ်စက်ခဲ့သော အဖျားဝေဒနာက အတော်လေးတော့ လျော့သွားခဲ့ပြီ ဖြစ်၏။

စန္ဒာငြိမ်း၏လက်များကို ဆုပ်ကိုင်ရင်းကပင် ဘာတွေဖြစ်ပျက်ခဲ့သည်ကို စိုးရိမ်တကြီး မေးလိုက်မိသည်ပဲ။



"ကျောင်းဖွင့်ပွဲက အစစအရာရာ အဆင်ပြေပါတယ် ကိုထွေး၊ ဒါပေမဲ့ . . ."

စကားဆက်မပြောနိုင်လောက်အောင်ပင် စန္ဒာငြိမ်းမျက်နှာလေး ညှိုးကျသွားလေ၏။

"ဒါပေမဲ့ ဘာဖြစ်လို့လဲ စန္ဒာ"

"မပြောလို့လည်း မဖြစ်ဘူး၊ ကိုထွေး သက်သာတယ်ဆိုရင်တော့ စန္ဒာတို့ ရန်ကုန်ကို အားချင်းပြန်မှ ဖြစ်တော့မယ်"

"ဘာဖြစ်လို့ ရန်ကုန်ပြန်ရမှာလဲ၊ ဒီမှာ အေးအေးဆေးဆေးနေမှာလေ၊ ညီမလေးတို့ လက်ထပ်ပွဲနေ့မှ ရန်ကုန်ပြန်မယ်လို့ စီစဉ်ထားပြီးသား မဟုတ်ဘူးလား စန္ဒာရယ်"

"ပြန်ကြမှဖြစ်မယ် ကိုထွေးရယ်"

"ဘာလို့ပြန်ရမှာလဲ၊ ရန်ကုန်မှာ ဘာတွေဖြစ်နေလို့လဲ စန္ဒာ"

ဝမ်းနည်းခြင်းဒဏ်ရာဒဏ်ချက်ကြောင့်ပင် စန္ဒာငြိမ်း မျက်ဝန်းမှ မျက်ရည်များ လိမ့်ဆင်းလာတော့သည်။

"သိပ်မကြာသေးခင်ကပဲ စန္ဒာ့အိမ်ကို ဖုန်းဆက်ဖြစ်တယ် ကိုထွေး၊ စန္ဒာ့မောင်လေးနဲ့ စကား ပြောဖြစ်ကြတယ်၊ မနေ့ကပဲ သဇင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဝေ ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးသွားရှာပြီ တဲ့ ကိုထွေး”

“ဘာရယ် . . . ညီမလေး ဆုံးပြီဟုတ်လား”

“ဟုတ်တယ် ကိုထွေး၊ စန္ဒာတို့ ရန်ကုန်ကို အားချင်းပြန်မှ ဖြစ်တော့မယ်”

မထင်မှတ်ထားသောအရာတွေ တစ်ခုပြီးတစ်ခု ဖြစ်ခဲ့ရသည်။ ဒီတစ်ခါ အဖြစ်အပျက်ကတော့ စိတ်မကောင်းစရာပင်။

သူ့ဘဝမှာလည်း လွယ်လွယ်ကူကူဖြင့် မေ့ပျောက်နိုင်စွမ်း ရှိမည်မဟုတ်သော အိပ်မက်ဆိုးကြီးတစ်ခုပါပဲ။

❖

သူတို့ထွက်သွားကြတာကို သဇင်မြင့်ဝေ သိတာနဲ့ ကားတစ်စီးကို မောင်းပြီး လိုက်ရှာတာဖြစ်မည်။

သူတို့ရွာလေးမှာ ကျောင်းဆောက်တဲ့ကိစ္စကို သူပြောလို့ရော၊ စန္ဒာငြိမ်း ပြောပြလို့ပါ သဇင်မြင့်ဝေ သိထားသည်ပဲ။

သူနဲ့စန္ဒာငြိမ်းတို့ အဲဒီရွာလေးကို သွားကြမှာ တွက်ပြီး နောက်က လိုက်တာနေမှာပဲလေ။

ကားကိုကျင်လည်စွာ မမောင်းတတ်။ ပြီးတော့ အဝေးပြေးလမ်းရဲ့အထာကို မကျွမ်းလေတော့ ဦးတည်မောင်းလာတဲ့



ကုန်တင်ကားနဲ့ အရှိန်မြင်းစွာ ဝင်ဆောင့် ...။

အတွေးတို့က နှလုံးသားကို ပူလောင်ကျွမ်းမြိုက်စေတော့သည်။

ဘဝမှာ အချစ်ထက်အရေးကြီးသော စောင့်စီးခြင်းဖြင့် ထိန်းချုပ်ကာ အသားသေနေပြီထင်ရတော့ နှလုံးသား၊ အခုတော့ အဆိပ်လူး မြားအစင်းစင်း ခပြီပဲ။

တစ်စစီပြိုကွဲသွားသည့် နှလုံးသားမှ သွေးစက်တို့ မျက်ရည်အဖြစ်ပါးပြင်ပေါ် စီးကျလေပြီ။

စောင့်စည်းခြင်းဟာလည်း အချစ်ပါပဲ...ညီမလေးရယ်။

BURMESE CLASSIC .com

မောင်စိန်ဝင်း (ပုတီးကုန်း)

www.burmeseclassic.com